# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

**အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။**

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 20 October 2021 ၁၀၅၃၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီး ၁၁၀၀၀ ထွန်းညှိပူဇော်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၃ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အကြို (အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီး ၁၁၀၀၀ ထွန်းညှိပူဇော် ဆက်ကပ်ပွဲကို ယနေ့ညပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပသည်။

**ထွန်းညှိပူဇော်**

ဆီမီးပူဇော်ပွဲတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကရုံးဝန်ထမ်းများက အများပြည်သူများ လှူဒါန်းထားသည့် ဆီမီး ၁၁၀၀၀ ကို ရွှေတိဂုံစေတီတော်ရင်ပြင်ပတ်ပတ်လည်ရှိ ဆီမီးခုံများ၌ ထွန်းညှိပူဇော်ဆက်ကပ် လှူဒါန်းကြသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ဇော်မင်းလတ်(MNA)**



ရွှေတိဂုံစေတီတော် ရင်ပြင်၌ ဆီမီး ၁၁၀၀၀ ထွန်းညှိပူဇော်ကြစဉ်။

# စစ်ကိုင်းမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ပြည်သူ ၂၅၀၀ ကျော်ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**စစ်ကိုင်း အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ သံဃာတော်များ၊ အသက် ၅၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၂၅၀၀ ကျော်ကို ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း စစ်ကိုင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

စစ်ကိုင်းမြို့၌ နံနက်ပိုင်းမှစတင်ပြီး မြို့ပေါ် စုရပ်နေရာ နှစ်ခုနှင့် ကျေးရွာ လေးရွာတို့တွင် သံဃာတော်များ၊ ဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၂၅၆၀ ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ခြင်းဖြစ်သည်။

"စစ်ကိုင်းမြို့နယ်အတွင်းမှာ ဒီနေ့ မြို့တော်ခန်းမ၊ သီတဂူသံဃာ့ဆေးရုံတို့မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပါတယ်။ အုန်းတော၊ ရွာသစ်ကြီး၊ ညောင်ပင်ဝန်းနဲ့ ဆားတောင်ကျေးရွာတို့မှာ မိုဘိုင်းအဖွဲ့နဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁


ကြေးမုံ **ယနေ့ ဖတ်စရာ**

**ပွဲတင်သံများ** ဆောင်းပါး စာမျက်နှာ » ၆

**အကျပ်အတည်းကြားမှာ ခြိုးခြံပါ၊ ချွေတာပါ၊ ရှောင့်ရဲပါ** ဆောင်းပါး စာမျက်နှာ » ၁၈




**ယဉ်ကျေးလိမ္မာ စာပဒေသာ** စာမျက်နှာ » ၂၀၊ ၂၁

ကြေးမုံ

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

ယနေ့သည် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်အပေါင်းတို့အတွက် နေ့ထူးနေ့မြတ်နေ့တစ်နေ့ဖြစ်ပြီး ထိုနေ့တွင် အများအားဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပခြင်း၊ ဘုရား၊ တရား၊ သံဃာ၊ မိဘဆရာသမားများအား ပူဇော်ကန်တော့ခြင်းနှင့် ပွဲလမ်းသဘင်များပြုလုပ်ကြသည်။ အမှန်တကယ်တွင် သီတင်းကျွတ်လပြည့်နေ့၏ ထူးကဲမွန်မြတ်သောအနှစ်သာရနှင့် ဂုဏ်ထူးဝိသေသများကို သိရှိနားလည်ရန် လိုအပ်ပါသည်။

သီတင်းကျွတ်လပြည့်နေ့၏ ထူးခြားသော ဂုဏ်ထူးဝိသေသမှာ မြတ်စွာဘုရားရှင်သည် ခုနစ်ဝါမြောက်ဝါကို တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူစဉ် သန္တုသိတအမည်ရသော မယ်တော်မိနတ်သား အမှူးပြုသည့် နတ်ဗြဟ္မာတို့ကို အဘိဓမ္မာတရားမြတ်အား ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့သည်။ အဘိဓမ္မာဆိုသည်မှာ လွန်ကဲသာလွန်သောတရား၊ ထူးကဲသောတရားဖြစ်သည်။ အလွန်ကျယ်ဝန်းနက်နဲသည့်တရား၊ ထူးခြားဆန်းကြယ်သည့်တရား၊ အလုံးစုံသောတရားအပေါင်းတို့၏ အဆီအနှစ်ပေါင်းချုပ်ဖြစ်သည်။ အဘိဓမ္မာဒေသနာတော်သည် ပညာကိုပြဋ္ဌာန်းပြီး နတ်တို့ကို ဝါတွင်းသုံးလပတ်လုံး မရပ်မနားကြာမြင့်စွာ ဟောကြားခဲ့သောတရားဖြစ်သည်။

အဘိဓမ္မာတရားတော်သည် သန္တုသိတ မယ်တော်မိနတ်သားအား ဟောကြားသည့် ကျေးဇူးဆပ်တရားဖြစ်ခြင်း၊ တာဝတိံသာနတ်ပြည်၌ နတ်တို့ကို ဟောကြားသောတရားတော်ဖြစ်ခြင်း၊ ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူသော တရားဖြစ်ခြင်း၊ ပကတိဘုရားရှင်နှင့် နိမ္မိတဘုရားရှင်တို့ တစ်လှည့်စီဟောကြားတော်မူသောတရားဖြစ်ခြင်းဟူသည့် လွန်ကဲထူးမြတ်ခြင်းနှင့် ပြည့်စုံတော်မူ၏။ ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားကို ဟောကြားပြီးမြောက်ခဲ့သည်။ ယင်းကိုရည်စူးပြီး အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရားကို ဟောကြားပြီးမြောက်တော်မူသည့် သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှ လူ့ပြည် သင်္ကဿနဂိုရ်ပြည်သို့ သိကြားမင်း ဖန်ဆင်းပူဇော်ပေးထားသည့် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းသုံးသွယ်ဖြင့် ကြွမြန်းတော်မူသည်။ နတ်ဗြဟ္မာများခြံရံလျက် စောင်းတန်းသုံးသွယ်မှ ကြွမြန်းတော်မူရာတွင် မြတ်စွာဘုရားရှင်၏ ရောင်ခြည်တော်ခြောက်သွယ်နှင့်အတူ ရွှေ၊ ငွေ၊ ပတ္တမြားအရောင်များ တလက်လက်တောက်ပြောင်၊ ထိန်ထိန်ညီး၊ ဝင်းလက်တောက်ပနေသည်။ လူ့ပြည်သို့ ကြွမြန်းလာသော မြတ်စွာဘုရားရှင်ကို သင်္ကဿနဂိုရ်ပြည်မှ မင်းနှင့်ရဟန်း၊ ရှင်လူပြည်သူအပေါင်းတို့က ကြည်နူးမဆုံး၊ ကြည်ညိုမဆုံး ဆီမီးနံ့သာအပေါင်းတို့ဖြင့် ဖူးမြော်ကြည်ညိုပူဇော်ကြသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ယင်းသို့ မြတ်စွာဘုရားရှင်အား ဆီမီးနံ့သာအပေါင်းတို့ဖြင့် ထွန်းညှိပူဇော်သည်ကို အကြောင်းပြု၍ နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့သို့ရောက်တိုင်း သီတင်းကျွတ်မီးထွန်းပွဲတော်ဟူ၍ ဖြစ်လာခဲ့သည်။ သီတင်းကျွတ်လပြည့်နေ့၏ အနှစ်သာရမှာ အဘိဓမ္မာဒေသနာတော်ကို ကြားနာရသူအပေါင်းတို့ ကျွတ်တမ်းဝင်နိုင်ကြခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင်က အဘိဓမ္မာဒေသနာတော်ကို နတ်ဗြဟ္မာများအား ဟောကြားတော်မူပြီးနောက် ရှင်သာရိပုတ္တရာကို အကျဉ်းချုပ် ပြန်လည်ဟောကြားခဲ့သည်။ ရှင်သာရိပုတ္တရာက တစ်ဆင့်ဆောင်ယူပြီး တပည့်ဖြစ်သည့် ရဟန်းတော်ငါးရာကို ဟောကြားခဲ့သည်။ ရဟန်းတော်ငါးရာက ဆက်လက်လက်ဆင့်ကမ်းပြီး တပည့်အဆက်ဆက် ဆောင်ကြဉ်းလာခဲ့ရာ ဗုဒ္ဓသာသနာတော်သည် နှစ်ပေါင်း ၂၅၀၀ ကျော်အောင် ယနေ့ထက်တိုင် ထွန်းလင်းတောက်ပနေလျက်ရှိသည်။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ဒုက္ခဆင်းရဲမှ လွတ်မြောက်ကြောင်း နည်းကောင်းလမ်းမှန် ညွှန်ပြပေးလျက်ရှိသည်။

သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကတ်သုံးဖြာ တရားရတနာကို နှစ်အရှည်ကြာတည်တံ့ခိုင်မြဲရန် ရည်မြော်လျက် သာသနာပြုမင်းတို့သည် ပိဋကတ်သုံးပုံဆောင် မဟာထေရ်မြတ်ကြီးများအား ချီးမြှောက်လျက် ကြီးကျယ်သော ဓမ္မသဘင်ကြီးများကို ကျင်းပနိုင်ခဲ့သည်။ တရားဓမ္မတို့သည် လောကလူသားကောင်းကျိုးများ ဆောင်ကြဉ်းပေးလျက်ရှိသည်။ လောကငြိမ်းချမ်းသာယာရေးကို တွန်းအားပေးလျက်ရှိသည်။ ယုတ်စွအဆုံး လောကလူသားများ ဒုက္ခဆင်းရဲအပေါင်းမှ လွတ်ကင်းချုပ်ငြိမ်းသည့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရှိရေးအထိတိုင် လမ်းညွှန်ပြပေးလျက်ရှိသည်။ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဒုက္ခဆင်းရဲမှ လွတ်ကင်းအောင် ကျင့်ကြံအားထုတ်သင့်သည်။

သို့ဖြစ်ရာ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့သည် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ သီတင်းကျွတ် ဆီမီးပူဇော်ခြင်း၊ မိဘဆရာသမားများအား ပူဇော်ကန်တော့ခြင်းထက် ပိုလွန်ကဲသည့် လောကကောင်းကျိုးများကို ဆောင်ကြဉ်းသည့်၊ ဒုက္ခဆင်းရဲအပေါင်းမှ လွန်မြောက်သည့်၊ သာလွန်ထူးမြတ်လွန်ကဲသည့် အဘိဓမ္မာတရားတော်ကို ဟောကြားပြီးဆုံးခြင်းနေ့ဖြစ်ရာ မြတ်စွာဘုရားရှင် ဟောကြားခဲ့သည့် တရားတော်နှင့်အညီ ကျင့်ကြံပွားများအားထုတ်ကြရန် လိုရင်းဖြစ်ပါကြောင်း။ ။

# ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းပေးလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ ကုမ္ပဏီ လေးခုမှ ယာဉ်စီးရေ ရှစ်စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီး (တန် ၂၀)၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက် ရှစ်ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ အစုံ ၃၈၇၀၀ နှင့် နှာခေါင်းစည်း ၃၉ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီမှ ရန်ကုန်သို့ ဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက် ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၉-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Anti-inflammatory** | | | | |
| 1 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 2 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 3 | Injection- Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 4 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 5 | Injection - Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 6 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 7 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 8 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 9 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 10 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ စစ်ဆေးထုတ်ပေး

**နေပြည်တော် အောက်တိုဘာ ၁၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ Digital Blood Pressure Monitor ၁၆၀၁၅ ခု၊ အောက်ဆီဂျင်ထုတ်သည့်စက် ရှစ်ခု၊ ဆေးဝါးမျိုးစုံငါးမျိုး (၈၉၈၀၄ ဒသမ ၃၅ ကီလိုဂရမ်)၊ နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ သုံးခုတို့မှ နှာခေါင်းစည်း ၃၅၈၄၇ ကီလိုဂရမ်၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ အစုံ ၃၈၇၀၀၊ အောက်ဆီဂျင်အရည် ၁၅၃၂၃ ကုဗမီတာ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - | ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ |
| | | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁









ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဆီမီး ၁၁၀၀၀ ထွန်းညှိပူဇော်မှုပုံရိပ်များကို တွေ့ရစဉ်။ *(သတင်း– ရွှေဖုံး)*

ဓာတ်ပုံ – ဇော်မင်းလတ် (MNA)

❁ ရွှေဖုံးမှ

စစ်ကိုင်းမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမှုအနေဖြင့် သီတဂူ သံဃာ့ဆေးရုံတွင် ၅၈၅ ဦးကို လည်းကောင်း၊ မြို့တော်ခန်းမတွင် ၆၈၅ ဦးကို လည်းကောင်း၊ အုန်းတော အခြေခံပညာအထက်တန်းကျောင်းတွင် ၃၄၀ ကို လည်းကောင်း၊ ရွာသစ်ကြီး သံဃာ့ဆေးရုံတွင် ၂၇၅ ဦးကို လည်းကောင်း၊ ညောင်ပင်ဝန်း အခြေခံပညာအထက်တန်းကျောင်းတွင် ၃၃၅ ဦးကို လည်းကောင်း၊ ဆားတောင်အခြေခံ ပညာအထက်တန်းကျောင်းတွင် ၃၄၀ ကိုလည်းကောင်း စုစုပေါင်း ၂၅၆၀ ကို ထိုးနှံပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးမှုအခြေအနေများကို ခရိုင်နှင့် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ကာကွယ် ဆေးထိုးရန် ကျန်ရှိနေသည့် သံဃာတော်၊ သီလရှင်များ၊ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများကိုလည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



**စစ်ကိုင်းမြို့သီတဂူသံဃာ့ဆေးရုံ၌ သံဃာတော်များနှင့် သီလရှင်များအား ကိုဗစ် –၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။**



## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးရုံးခန်းသစ်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးရုံးခန်းသစ် ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ရွှေတိဂုံ စေတီတော်မြောက်ဘက်မုခ် ပရဝဏ်အတွင်းရှိ ဝိုင်အမ်ဘီအေဓမ္မာရုံတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

ရုံးခန်းသစ်အား မင်္ဂလာအချိန်တွင် ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ် (YMBA) ဥက္ကဋ္ဌ ဦးရဲထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရုံးခန်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်း ပေးကြသည်။ ထို့နောက် ဗုဒ္ဓပူဇနိယပွဲတော်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ အလှူရှင် များ၏ လှူဒါန်းမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်ဥက္ကဋ္ဌ ဦးရဲထွန်းတို့က လက်ခံရယူပေးကြပြီး အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ် ၄၄၅ သိန်း ဖြစ်ကြောင်း သိရသည်။

ယင်းနောက် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်းချုပ် (YMBA) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်မင်းကျော်သူက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

# မြို့ပြနှင့်ကျေးလက်ဒေသများအကြား၊ တိုင်းဒေသကြီးများနှင့်ပြည်နယ်များအကြား ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရေး အလေးပေးဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၉**

2021 Global Rural Development Forum ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ The National Rural Revitalization Administration က အိမ်ရှင်အဖြစ်လက်ခံ၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးချုပ် H.E. Hu Chunhua က အဖွင့်မိန့်ခွန်း ပြောကြားပြီး ဥဇဘက်ကစ္စတန်နိုင်ငံမှ ဒုတိယဝန်ကြီးချုပ် H.E. Jamshid Kuchkarov၊ FAO ညွှန်ကြားရေးမှူးချုပ် Dr. Qu Dongyu ၊ အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျေးလက်ဖွံ့ဖြိုးရေးနှင့် ပြန်လည်ဆန်းသစ်ရေးစီမံခန့်ခွဲမှုအဖွဲ့မှ Administrator တို့က ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ မြှင့်တင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များပြည့်မီစေရေး ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များချမှတ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်လွယ်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အမြဲအလေးထားကာ မြို့ပြနှင့် ကျေးလက်ဒေသများအကြား၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရေး အလေးပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးမဟာဗျူဟာတွင်လည်း စီးပွားရေးဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးတို့ကို တစ်ပြိုင်နက်တည်း ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ထိခိုက်ခဲ့သော မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးတို့ကို ပြန်လည်ကုစားနိုင်ရန်နှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုအကျိုးစီးပွားရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိပြီး လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ပေါ်စေရေးအတွက် မြန်မာ့စီးပွားရေးပြန်လည်ဦးမော့စေရေး စီမံချက် MERRP ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

ကျေးလက်ဒေသအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေမြင့်မားရေး၊ အသေးစား၊ အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအခြေပြုသမဝါယမဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကအလေးပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် ကျေးလက်အမျိုးသမီးများနှင့် လူငယ်များ၏ အခန်းကဏ္ဍကိုလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် လူထုအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်ကိုယ်စားလှယ်ကြီးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ရည်မှန်းချက်များနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု၊ အောင်မြင်မှုများ၊ အတွေ့အကြုံကောင်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်း ပတ်ဝန်းကျင်တိုးတက်ပြောင်းလဲရေးဆိုင်ရာကဏ္ဍတို့ကို အုပ်စုများခွဲ၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ရန်ကုန်မြို့တော်သန့်ရှင်းသာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၇ နာရီတွင် ရန်ကင်းမြို့နယ် (၈) ရပ်ကွက် နှင်းဆီလမ်းရှိ ကံဘဲ့စည်ပင်ဝန်ထမ်းအိမ်ရာဝင်း၌ ရွေ့လျားဈေးကား (Mobile Market) စနစ်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန် အမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူနိုင်ရန် ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိချောင်းအတွင်း နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် အလျားပေ ၂၀၀၊ အကျယ် ပေ ၉၀ ရှိ ရေထိန်းကန် တူးဖော်နေမှုကိုလည်းကောင်း၊ အင်းစိန်မြို့နယ် ပြည်လမ်းပေါ်ရှိ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း၌ ကုန်တင်/ကုန်ချယာဉ်များ ပိတ်ဆို့မှုမရှိစေရေး လမ်းမြေပေါ် ကျူးကျော်ခင်းကျင်းမှုများကို ဖယ်ရှားရှင်းလင်းရန်၊ ပွဲရုံဝင်းအတွင်း သန့်ရှင်းသာယာရေးအတွက် စွန့်ပစ်အမှိုက်များ စုပုံထားမှုနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းများကို ရှင်းလင်းရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် သီရိမင်္ဂလာမြောက်ဘက်အခြမ်းလမ်း အရှည်ပေ ၁၁၀၀၊ အကျယ် ၅ ပေ၊ ဒုကိုးလက်မရှိသော လမ်းတိုးချဲ့ခင်းကျင်းနေမှုကို လည်းကောင်း၊ သီရိမင်္ဂလာတောင်ဘက်အခြမ်းလမ်း အရှည်ပေ ၆၀၀၊ အကျယ် ၅ ပေ၊ ဒုကိုးလက်မရှိ လမ်းတိုးချဲ့ခင်းကျင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ဖြန့်ဖြူး

**နေပြည်တော် အောက်တိုဘာ ၁၉**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm များကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုသိုလှောင်ခန်းမှ ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံနိုင်သော Sinopharm ဆေးများအား နေပြည်တော်ကောင်စီ နေပြည်တော်သို့ ၇၅၅၉ လုံးနှင့် ဆေးထိုးအပ် ၂၉၂၀၈၉ ချောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ၈၂၇၉၄ လုံးနှင့် ဆေးထိုးအပ် ၈၅၅၅၂၅ ချောင်း၊ ကရင်ပြည်နယ် ဘားအံမြို့သို့ ၉၂၈၅ လုံး၊ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ၇၄၃၇၃ လုံးနှင့် ဆေးထိုးအပ် ၅၂၉၅၅ ချောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ၄၈၇၈၅ လုံးနှင့် ဆေးထိုးအပ် ၃၅၀၉၈၅ ချောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့သို့ ၉၁၃၁၇ လုံးနှင့် ဆေးထိုးအပ် ၉၄၁၆၉၆ ချောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့သို့ ၁၁၄၂၈၉ လုံးနှင့် ဆေးထိုးအပ် ၈၃၀၆၃၂ ချောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ ၄၅၅၇၇ လုံးနှင့် ဆေးထိုးအပ် ၃၀၀၀၀၀ ၊ ပဲခူးမြို့သို့ ၆၂၄၂ လုံးနှင့် ဆေးထိုးအပ် ၁၈၁၀၄၅ ချောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ၁၀၈၂ လုံး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ ၂၈၉၆၂ လုံးနှင့် ဆေးထိုးအပ် ၂၇၈၄၂၅ ချောင်းတို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ဖြန့်ဖြူးပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဒေသနှင့်ကိုက်ညီသော ရေဆင်း (၁၁) မြေပဲမျိုးများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဂျုံ၊ နနွင်း၊ ပဲမျိုးစုံနှင့် ငရုတ်ပျော စသည့်သီးနှံများ စိုက်ပျိုးကြရာ ယခုနှစ်မိုးရာသီတွင် ဒွေးလှကျေးရွာ၌ ဒေသနှင့်ကိုက်ညီသော ရေဆင်း(၁၁)မြေပဲမျိုးများ စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် မြေပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသော ရေဆင်း (၁၁)၊ မကွေး (၁၁)၊ မကွေး (၁၂) မြေပဲဧက ၃၉၀ စိုက်ပျိုးထားပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားကင်းစင်ပြီး ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် မြေပဲမျိုးများ ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် မြေပဲစတင်စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းချိန်အထိ ကွင်းဆင်း၍ နည်းပညာများ အကူအညီပေးလျက်ရှိသည်။

မြေပဲတစ်ဧကစိုက်ပျိုးမည်ဆိုပါက မြေပဲအတောင့် ခြောက်တင်း စိုက်ပျိုးရပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် တင်း ၇၀ မှ ၈၀ အထိထွက်ရှိရာ ရောင်းဈေးအနေဖြင့် မြေပဲတစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် ရောင်းချရကြောင်းနှင့် ဆီကြိတ်ရောင်းမည်ဆိုပါက ဆီတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ဖြင့် ရောင်းချရသဖြင့် မြေပဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ဒွေးလှကျေးရွာမှ မြေပဲစိုက်တောင်သူ ဦးယဉ်မင်းထွန်းက ပြောကြားသည်။

**သက်မောင်(ကျောက်ဆည်)**

# အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေး

**“မပြောဘဲနေတာကြာလာတဲ့အခါ မစဉ်းစားဖြစ်ဖို့လည်း ပိုပြီးလွယ်လာတယ်”ဆိုတဲ့စကားရပ်အတိုင်း အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် ရပ်တန့်နေ၍မဖြစ်နိုင်ပါ။ ပြောနေ၊ ဆိုနေ၊ ညှိနှိုင်းနေမှ မည်ကဲ့သို့ တိုးတက်အောင် ဆောင်ရွက်မည်ဆိုသည့် စဉ်းစားချက်၊ တွေးခေါ်ချက်များ သက်ဆိုင်ရာအဖွဲ့အစည်းများ၌ အစဉ်အမြဲ ကိန်းအောင်းနေမည်ဖြစ်ပါသည်။**

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## ပုသိမ်မြို့ရှိ ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိမှု၊ သိုလှောင်ရုံမှတ်တမ်းထိန်းသိမ်းထားရှိမှုတို့နှင့် အမှတ်(၂) ရပ်ကွက်ရှိ မူလတန်းကြိုကျောင်းတို့ကို ကြည့်ရှုစစ်ဆေး

**ပုသိမ် အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့်အတူ အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ မြောင်းမြကျောင်းတိုက်၌ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ သက်န်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်၌ သက်တော် ၈၃ နှစ်၊ ဝါတော် ၆၂ ဝါရှိ ကျောင်းတိုက်ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိသုတ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက မွန်မြတ်သော စိတ်စေတနာဖြင့် ကျရာကဏ္ဍမှ တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး (သိုလှောင်ရုံ) ၌ ကယ်ဆယ်ရေးပစ္စည်းများ၊ ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများ၊ အလှူပစ္စည်းများကို သိုလှောင်ရုံထိန်းသိမ်းနည်း လက်စွဲအတိုင်း သိုလှောင်ထိန်းသိမ်းထားရှိမှု၊ သိုလှောင်ရုံမှတ်တမ်း ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ အမှတ်(၂) ရပ်ကွက် ကုန်သည်လမ်းနှင့် GEC လမ်းထောင့်ရှိ မူလတန်းကြိုကျောင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**



## တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၃၄ ရွာတို့၌ အစိမ်းရောင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ခေါင်းဆောင်မှုသင်တန်း ဖွင့်လှစ်သင်ကြားပို့ချပေးနိုင်ခဲ့

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၃၄ ရွာတို့တွင် အစိမ်းရောင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ခေါင်းဆောင်မှုသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း တိုက်ကြီးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သင်ကြားပို့ချ**

သင်တန်းဖွင့်လှစ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသ သောက်သုံးရေရရှိရေး၊ ကျေးလက်မီးရရှိရေး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများအနက် ကျေးရွာ ၃၄ ရွာတို့တွင် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့တက်ရောက်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများအား အသိပညာပေးဗီနိုင်းပိုစတာများနှင့် လက်ကမ်းစာစောင်များပေးအပ်ခြင်း၊ ကျေးရွာအချက်အလက်များ ကောက်ယူရာတွင် စနစ်တကျဖြစ်စေရေးအတွက်လည်း စီမံကိန်းဆိုင်ရာ အချက်အလက်များကို စနစ်တကျလေ့ကျင့်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို တိုက်ကြီးမြို့နယ်အတွင်း ဇူလိုင် ဒုတိယအပတ်မှစတင်၍ ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်သင်တန်းတွင် ကျေးရွာခြောက်ရွာတို့မှ သင်တန်းသား သင်တန်းသူ ၁၄ ဦး၊ ဒုတိယအကြိမ်သင်တန်းတွင် ကျေးရွာ ၁၄ ရွာတို့မှ သင်တန်းသား သင်တန်းသူ ၂၈ ဦးနှင့် တတိယအကြိမ် သင်တန်းတွင် ကျေးရွာ ၁၄ ရွာတို့မှ သင်တန်းသား သင်တန်းသူ ၂၈ ဦး စုစုပေါင်းကျေးရွာ ၃၄ ရွာတို့မှ သင်တန်းသား သင်တန်းသူ ၇၀ တို့ သင်တန်းတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**






## လှည်းကူးမြို့နယ်၌ ပန်းခင်းစီမံချက်အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန် မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၌ ပန်းခင်းစီမံချက် အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးနှင့် လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

အဆိုပါ ပန်းခင်းစီမံချက် အသိပညာပေး ဆွေးနွေးပွဲတွင် နေထိုင်မှုပုံစံ အမျိုးအစား လေးမျိုးအကြောင်း အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးနှင့် ရပ်ကွက်/ကျေးရွာများတွင် ကွင်းဆင်း ဆောင်ရွက်ပေးနေမှု စီမံချက်လုပ်ငန်းများ၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လုပ်ဆောင်ရာတွင် ပြည်သူများ သိရှိလိုက်နာသင့်သည့် အချက်များနှင့် ကြိုတင်ပြင်ဆင်ထားသင့်သည့် အချက်အလက်များကို ဆွေးနွေးခဲ့ကြသည်။

မြို့နယ်ဦးစီးမှူးရုံးက မြို့နယ်အတွင်း၌ ပန်းခင်းစီမံချက်ကို မေ ၃ ရက်ကစတင်ပြီး မြို့ပေါ်ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၂ အုပ်စုရှိရာ ရုံးကိုခေါ်ဆောင်ပြီး လုပ်ဆောင်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်းတို့ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့ရာ မြို့ပေါ် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၀ တို့တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၃၅၀၊ အသက် ၁၆ နှစ်နှင့်အထက် ပြည်သူ ၃၀၃၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပြီး လက်ဝယ်အရောက် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ပွဲတင်သံများ

**“သေရွာကာလ၊ ရောက်ကြသောအခါ**
**ကိုယ့်နောက်ကိုကား၊ ဘာများပါမှာ**
**ပစ္စည်းစုစု၊ တစ်ခုမပါ**
**ကိုယ်ပြုထား၊ ကံများပါမည်သာ။”**

“ကိုယ်ပြုတဲ့ကံ ပွဲတင်သံ ကိုယ့်ထံပြန်လာမည်” လို့ ဆရာတော်ဘုရားများ ဟောကြားတာကို နာကြားဖူးပါရဲ့။ လူကြီးသူမတွေက မကောင်းမှုတွေ မပြုလေနဲ့ ရှောင်ကြဉ်ကွဲ့။ ကုသိုလ်ကောင်းမှုအစုစုကိုတော့ ရနိုင်သမျှ သတိတရနဲ့ ပြုလုပ်ဖြစ်အောင် ကြိုးစားကွဲ့။ ကိုယ့်စိတ်ကို ဖြူစင်အောင်ထား။ လောဘ ဒေါသမများစေနဲ့။ မနာလိုဝန်တို ငြူစူမရှိလေနဲ့။ သူသူငါငါ ကိုယ်လုပ်တဲ့ကံအတိုင်း ကိုယ့်လမ်းကို ကိုယ်သွားနေကြတာတဲ့။ စံစရာရှိတော့ စံပေါ့။ ခံစရာရှိတော့ခံပေါ့။

လူကြီးတွေဘာပြောပြော ငယ်ရွယ်စဉ်က နားမလည်ပါ။ ကိုယ်လုပ်ချင်ရာလုပ်တာပဲ။ မလုပ်ချင်တာမလုပ်ဘူး။ ဒါပဲ။ ဘာမှရှည်ရှည်ဝေးဝေး လည်း စဉ်းစားမနေပါဘူး။ ကြိုက်ရာလုပ်တယ်။ ကြိုက်တာလုပ်တယ်။ ဒီလိုပဲ။ ကိုယ်ပြုတဲ့ကံ ပွဲတင်သံအဖြစ် တုံ့ပြန်ချက်အကျိုးဆက်တွေကို လုပ်နေရင်းမှာ အကောင်းအဆိုးအမျိုးမျိုးထဲက ခွဲခြားသိရှိလာရတယ်။ အသက် ၁၀ နှစ်အရွယ်ထက် အသက် ၂၀ မှာ ပိုသိလာတယ်။ အသက် ၂၀ ထက် အသက် ၃၀ မှာဆို ပိုမြင်လာတယ်။ အသက် ၄၀ နီးနီးအရွယ်လောက် ရောက်တဲ့အခါမှာတော့ ဒုလ္လဘရဟန်းအဖြစ် သင်္ကန်းစည်းပြီး ဝိနည်းသိက္ခာပုဒ်တွေကို စောင့်ထိန်းတဲ့အလေ့အကျင့် (သင်္ကြန်ကာလ ၁၀ ရက်၊ ၁၅ ရက်လောက်) သုံးနှစ်ဆက်တိုက် တရားစခန်းဝင်၊ ချမ်းမြေ့ဆရာတော်ကြီး နေ့စဉ်ဆုံးမဟောကြားတဲ့ တရားတော်တွေ နာယူရပြီး အသိအမြင် တော်တော်လေးဆင်ခြင်မိလာတယ်။ အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်ဟာ အသက် ခုနစ်နှစ်သားအရွယ် သားတော်ရာဟုလာကိုရင်လေးကို မြတ်စွာဘုရားသခင် ဟောကြားတော်မူတဲ့တရားပေါ့။ ချမ်းမြေ့ရိပ်သာမှာ ရဟန်းဝတ်ပြီး တရားစခန်းမဝင်ခင်က တစ်ကြိမ်တစ်ခါမှ မကြားဖူး၊ မနာဖူးခဲ့ပါ။ သိလည်းမသိဘူး။

ဒီအချိန်မှာ မိမိအသက်အရွယ် ၃၀ ကျော်ခဲ့ပါပြီ။

**“မကောင်းမှုရှောင်**
**ကောင်းမှုဆောင်**
**ဖြူအောင်စိတ်ကိုထား”**

အစရှိသဖြင့် ချမ်းမြေ့ဆရာတော်ဘုရားကြီး သင်ကြားပေးတဲ့ ရာဟုလောဝါဒသုတ္တံ မြန်မာပြန်ကဗျာလင်္ကာလေးကို နေ့ခင်းတရားနာရင်း နာကြားရတယ်။ တကယ်တော့ ဒီကဗျာလေးဟာ မိမိတို့လေးတန်းမှာ လက်စွဲသင်ယူခဲ့ရတဲ့ ဗုဒ္ဓဘာသာ အခြေခံသင်ခန်းစာထဲမှာလည်းပါခဲ့တဲ့ မြတ်စွာဘုရား (၅၆၃–၄၈၃ ဘီစီ) ရဲ့ ဓမ္မပဒ (စာပိုဒ် ၁၈၃) အဆုံးအမလေးပဲ–

**“သဗ္ဗပါပဿ အကရဏံ**
**ကုသလဿ ဥပသမ္ပဒါ**
**သစိတ္တ ပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။”**

တကယ်က ကမ္မ သဒ္ဒဟန၊ ကောင်းကံဆိုးကံ ကံတရားကို ယုံကြည်ခြင်းသဘောကို ကလေးဘဝကတည်းက သင်ခဲ့ရပေတာ။

အစိုးရမူလတန်းကျောင်း စတုတ္ထတန်းမှာ သင်ကြားဖို့ ညွှန်ကြားစီစဉ်ခဲ့တဲ့ ထိုအချိန်က ဖဆပလအစိုးရ ဝန်ကြီးချုပ်ဦးနုကိုလည်း ကျေးဇူးတင်စရာပဲ။ ဝန်ကြီးချုပ် လျှောက်ထားပန်ကြားချက်အရ အခြေခံဗုဒ္ဓဘာသာစာအုပ်လေးများ မူလတန်း၊ အလယ်တန်း ကလေးသူငယ်အရွယ်နဲ့ ကိုက်ညီဆီလျော်အောင် ရေးသားပြုစုပေးတော်မူခဲ့တဲ့ အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ (၁၉၀၀–၁၉၇၇)ရဲ့ ကျေးဇူးတော်ဟာလည်း နိုင်ငံတော်ရဲ့အနာဂတ်အတွက် အလွန်ကြီးမားတဲ့ ယဉ်ကျေးမှုအမွေအနှစ်ပေးခြင်းမို့ အတိုင်းအဆမသိကြီးမားတော်မူပါပေရဲ့။ ဆရာတော်ဘုရားကြီးကို ဦးတင်ပါတယ်ဘုရား။

မိမိတို့မူလတန်း၊ အလယ်တန်းကျောင်းသားအရွယ်က အဲဒီအခြေခံဗုဒ္ဓဘာသာ သင်ခန်းစာ စာအုပ်ကိုပြဋ္ဌာန်းပေးခဲ့တဲ့ ပညာရေးဆိုင်ရာအကြီးအကဲတွေ၊ သင်ကြားပို့ချပေးခဲ့ကြတဲ့ ဆရာ ဆရာမတွေအားလုံးတို့ရဲ့ဂုဏ်ကျေးဇူးကိုလည်း အောက်မေ့သတိရ ပူဇော်မိပါတယ်။ ရှေ့ပုဂ္ဂိုလ်တွေ အရည်အသွေးရော၊ စေတနာရော၊ ရွေးချယ်ဆုံးဖြတ် လုပ်ဆောင်တတ်ပုံတွေရော လေးစားချီးကျူးစရာတွေပါ။ (နားမဝင်ခဲ့တာက မိမိညံ့လို့ပါ)

ပစ္စည်းဥစ္စာ ရာထူးအာဏာ ချမ်းသာပြည့်စုံသည်ဖြစ်စေ၊ မချမ်းသာသည်ဖြစ်စေ စိတ်ကိုတော့ မုချ ချမ်းသာ အေးမြစေတာအမှန်ပါ။

စာရေးသူက ဘာသာတစ်ခုခုကိုပဲ အလေးပေးပြီး ဝါဒဖြန့်နေခြင်းတော့မဟုတ်ပါ။ ဂေါတမဗုဒ္ဓဟောတဲ့တရားမို့ မှန်ရမယ်၊ အခြားဘာသာတွေ မမှန်ဘူး စသဖြင့်လည်းမပြောပါ။ ကိုယ်ကြိုက်တဲ့ဘုရားကို ကိုးကွယ်၊ ကိုယ်ကြိုက်ရာ ဘုရားကျောင်းကိုသွား၊ ကိုယ်နှစ်သက်ယုံကြည်ရာတရားကို ကျင့်ကြံအားထုတ်။ ဘယ်သူ့ကိုမှ မိမိကမတားဆီးပါ၊ မရှုတ်ချပါ၊ ရန်မလုပ်ပါ၊ မနှိပ်စက် မသတ်ဖြတ်ပါ။ ဒါဟာ အခြေခံလူ့အခွင့်အရေးတွေပေပဲ။

စဉ်းစားကြည့်လေ
မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊
ဖြူအောင်စိတ်ကိုထားဆိုတဲ့ သဘောတရားက

လူသားတိုင်းအတွက် ကောင်းကျိုးဖြစ်စေတဲ့

**သာမန်လူတော်လူကောင်းဖြစ်အောင်၊ အထူးသဖြင့် နိုင်ငံရေးခေါင်းဆောင်ဖြစ်ချင်ရင်တော့ ဒီကိုယ်ကျင့်သီလ၊ စာရိတ္တကို ကောင်းမွန်အောင် ပျိုးထောင်ရမှာ အခြေခံပဲ။ ကျင့်သုံးရင် မခက်ခဲပါဘူး။ အကယ်၍သာ လိမ်လည်တယ်၊ ဖုံးကွယ်တယ်၊ လှည့်စားတယ်၊ မဟုတ်မမှန်ပြောဆိုတယ်၊ လာဘ်စားတယ်၊ ခိုးတယ်၊ ဝှက်တယ်၊ မသမာမှု အဂတိမှုတွေ ကျူးလွန်တယ်၊ အကျင့်စာရိတ္တ မကောင်းဘူးဆိုရင် ဘယ်သူက လေးစားချင်မှာလဲ။ အကုသိုလ် ဒုစရိုက်ကံတွေဟာ ဖုံးကွယ်လို့မရပါ။ နောက်ကနေကပ်ပြီး ထက်ကြပ်မကွာ လိုက်လာစမြဲပဲ။ ရှေ့ကဖုံးလေ နောက်ကပေါ်လေ**

ကမ္ဘာသူ ကမ္ဘာသား လူသားအားလုံးအတွက် ကောင်းကျိုးပြုစေမယ့် အခြေခံတရား စကားသုံးခွန်းဟာ မြတ်စွာဘုရား လေးဆယ့်ငါးဝါ ကာလပတ်လုံး လှည့်လည်သွားလာဖြန့်ဝေခဲ့တဲ့ တရားအားလုံးရဲ့ အနှစ်သာရပဲထင်ပါရဲ့။ သားတော်ရာဟုလာကို ဟောခဲ့တာလေ–

**မကောင်းမှုဟူသမျှ တစ်စုံတစ်ခုမျှ မပြုလေနဲ့၊**
**ရှောင်ပါ။**
**ကောင်းမှုအပြုအမူများကိုကား ပြည့်စုံအောင်**
**ကြိုးစားလေ။**
**မိမိစိတ်ကို အညစ်အကြေး ကင်းရှင်းဖြူစင်**
**သန့်ရှင်းနေအောင် အစဉ်သတိပြုလျက်**
**စောင့်ရှောက်နိုင်ပါစေ။**

စာရေးသူ အသက် ၅၀၊ ၆၀ အရွယ်ရောက်လာတဲ့ အခါ သဗ္ဗပါပဿ အကရဏံ (မိမိအသက် ၁၀ နှစ်သားက ဘာမှန်းမသိဘဲ အလွတ်ကျက်ပြီးရခဲ့တဲ့) ပါဠိရဲ့ အနက်အဓိပ္ပာယ်ကိုပဲ သီတဂူဆရာတော် ဘုရားအရှင်ဉာဏိဿရ (အခုဆိုသက်တော် ၈၄ ထဲမှာ ထင်ပါရဲ့) စီကုံးတော်မူတာလေး ကြားနာရပြန်တယ်–

**“မကောင်းမှုများ ရှောင်ရှားပယ်ခွာ၊**
**ကောင်းမှုအပေါင်း စုဆောင်းကြပါ။**
**မိမိစိတ်ရင်း သန့်ရှင်းစေရာ၊**
**ဤသုံးပါး ဘုရားသာသနာ။”**

တိုလည်းတို၊ ရှင်းလည်းရှင်း၊ အဓိပ္ပာယ်လည်း ထိမိ၊ တိကျ။ ဓမ္မပဒမှာပါတဲ့ စကားပြေသဘောကို ကဗျာလင်္ကာနဲ့ ငုံမိအောင်စပ်ဆိုထားတယ်။

မြတ်စွာဘုရားဟောကြားတဲ့ တရားတော်တွေက လိုက်နာကျင့်သုံးသူ၊ လက်တွေ့လုပ်ဆောင်သူတွေအားလုံးအတွက် ဆင်းရဲဝေးကွာ၊ ချမ်းသာစေပါတယ်။ အဓိပ္ပာယ်ပဲလေ၊ မနှစ်သက်ရင်နေပါ၊ ကြိုက်ရာလုပ်လို့ရပါတယ်။ ကိုယ့်အကြိုက်နဲ့ မကိုက်ညီလို့ တိုက်ခိုက်ရန်လုပ်တယ်ဆိုရင်တော့ ကိုယ်ထင်ရာကိုယ်စိုင်း၊ **ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်** ဆိုတာလို ပတ်ဝန်းကျင်အခြေအနေနဲ့ မကိုက်ညီ မဆီလျော်ဘဲ အံချော်နေပြီ။

လူဆိုတာ ကိုယ်တစ်ယောက်တည်းပဲ ရပ်တည်ရှင်သန်ချင်လို့ မရဘူးလေ။ လူ့ပတ်ဝန်းကျင်နဲ့ အညမည၊ သဟဇာတဖြစ်အောင် ညှိယူနေထိုင်ကြရတယ်။ အကျယ်ပြောစရာမလိုပါဘူး၊ မိသားစု အစုအဖွဲ့၊ ရပ်ရွာအစုအဝေး၊ မြို့ပြပြည်ရွာ၊ လူတွေအချင်းချင်း အပြန်အလှန်လေးစားကူညီတတ်တဲ့ သဘောထားအမြင်လေးတော့ လူပီသရင် ရှိရပေမယ်။ ဒီမိုကရေစီစနစ် ထွန်းကားအောင်ကြိုးစားရမှာ။

**ငါ့လှေငါထိုး ပဲခူးရောက်ရောက်။**

**ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့ မူဝါဒအယူအဆကတော့ ကြမ်းလွန်းတယ်၊ ရက်စက်လွန်းတယ်။**

**ရိုင်းစိုင်းလွန်းလှတယ်။ ဘယ်နိုင်ငံမှာမှ လက်ခံမှာမဟုတ်။**

ကိုယ်ကြိုက်ရာဘာသာကို ကိုးကွယ်ပါ၊ ယုံကြည်ပါ။ ဘာမှနှောင့်ယှက်စရာမလိုဘူး။ လူသားတစ်ဦးချင်းစီရဲ့ လွတ်လပ်စွာကိုးကွယ်ခွင့်၊ လူတိုင်းရဲ့ လူ့အခွင့်အရေးလေ။ အေးဗျာ– ဒါကို ဟန့်တားနှောင့်ယှက် အပြစ်တင်တိုက်ခိုက်လာကြတယ်ဆိုရင်တော့ သည်းခံရမယ့်စည်းကို တော်တော်ကျော်လာတဲ့ အကြမ်းဖက်ယုတ်မာမှုလို့ သတ်မှတ်ရတော့မယ်။ လူတိုင်းက ဝိုင်းဝန်းဆန့်ကျင်ရမှာပါ။

ဥပဒေစည်းကမ်း လူ့ကျင့်ဝတ် ဓလေ့ထုံးစံတွေရဲ့ ဟိုဘက်အစွန်းရောက်အောင် ၇၅ ဘူတာကျော်လွန်သွားပြီဆိုရမယ်။ ကြည့်စမ်းပါဦး–

## ချစ်နိုင် (စိတ်ပညာ)

“ပုံမှန်အချိန် ဘုရားဖူးထွက်တာ ထွက်ပါ။ သာဓုခေါ်ပါတယ်။ ခေတ်ပျက်ကြီးထဲ တအုန်းအုန်း တဒိုင်းဒိုင်းတွေကြား ဘုရားဖူးထွက်နေတဲ့သူတွေ ကိုမေးဦးမယ်။ အိမ်ကဘုရားတွေက ဘုရားမဟုတ်ကြလို့လား။ PDF တွေက သတိပေးထားတဲ့ကြားထဲက ဘုရားဖူးတွေထွက်ကြတယ်နော်။ အခုဆို ဘုရားဖူးကားတွေနဲ့ ဟိုကောင်တွေက စစ်ကြောင်းချီနေပြီ။ လုပ်ထည့်လိုက်ပြန်ရင်လည်း PDF တွေက ဘုရားဖူးကားတွေကို ပစ်ပါတယ်ဆိုပြီး ဘာသာရေးနဲ့ လှည့်တိုက်ကြဦးမှာ။ နောက်ဆို မလွဲသာရင် ဟိုကသမတော့မှာ။ ရောထိမှ ဘုရားဖြစ်မယ့်အုတ်နီခဲကြီးများ သာဓုခေါ်ရင်း ပါသွားကြပေတော့ပဲ။ အခြေအနေမသိ၊ အချိန်အခါမသိတဲ့ဟာတွေ”

ဘယ်လောက်စော်ကားမိုက်ရိုင်းလာပြီလဲ?

**“သူတော်ကောင်းကြီးတွေက**
**ဘုရားဖူးမသွားနဲ့**
**ရင်ထဲ ဘုရားတည် ပြီးတာပဲ”**တဲ့။

(ဖေ့စ်ဘွတ်ထဲမှာ အဲဒီလိုတွေ့ရတော့ စိတ်မကောင်းဘူး။) တစ်ယောက်က ဝင်ပြီးမှတ်ချက်ရေးတယ်–

“မင်းတို့တွေလည်း သူတောင်းစားလို
ရိက္ခာပြတ်နေပါပြီ၊ လှူကြပါလို့
အလှူမခံကြနဲ့။
ရင်ထဲကထမင်းဆိုင်ဖွင့်ထား
ပြီးတာပဲ၊ ဒါလေးပြောချင်တယ်”။

(မင်းက ရိက္ခာလှူလို့လားမမေးနဲ့၊ မင်းတို့က ရော စေတီပုထိုး ဘုရားကျောင်းကန် ရဟန်းသံဃာတွေကို လှူလို့လားလို့ ပြန်မေးမယ်။)

ဘယ်သူဘယ်ဝါမှတ်မိပါဘူး။ ဒီရက်ပိုင်းမှာ တွေ့မိတဲ့ စာမျက်နှာတွေထဲက တစ်ခုပါ။ အပြန်အလှန်ရေးသားပြောဆိုနေကြတာ အမျိုးမျိုးပါပဲ။

ဘယ်သူဘယ်ဝါ၊ ဘာလူမျိုး၊ ဘာကိုးကွယ်သူရယ်လို့ မခွဲခြားဘဲ လူ့ဘုံလောက လူသာမက ဟောဒီ ၃၁ ဘုံမှာ ရှိကြတဲ့သူအားလုံးအတွက် အမှန်တရားကတော့ (မိမိတို့ယုံကြည်သည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ၊ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ) ကမ္မနိယာမသဘော။ ကံ ကံရဲ့အကျိုး၊ (ပဋ္ဌာန်းတရားတော်ထဲမှာပါတဲ့ ကမ္မပစ္စယော) ကိုတော့ ဘယ်သူမှလွန်ဆန်လို့မရပါ။

**ကိုယ်ပြုတဲ့ကံ ပွဲတင်သံ၊ ကိုယ့်ထံ ပြန်လာမယ်။**
**ဒေါသဖြစ်ရင် အပြစ်ရမှာပဲ၊ စိတ်ကိုပြုပြင်။**

မေတ္တာပွားရင် မေတ္တာတရား အပြုအမူရဲ့ အကျိုးဆက်ကို မလွဲမသွေရမှာပဲ။ ကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ ယုံယုံ၊ မယုံယုံ ကောင်းမှုပြုက ကောင်းကျိုးရပြီး အကုသိုလ် ဒုစရိုက်မကောင်းမှုပြုလုပ်ပါက ဆိုးကျိုးရမှာ သေချာပေတယ်။

**ဝဋ်ဆိုရင် လုံးဝရှောင်လွှဲလို့မရ။**

ငရဲဆိုတာက ကောင်းမှုများစွာနဲ့ ဖြေဖျောက်ရင် မကောင်းမှုက ပြေပျောက်နိုင်သေးတယ်။

သူတော်ကောင်းကြီးများ၊ အရဟတ္တဖိုလ် ပုဂ္ဂိုလ်များကို စော်ကားမိုက်မှားကြသူများကတော့ ငရဲလားရုံမက ဝဋ်ကြွေးတွေလည်း ပေးဆပ်ကြရလိမ့်မယ်။ အသိဉာဏ်နည်းစွာ မလွဲမှားကြလေနဲ့ သားတို့သမီးတို့ရေ။ မိမိကိုယ်ကို ပြောင်းလဲ ဆယ်ယူကယ်တင်ကြပါလေ။ ဘယ်သူမပြု မိမိမှုကို သူတစ်ပါးက ကယ်ယူကူညီလို့မရပေ။

**ကံဆိုတာ အလွန်တန်ဖိုးရှိတဲ့ မိမိရဲ့ ပိုင်ဆိုင်မှု အမြင့်မြတ်ဆုံးအရာတစ်ခု။ ကောင်းတာပြုရင် ကောင်းမှုကောင်းကျိုး မုချရတာ။ အဖိုးတန်တဲ့ကံ။**

မသိမိုက်မဲလို့ လွဲလွဲမှားမှားနဲ့ ပါပ၊ ဒုစရိုက်တွေ၊ အကုသိုလ်တွေ ပြုလိုက်မိရင်လည်း ဆိုးကျိုးခံရမှာပဲ။

**စာမျက်နှာ ၇ သို့** ❁

## ခရီးသွားရာသီအမီ ကျိုက်ထီးရိုးကေဘယ် ပြန်လည်စတင်ပို့ဆောင်ပေးမည်



**နေပြည်တော် အောက်တိုဘာ ၁၉**

ဆံတော်ရှင် ဆုတောင်းပြည့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာပြည်သူများ အလွယ်တကူနှင့် ပျော်ရွှင်ချမ်းမြေ့စွာ တက်ရောက်ဖူးမြော်နိုင်ရန် ရသေ့တောင်တွင် ကောင်းကင်ရထား(ကေဘယ်)ကို တည်ဆောက်ထားပြီး ဘုရားဖူးလာပြည်သူများကို ပို့ဆောင်ပေးလျက်ရှိသည်။

**ခရီးသွားရာသီအမီ ပြေးဆွဲ**

ယခုပွင့်လင်းရာသီတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ဘုရားဖူးလာပြည်သူများ စနစ်တကျ စည်းကမ်းရှိပြီး လုံခြုံစိတ်ချစွာ တက်ရောက် ဖူးမြော်နိုင်ရန် ကေဘယ်တာဝန်ရှိသူများက စနစ်တကျ ကြိုတင်ပြင်ဆင်လျက်ရှိသည်။ စခန်းအဝင်မှစ၍ ပိုးသတ်ပေးခြင်း၊ အပူချိန်တိုင်းတာပေးခြင်း၊ လက်ဆေးကန်များ စီစဉ်ထားခြင်း စသည်ဖြင့် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ကြရန် ဝန်ထမ်းများအား စီမံခန့်ခွဲနေရာချထားခြင်းများ ဆောင်ရွက်လျက်ရှိပြီး ခရီးသွားရာသီအမီ ကျိုက်ထီးရိုးကေဘယ် ပြေးဆွဲခြင်းကိုပြန်လည်စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**ခင်မောင်မြင့်(ဇမ္ဗူသီရိ)**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုငါးမြစ်ချင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၃၉၀၄ ဒေါ်လာ စတင်တင်ပို့

**စစ်တွေ အောက်တိုဘာ ၁၉**

ကိုဗစ်-၁၉ ရောဂါအရှိန်မြင့်တက်လာချိန်တွင် ရခိုင်ပြည်နယ် စစ်တွေမှ ဘင်္ဂလားဒေ့ရှ်သို့ ရေထွက်ကုန်(ရေချိုငါးမြစ်ချင်း)တင်ပို့မှု သုံးလနီးပါး ရပ်နားထားခဲ့ရာမှ အောက်တိုဘာ ၁၈ ရက်မှစတင်၍ နယ်စပ်ရေထွက်ကုန်တင်ပို့မှုပြန်လည်အသက်ဝင်ခဲ့ရာ ငါးမွေးတောင်သူနှင့် လုပ်ငန်းရှင်များ စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါနယ်စပ်ကုန်သွယ်ရေးတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ ရေချိုငါး မက်ထရစ်တန် ၇၀၉၃ဒသမ ၄၁၃ တန် (အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၁၈ သန်း) တင်ပို့နိုင်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကိုဗစ်-၁၉ ရောဂါအရှိန်မြင့်တက်လာမှုကြောင့် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်သို့ ကုန်စည်တင်ပို့မှုသည် ဇူလိုင် ၁၅ ရက်မှစတင်၍ ရပ်နားထားခဲ့သည်အထိ ပို့ကုန်မက်ထရစ်တန် ၅၀၁၀ ဒသမ ၇၀ တင်ပို့မှုဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၆၀ သန်းရရှိခဲ့သည်။



ရခိုင်ပြည်နယ် နယ်စပ်ကုန်သွယ်ရေးစခန်းထွက်ပေါက်နှစ်ခုမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ကြက်သွန်နီ၊ မန်ကျည်းသီး၊ ဆီးသီးခြောက်၊ ငါးသေးခြောက်မျိုးစုံနှင့် ရေချိုငါးမြစ်ချင်းကို အဓိကတင်ပို့ကြရာ ရခိုင်ပြည်နယ်၏ ပို့ကုန် တန်ဖိုး ၇၀ ရာခိုင်နှုန်းခန့်မှာ ရေချိုငါးမြစ်ချင်းတင်ပို့မှုမှ အများဆုံးရရှိ ခဲ့ခြင်းဖြစ်သည်။

ရပ်နားထားသော ရခိုင်ပြည်နယ် နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခု ပြန်လည်ဖွင့်လှစ်နိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အောက်တိုဘာ ၁၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါသတ်မှတ်စည်းကမ်းနှင့်အညီ လိုက်နာတာဝန်ယူမှုဖြင့်ခွင့်ပြုခဲ့၍ အောက်တိုဘာ ၁၃ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရခိုင်ပြည်နယ် ကုန်သည်/စက်မှုအသင်းမှ တာဝန်ရှိသူများတွေ့ဆုံညှိနှိုင်းမှုဖြင့် နယ်စပ်ကုန်သွယ်ရေး ပြန်လည်ဖွံ့ဖြိုးရန် စည်းကမ်းသတ်မှတ်ချက်များကို ချမှတ်ပြင်ဆင်ကာ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို အောက်တိုဘာ ၁၄ ရက်မှစတင်၍ ပြန်လည်တင်ပို့ခွင့်ပြုခဲ့သည်။

ထိုသို့ တင်ပို့ခွင့်ပြုမှုဖြင့် ရန်ကုန်မြို့မှ ငါးသယ်မော်တော်ယာဉ်များ စစ်တွေမြို့သို့ အောက်တိုဘာ ၁၇ ရက် ညနေပိုင်းမှစတင်၍ ဝင်ရောက်လာခဲ့ပြီး ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ လိုအပ်သည်များကို စစ်ဆေးဆောင်ရွက်သည်။ အောက်တိုဘာ ၁၈ ရက်မှစ၍ အောင်မေတ္တာရေယာဉ်ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရေချိုငါးမြစ်ချင်း ၄၄ ဒသမ ၈၀ မက်ထရစ်တန် (ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၃၉၀၄ ဒေါ်လာ) စတင် တင်ပို့နိုင်ခဲ့ရာ ငါးမွေးတောင်သူများနှင့် နယ်စပ်ဒေသရှိပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်အသက်ဝင်လာလျက်ရှိကြောင်း သိရသည်။

**သတင်း - ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

## စာအုပ်စာပေ လူ့မိတ်ဆွေ

**❍ ကိုယ့်မှာအဖော် ရှိသော်ရှိငြား**
**စကားပြောလို ချိန်တိုင်းကိုတော့**
**ကိုယ့်လိုအကြိုက် သူမလိုက်ခဲ့**
**သူ့ဋ္ဌမအား အလုပ်များသတဲ့။**

**❍ ကိုယ်နှင့်သူလျှင် ချစ်ခင်ရင်းနှီး**
**စကားကြီးဆို ပျော်ရွှင်လိုလဲ**
**အဟုတ်ကိုမအား အလုပ်များက**
**ပစ်ထားရှောင်ခွာ နေရပါ၏။**

**❍ စာပေစာအုပ် အဟုတ်မြတ်နိုး**
**တန်ဖိုးထားထား ဖတ်ရှုငြားက**
**သူကားဖော်မွန် အလွန်အားတက်**
**ရှိရလျက်၏ အကယ်တိမှ**
**ဖတ်လက်စကို ပစ်ချထားလဲ သူမဆဲ။**
**ပြုံးမြဲကြည်ကြည် ရှိလိမ့်မည်တည်း။**

**❍ မပီဝိုးဝါး စာသားမကြိုက်**
**လွှင့်ပစ်လိုက်လဲ အမိုက်မ သား**
**မဆိုငြားလိမ့် ဤကားစာပေ**
**လူ့မိတ်ဆွေစစ် အမှန်ဖြစ်သည်**
**ချစ်ရအကျိုး နပ်ပေတကား။ ။**

**ဘိုမျိုး(ရွှေဘို)**

---

❁ **စာမျက်နှာ ၆ မှ**

ကိုယ်ပြုတဲ့အတွေး၊ အပြော၊ အရေး၊ အပြုအမူ၊ လုပ်ဆောင်ချက်။ အဲဒီကံအဟုန်သတ္တိတွေဟာ ဘဝအတွက် အဆုံးအဖြတ်ပေးတာမို့ ရွေးချယ်မှုလုံးဝမမှားစေနဲ့နော်။ လမ်းချော်ခဲ့သော် ပြင်ကြနော်။

အာရုံကျရာ မမျောပါမိစေနဲ့။

ကိုယ့်ဘဝကို ကိုယ်ပဲပိုင်တယ်။ ရွေးချယ်ခွင့်ရှိတယ်။ ဘယ်သူမဆို ကိုးဆယ်ဒီဂရီ၊ တစ်ရာ့ရှစ်ဆယ်ဒီဂရီ ဦးတည်ချက် အရပ်မျက်နှာပြောင်းလို့ရတယ်။ မှန်ရာကိုရွေးချယ်တတ်ရမယ်။ ပြောင်းသင့်ရင် ပြောင်းလဲ။

-ပုည ကုသလတရားဆယ်ပါး သိအောင်မေးပါ။

သိရင်လိုက်နာကျင့်သုံးပါ။

-ခင်ပွန်းကြီးဆယ်ပါး သိအောင်လေ့လာ။

ကျေးဇူးဆပ်နိုင်အောင် လုပ်ဆောင်ပါ။ (အသေးစိတ်ကို မရေးတော့ပါ)

-ဒုစရိုက်ဆယ်ပါး သိအောင်စူးစမ်းပါ။

မပြုမိအောင် ဝေးဝေးရှောင်ပါလေ။

ပုညကုသိုလ်ဆိုတာ ကိုယ်ပြုသမျှကောင်းကျိုးအမှန်တုံ့ပြန်ရရှိတယ်။ ဘာတွေလဲသိအောင်လေ့လာ။

ပါပ၊ အကုသိုလ်၊ မကောင်းမှုဆိုတာတွေက သားတို့သမီးတို့ ကြားဖူးနားဝရှိကြတဲ့ ငါးပါးသီလထဲက အချက်တွေပါပဲ။ **သူ့အသက် မသတ်ရဘူး၊** (သတ်ဖြတ်မှုတွေဟာ ဥပဒေအရ ဒီဘဝထောင်ကျ၊ သေဒဏ်နဲ့မပြီးသေးဘူး။ ဘဝအဆက်ဆက် ဝဋ်ကြွေးများစွာ ခံသွားရဦးမှာမို့ အပြစ်သိပ်ကြီးလွန်းတယ်)။ **သူ့ဥစ္စာမခိုးရဘူး၊** (မလုရ၊ မဝှက်ရဘူး။) **အရက်သေစာ၊ မူးယစ်ဆေးဝါး မမှီဝဲမသုံးစွဲရဘူး။** (စိတ်ငြိမ်းချမ်းအောင်လို့ပါ၊ ရဲဆေးတင်တာ စသဖြင့်ဆင်ခြေပေးမနေနဲ့။ စွဲစေတယ်။ စိတ်ရော၊ ရုပ်ရော ပျက်စီးစေတယ်၊ ဘဝဆုံး လူလုံးမလှ ဖြစ်ရတတ်တယ်) ဝေးဝေးကရှောင်ပါ။ **မဟုတ်မမှန် မပြောရဘူး။** ကုန်းချောစကား၊ အမုန်းစကား၊ သိမ်ဖျင်းသောစကား မပြောရဘူး။

မများပါဘူး။ လုံးဝမများပါဘူး။ သာမန်လူတော်လူကောင်းဖြစ်အောင်၊ အထူးသဖြင့် နိုင်ငံရေးခေါင်းဆောင်ဖြစ်ချင်ရင်တော့ ဒီကိုယ်ကျင့်သီလ၊ စာရိတ္တကို ကောင်းမွန်အောင် ပျိုးထောင်ရမှာ အခြေခံပဲ။ ကျင့်သုံးရင် မခက်ခဲပါဘူး။ အကယ်၍သာ လိမ်လည်တယ်၊ ဖုံးကွယ်တယ်၊ လှည့်စားတယ်၊ မဟုတ်မမှန်ပြောဆိုတယ်၊ လာဘ်စားတယ်၊ ခိုးတယ်၊ ဝှက်တယ်၊ မသမာမှု အဂတိမှုတွေ ကျူးလွန်တယ်၊ အကျင့်စာရိတ္တမကောင်းဘူးဆိုရင် ဘယ်သူက လေးစားချင်မှာလဲ။

အကုသိုလ် ဒုစရိုက်ကံတွေဟာ ဖုံးကွယ်လို့မရပါ။ နောက်ကနေကပ်ပြီး ထက်ကြပ်မကွာလိုက်လာစမြဲပဲ။ ရှေ့ကဖုံးလေ နောက်ကပေါ်လေ။

ကံအကြောင်းတွေပြောမယ်ဆိုရင် အများကြီးပဲ။ သို့ပေမယ့် အနှစ်ချုပ်သာပြောကြပါစို့။

စေတနာကောင်းရင် ကံကောင်းတယ်။

စေတနာမြင့်မှ ကံမြင့်တယ်၊

စေတနာချမ်းသာမှ ကံချမ်းသာတယ်။

စေတနာမွဲတော့ ကံမွဲပြီပေါ့။

စေတနာ ကမ္မံ ဘိက္ခဝေတဲ့။ စေတနာကို ကံပါပဲလို့ ဓမ္မပဒ အပိုဒ် ၁ နဲ့ ၂ မှာ မြတ်စွာဘုရားသခင်ဟောကြားခဲ့ပုံကို သာဓကဖြစ်စဉ်တွေနဲ့တကွ တွေ့ရပါလိမ့်မယ်။ ဓမ္မပဒကျမ်းများ ဖတ်ဖူးစေချင်ပါတယ်။

ကံကောင်းချင်ရင် စိတ်ကောင်းမွေးပါ။

စိတ်ကောင်းစေတနာကောင်းထားမှသာ ကံကောင်းမှာပါ။ အကြံအစည်၊ အပြောအဆို၊ အပြုအမူမှန်သမျှ စေတနာကောင်းပါပါစေ။ ။

## အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် အချုပ်သား အချုပ်သူများကို ဆက်လက်လွှတ်ပေး




ဓာတ်ပုံ-ကနူး

**ရန်ကုန် အောက်တိုဘာ ၁၉**
နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်နှင့် ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုများကို ပိတ်သိမ်း၍ ယမန်နေ့မှစ၍ လွှတ်ပေးခဲ့ရာ ယနေ့နံနက်ပိုင်းတွင်လည်း အင်းစိန်ဗဟိုအကျဉ်းထောင်မှ အချုပ်သား အချုပ်သူတို့ကို ဆက်လက်လွှတ်ပေးလျက်ရှိသည်။

**ပို့ဆောင်**

လွတ်ငြိမ်း သက်သာခွင့်ရရှိသည့် အကျဉ်းသား အကျဉ်းသူ ၆၄၇ ဦးအား နိုဝင်ဘာ ၁၈ ရက်က စတင်လွှတ်ပေးခဲ့ပြီး ယနေ့နံနက် ၇ နာရီမှစတင်၍ အချုပ်သား ၃၁၅ ဦးနှင့် အချုပ်သူ ၈၅ ဦး စုစုပေါင်း ၄၀၀ တို့ကို ဆက်လက်လွှတ်ပေးခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ နေရာများသို့ ပို့ဆောင်ခဲ့သည်။

"ကျွန်တော်တို့ ဒီကနေ့ ထပ်ပြီး လွှတ်တာကတော့ အချုပ်သားတွေဖြစ်ပါတယ်။ အကျဉ်းသားတွေကိုတော့ မနေ့က စိစစ်ပြီး လွှတ်ပေးခဲ့ပါတယ်။ ဒီနေ့မှာ အချုပ်သား ၃၁၅ ဦးနဲ့ အချုပ်သူ ၈၅ ဦး စုစုပေါင်း ၄၀၀ ကို လွှတ်ပေးခဲ့ပြီးတော့ ဆက်လက်လွှတ်ပေးဖို့ စိစစ်ဆောင်ရွက်နေပါတယ်။ အမှုရင်ဆိုင်နေရတဲ့သူတွေကို နိုင်ငံတော်အကြီးအကဲက စာနာထောက်ထားသောအားဖြင့် နိုင်ငံရဲ့အကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ဖို့အတွက် အမှုတွေကို ရုပ်သိမ်းပြီး ပြန်လည်စေလွှတ်ပေးခဲ့ခြင်း ဖြစ်ပါတယ်" ဟု အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းအောင်က ပြောသည်။

ယမန်နေ့က အကျဉ်းသား အကျဉ်းသူ ၆၄၇ ဦးကို ညနေပိုင်းနှင့် ညပိုင်းတို့တွင် လွှတ်ပေးခဲ့ပြီး ယနေ့တွင် အချုပ်သား အချုပ်သူ ၄၀၀ ကို ဆက်လက်လွှတ်ပေးခဲ့ကာ လွှတ်ပေးရန်ကျန်ရှိသည့် အချုပ်သားများကို ဆက်လက်လွှတ်ပေးရန် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

## မြိတ်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၁၂ ဦးအား လွတ်ငြိမ်းခွင့်ပေး

**မြိတ် အောက်တိုဘာ ၁၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၁၂ ဦးအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်နှင့် ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခဲ့သဖြင့် ယမန်နေ့ ညနေပိုင်းက ၈၄ ဦးနှင့် ယနေ့နံနက်ပိုင်းက ၂၈ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းသက်သာခွင့် ပေးရာတွင် မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဇော်နှင့် တာဝန်ရှိသူများက အကျဉ်းသား အကျဉ်းသူများအား ဆုံးမစကားများပြောကြား၍ ထောင်လွတ်လက်မှတ်များပေးအပ်၍ လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့သည်။ လွတ်ငြိမ်းသက်သာခွင့်ရသူများမှာ ယမန်နေ့က အမျိုးသား ၇၁ ဦး၊ အမျိုးသမီး ၁၃ ဦးနှင့် ယနေ့တွင် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၃ ဦးတို့ဖြစ်ကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင် စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများနှင့် တရားရုံးအသီးသီးတွင် တရားစွဲဆိုခြင်းခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်စေလွှတ်

**နေပြည်တော် အောက်တိုဘာ ၁၉**
တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိအကျဉ်းထောင်၊ အချုပ်ထောင် စခန်းအသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော နိုင်ငံသား အကျဉ်းသား အကျဉ်းသူများနှင့် တရားရုံးအသီးသီးတွင် တရားစွဲဆိုခြင်းခံနေရသူများကို အောက်တိုဘာ ၁၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ်(၁၈၆/၂၀၂၂)နှင့် (၁၈၇/၂၀၂၂)တို့ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် ကိုက်ညီသည့် အကျဉ်းသား အကျဉ်းသူများနှင့် တရားစွဲဆိုခြင်းခံနေရသူများကို ပြန်လည်စေလွှတ်လျက်ရှိရာ ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင် စခန်းအသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား အကျဉ်းသူများနှင့် တရားရုံးအသီးသီးတွင် တရားစွဲဆိုခြင်းခံနေရသူများကို နေရပ်အသီးသီးသို့ပြန်လည်စေလွှတ်ပေးခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့်ပြန်လည်စေလွှတ်မှုနှင့်ပတ်သက်၍ ယခုလို ကြားသိရပါသည်။



ပထမ အမျိုးသမီး



ဒုတိယ အမျိုးသား



တတိယ အမျိုးသမီး

**ပထမ အမျိုးသမီး**

ကျွန်မသားလေးက ၅၀၅(က)နဲ့ အဖမ်းခံခဲ့ရတာပါ။ သူလွတ်တဲ့အပေါ်မှာ ခံစားချက်ကတော့ ကျွန်မ အလွန်ကိုပျော်ရွှင်ပြီး ကြည်နူးမိပါတယ်။ မနေ့ညကဆိုရင် အိပ်လို့တောင်မပျော်ပါဘူး။ မနေ့က သိရကတည်းက အခုချိန်အထိ ထမင်းလည်းတစ်လုတ်မှ မစားရသေးပါဘူး။ သားဇောနဲ့ မနက်အစောကြီးကတည်းက ရောက်နေတာပါ။ လွှတ်လာတဲ့ ကလေးတွေအတွက်လည်း အလွန်ဝမ်းသာမိတယ်။ ကိုယ့်အတွက်လည်း အလွန်ဝမ်းသာမိပါတယ်။ သားလေးက အခု ၁၉ နှစ်ပါ။ ဆယ်တန်းပြန်ဖြေဖို့ လုပ်ထားတဲ့ ကျောင်းသားပါ။ ဒါပေမယ့် သူ့အနာဂတ်ကို ပြောရမယ်ဆိုလို့ရှိရင် သူ့သဘောအတိုင်းပဲ၊ သူပြန်လာလို့ရှိရင် သူ့ဆန္ဒရှိတဲ့အတိုင်း လုပ်ပေးဖို့ ကျွန်မစိတ်ထဲမှာရှိတယ်။ ကျွန်မတို့ဆန္ဒအတိုင်းတော့ ကျွန်မသားသမီးကို ကျွန်မ မလုပ်ပေးပါဘူး။ ကျွန်မ ဖြစ်ချင်တဲ့အတိုင်း ဖြစ်အောင် သူ့ကို ကျွန်မက ဒါလုပ်ရမယ်၊ ဟိုဟာလုပ်ရမယ်လို့လည်း မပြောဘူး။ သူ့ရင်ထဲမှာ ဘာဖြစ်တယ်။ သူဘာလုပ်ချင်တယ်ဆိုတာကိုပဲ ကျွန်မက သူလုပ်ချင်တဲ့အတိုင်း လုပ်ပေးဖို့ မိဘတစ်ယောက်အနေနဲ့ အဲဒီလောက်တော့ ဆန္ဒရှိပါတယ်။

**ဒုတိယ အမျိုးသား**

ကျွန်တော့်ညီလေး ဆန္ဒပြပွဲမှာအဖမ်းခံလိုက်ရလို့ပါ။ အလွန်စိတ်ပူတယ်။ ဒီနေ့ပြန်လွှတ်မယ် သတင်းကြားလို့ လာကြိုတာ၊ အိမ်ကမိသားစုက တော်တော်လေးပျော်နေတာပေါ့။ အမေကလည်း သူ့ကို မျှော်နေတာ၊ ဒယ်ဒီကတော့ တော်တော်ကို ပျော်နေတာ၊ ကျွန်တော့်လိုပဲ အခြားမိသားစုတွေလည်း ပျော်နေမယ်လို့ ထင်ပါတယ်။ ညီလေးက ၁၀ တန်းပါ။ ကျောင်းဆက်ထားပေးမယ်။ ပြီးသွားရင် သူဖြစ်ချင်တဲ့ဆန္ဒအတိုင်း လုပ်ပေးမယ်။ ဒါပေမယ့် သူ့ကိုအနာဂတ်ကောင်းအောင် ကျွန်တော်တို့က သွန်သင်ဆုံးမရမှာပေါ့။ နောက်တစ်ခါ ဒါမျိုးလမ်းမှားမရောက်အောင် သွန်သင်ပေးမယ်။ သူ့အနာဂတ်အတွက် လှပအောင် ကျွန်တော်ကြိုးစားပေးမယ်။ အခုလိုလွှတ်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနှင့်တကွ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်း အထူးကျေးဇူးတင်ပါတယ်။

**တတိယ အမျိုးသမီး**

ကျွန်မအမျိုးသားကို လာကြိုတာပါ။ ပြန်လွှတ်မယ့်အထဲမှာ ကျွန်မရဲ့အမျိုးသားပါတယ်ဆိုလို့ အတိုင်းမသိဝမ်းသာပါတယ်။ အချုပ်ကျတာကတော့ ခြောက်လ ကျော်ကျော် ခုနစ်လလောက်ရှိပါပြီ၊ သူအချုပ်ကျတဲ့အချိန်မှာ ကျွန်မအတွက် စားဝတ်နေရေး အလွန်ခက်ခဲပါတယ်။ အိမ်မှာ အမေကလည်း နေမကောင်းပါဘူး။ အခုလိုပြန်လွှတ်လာမယ်ဆိုတော့ ကျွန်မတို့အတွက် နည်းနည်း အသက်ရှူချောင်မယ်လို့တော့ ထင်ပါတယ်။ သူကလည်း လိမ္မာမယ်လို့တော့ ထင်ပါတယ်။ အခုလို ပြန်လွှတ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနှင့် လူကြီးမင်းများအားလုံးကို ကျေးဇူးအထူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ ၁၀၀

## မကွေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၃၃၉ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေး

**မကွေး အောက်တိုဘာ ၁၉**
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုလျက်ရှိရာ မကွေးမြို့ ဗဟိုအကျဉ်းထောင်မှ ယနေ့နံနက်ပိုင်းမှစတင်၍ အကျဉ်းသား အကျဉ်းသူ ၃၃၉ ဦးကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်း သိရသည်။

ထိုသို့အကျဉ်းသား အကျဉ်းသူများအား လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း အစီအစဉ်ကို မကွေးဗဟိုအကျဉ်းထောင်တွင် ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်လင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးသူရသွင်ကိုကိုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝင်းရှိန်တို့က လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား အကျဉ်းသူများအား ဆုံးမသြဝါဒစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား အကျဉ်းသူများအား အကျဉ်းထောင်ရှိ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပြီးစီးသည့် လက်မှတ်များနှင့် ခရီးစရိတ်များ ထောက်ပံ့ပေးအပ်သည်။ အကျဉ်းထောင်မှ အမျိုးသား ၂၈၉ ဦးနှင့် အမျိုးသမီး ၅၀ စုစုပေါင်း ၃၃၉ ဦး လွှတ်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(မကွေး)



# မန္တလေးမြို့၌ ဆူပူဆန္ဒပြမှုများနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းခံနေရသူ ၃၈၄ ဦးအား အမှုမှ ပိတ်သိမ်းပေး

**မန္တလေး အောက်တိုဘာ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆူပူဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းခံနေရသူ ၄၃၂၀ တို့၏ ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုများကိုပိတ်သိမ်း၍ အမှုမှ လွှတ်ရန် အမိန့်အမှတ်(၁၈၇/ ၂၀၂၁) ဖြင့် ထုတ်ပြန်ကြေညာခဲ့ရာ ယနေ့တွင် မန္တလေးမြို့၌ တရားစွဲဆိုခြင်းခံနေရသူ ၃၈၄ ဦး၏ အမှုများကို ပိတ်သိမ်း၍ အချုပ်မှ လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆူပူဆန္ဒပြမှုများဖြင့် တရားရုံးအသီးသီးတွင် တရားစွဲဆိုခံရသူများအား မန္တလေး ဗဟိုအကျဉ်းထောင်အတွင်း အချုပ်သားအဖြစ် ထားရှိရာမှ ယနေ့မွန်းလွဲပိုင်းတွင် အမှုများ ပိတ်သိမ်းပြီး လွတ်မြောက်ခွင့်ရရှိသူအမျိုးသား ၃၂၀ နှင့် အမျိုးသမီး ၆၄ ဦး စုစုပေါင်း ၃၈၄ ဦးတို့အား အကျဉ်းထောင်တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများ ဖြစ်သည့် အပူချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းများ ဝေငှပေးခြင်းနှင့် ကိုဗစ်ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူများအား သက်သေခံလက်မှတ် Q R code တို့ကို စနစ်တကျပေးအပ်ပြီး နေ့တွက်စရိတ်များ ပေးအပ်ကာ သက်ဆိုင်ရာ မြို့နယ်အလိုက် ရဲစခန်းတာဝန်ရှိသူများထံသို့ ပြန်လည်လွှဲအပ်ပေးပြီး နေရပ်များသို့ ဆက်လက်ထွက်ခွာစေကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ဆူပူဆန္ဒပြမှုများနှင့် စပ်လျဉ်း၍ ကြားနာစစ်ဆေး ဆဲအမှုများပိတ်သိမ်းကာ အမှုမှလွတ်မြောက်ခွင့်ရရှိသူ အမျိုးသား ၄၂၀ နှင့် အမျိုးသမီး ၈၄ ဦး စုစုပေါင်း ၅၀၄ ဦးရှိကြောင်း မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနမှ ဦးစီးမှူး ဦးချိုဝင်းထွန်းထံမှ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**






## ကသာအကျဉ်းထောင်၌ အကျဉ်းသား အကျဉ်းသူများအား လွတ်ငြိမ်းသက်သာခွင့်ပေး

**ကသာ အောက်တိုဘာ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ကသာအကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူများအား အောက်တိုဘာ ၁၈ ရက် ညနေ ၃ နာရီက စတင်လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အကျဉ်းသား အကျဉ်းသူများအား ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က တွေ့ဆုံအမှာစကား ပြောကြားခဲ့သည်။

ကသာအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသူ အကျဉ်းသား အကျဉ်းသူပေါင်း ၁၂ ဦးကို ယမန်နေ့က စတင်လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း၊ ယနေ့ နံနက်ပိုင်းတွင်လည်း လွတ်ငြိမ်းခွင့် ရရှိသူ အကျဉ်းသား ၄၀ နှင့် အကျဉ်းသူ နှစ်ဦး စုစုပေါင်း ၄၂ ဦးတို့ကို ထပ်မံလွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျိုင်းတုံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေး

**ကျိုင်းတုံ အောက်တိုဘာ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမှတ်(၁၈၆/၂၀၂၁)ဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၂ ဦးအား အောက်တိုဘာ ၁၉ ရက်က လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ) ရဲမှူးကြီး အေးသိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းနှင့် တာဝန်ရှိသူများက ဆုံးမဩဝါဒစကားများ ပြောကြားပြီး လွတ်ငြိမ်းသက်သာခွင့် လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယနေ့ ကျိုင်းတုံအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား အကျဉ်းသူ ၄၂ ဦးနှင့် အောက်တိုဘာ ၁၈ ရက်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား အကျဉ်းသူ ၁၅ ဦး စုစုပေါင်း ၅၇ ဦး လွှတ်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## နေပြည်တော်အချုပ်ထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိသူ အချုပ်တရားခံ ၅၉ ဦး လွှတ်ပေး

**ဇမ္ဗူသီရိ အောက်တိုဘာ ၁၉**

ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် နေပြည်တော်အချုပ်ထောင်၌ အချုပ်သားများအား ယနေ့နံနက်ပိုင်းက လွှတ်ပေးခဲ့သည်။

ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုများပိတ်သိမ်းပြီး ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့် ရရှိသူများအား ဇမ္ဗူသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးထွန်းက ကောင်းမွန်စွာ နေထိုင်ကြရန် ဆုံးမဩဝါဒစကား ပြောကြားခဲ့ပြီး နေပြည်တော် အချုပ်ထောင်ရှိ အမျိုးသား ၄၉ ဦးနှင့် အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၅၉ ဦးတို့အား လွှတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပွင့်ဖြူမြို့နယ်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား ၁၆ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေး

**ပွင့်ဖြူ အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား ၁၆ ဦးအား အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည့် အကျဉ်းသားများကို ပွင့်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဦးနှင့် တာဝန်ရှိသူများက ဆုံးမဩဝါဒစကားများ ပြောကြားပြီး ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား ၁၄ ဦးနှင့် အကျဉ်းသူ နှစ်ဦးတို့ကို ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၅-၁၀-၂၀၁၂ ရက်နေ့မှအဆက်)

## အနတ္တလက္ခဏာသုတ်ဟောချိန်

**ဘဒ္ဒဝဂ္ဂီညီနောင် ၃၀ တို့အား တရားတိုက်ကျွေး ရဟန်းပြုခြင်း**

ဘုရားရှင်သည် ရဟန္တာ ၆၀ တို့ကို သာသနာပြုရန် စေလွှတ်ကာ သူတစ်ပါးတည်း သပိတ်၊ သင်္ကန်းတို့ကို သယ်ဆောင်ပြီး မိဂဒါဝုန်တောမှ ထွက်ခွာလာသည်။ ဥရုဝေလတောသို့ ထွက်ခွာလာပါသည်။ ခရီးလမ်းကြောင်းတွင် "ကပ္ပသိက" မည်သော တောအုပ်တွင်းသို့ဝင်၍ သစ်ပင်ကြီးတစ်ပင်အောက်၌ သီတင်းသုံးတော်မူလေသည်။

ကောသလမင်းကြီးနှင့် အဖေတူအမိကွဲသော၊ ညီအစ်ကိုတော်စပ်ကြသော မင်းသား ၃၀ တို့မှာ ပျိုမြစ်နုနယ် အလွန်လှကြသည့် "ဘဒ္ဒဝဂ္ဂီ" အမည်ရှိမင်းသား ၃၀ ဖြစ်ပါသည်။ ယင်းမင်းသားတို့သည် ကာမဂုဏ်ကို လွတ်လပ်စွာပျော်ပါးလိုသည်။ သူတို့၏ပျော်ပါးခြင်းကို အခြားသူများတွေ့လျှင် ကဲ့ရဲ့ရှုတ်ချမည်စိုး၍ လူသူမနီး တောသို့ထွက်လာပြီး ပျော်ပါးကြပါသည်။ သူတို့၏မယားများခေါ်၍ ပျော်ပါးကြပါသည်။ ထိုအချိန်၌ ထိုမင်းသား ၃၀ တွင် တစ်ဦးသည် ဇနီးမယားမရှိသဖြင့် အစားထိုး၍ ပြည့်တန်ဆာမတစ်ဦးကို ခေါ်လာခဲ့ပါသည်။ ထိုမင်းသားအိပ်ပျော်ခိုက်၌ ယင်းပြည့်တန်ဆာမသည် အဖိုးတန်လက်ဝတ်ရတနာများ ခိုး၍ပြေးလေသည်။ ထိုအကြောင်း ကျန်မင်းသားအား ပြောပြသော် ၎င်းပြည့်တန်ဆာမကို လိုက်ရှာကြ၏။

ထိုအချိန် သစ်ပင်ရင်း၌ သီတင်းသုံးနေသော ဘုရားရှင်ကိုတွေ့သော် ၎င်းတို့အလိုရှိနေသော မိန်းမတစ်ယောက်ကိုသာ မေးကြပါသည်။ ဘုရားရှင်က သူမေးသည့်စကားပေါ်တွင် "သင်တို့သည် မိန်းမရှာခြင်းသည် မြတ်သလော၊ မိမိကိုယ်ကို ရှာခြင်းသည် မြတ်သလော"ဟု မေးလေသည်။

၎င်းတို့ကလည်း "မိမိကိုယ်ကိုရှာခြင်းသည် မြတ်သည်"ဟု ဝန်ခံလျှောက်ထားကြပါသည်။ ဘုရားရှင်သည် ၎င်းတို့ထိုင်ရန် နေရာပေးသည်။ ထို့နောက် ၎င်းတို့အား တရားဟောသည်။ "ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံအာဒီနဝကထာ၊ နေက္ခမ္မအာနိသံသကထာ" ဟူသော ဒေသနာငါးဆင့်ကို ဟောကြားလေသည်။ ထိုအခါ၌ ထိုမင်းသားတို့သည် တရားတို့ကို ပိတ်ဆို့တတ်သော နီဝရဏ ကင်းသွားလေသည်။ ထိုအခြေအနေကို သိတော်မူသော ဘုရားရှင်သည် သစ္စာလေးပါးကိုပြသ၍ အလွယ်ပင်ဟောကြားလေသည်။ တရားနာပြီးသော် မင်းသားအားလုံးသည် တချို့က သောတာပန်၊ တချို့ သကဒါဂါမ်၊ တချို့က အနာဂါမ် ဖြစ်သွားကြလေသည်။ ၎င်းတို့ကလည်း ဘုရားရှင်အား ရဟန်းပြုလိုကြောင်း လျှောက်ထားကြသဖြင့် ဘုရားက "ဧဟိဘိက္ခု"ဟူ၍ ရဟန်းအားလုံးဖြစ်သွားကြပါသည်။

(မင်းသားအားလုံးသည် အတိတ်ဘဝကံ "တုဏ္ဍိလဇာတ်"၌ သေသောက်ကြူးသူများ ဖြစ်ပါသည်။ ထိုအခါ ဘုရားအလောင်းသည် တုဏ္ဍိလဝက် ဖြစ်ခဲ့၏။ ၎င်း၏တရားကို နာခံသောကြောင့် ကုသိုလ်ပါရမီကြောင့် ယခုဘဝ၌ မဂ်ဖိုလ်တရားကို လွယ်ကူစွာရခြင်းဖြစ်ပါသည်) ထိုမင်းသား ၃၀ သည် မထေရ်ဘဝ၌ ကောသလတိုင်း အနောက်ပိုင်း "ပါဝေယျက" ပြည်၌ အနေများသောကြောင့် "ပါဝေယျက" ရဟန်းများဟု ထင်ရှားလေသည်။

**ရသေ့တစ်ထောင်ကိုချွတ်ရန် ဘုရားရှင်တန်ခိုးများစွာပြခြင်း**

ဘုရားရှင်သည် ဘဒ္ဒဝဂ္ဂီရဟန်း ၃၀ ကို ခွဲခွာ၍ ဥရုဝေလတောအုပ်သို့ ဒေသစာရီကြွတော်မူလေသည်။ ဥရုဝေလတောအုပ်ထဲ၌ ညီနောင်သုံးဦးသည် အကြီးမှူးပြု၍ မြစ်ကွေ့တစ်ခုစီ၌မှီလျက် ရသေ့တစ်ထောင်ဖြင့် နေကြကုန်သည်။ ရသေ့သုံးဦးတို့၏ အမည်မှာ (၁) ဥရုဝေလကဿပ၊ (၂) နဒီကဿပ၊ (၃) ဂယာကဿပတို့ဖြစ်ကြပါသည်။ အစ်ကိုအကြီးဆုံးဖြစ်သည့် ဥရုဝေလကဿပမှာ ရသေ့ငါးရာ၊ နဒီကဿပသည် ရသေ့သုံးရာ၊ အငယ်ဆုံး ဂယာကဿပသည် ရသေ့နှစ်ရာနှင့် အတူနေကြပါသည်။

၎င်းတို့သည် ကိလေသာခန်းခြောက်ရန်အတွက် ကစားမျိုးစုံတို့ဖြင့် ပင်ပန်းကြီးစွာကစားမှ အာရုံတစ်ခုခုသို့မရောက်ဘဲ နှလုံးသွင်း၍ နံနက်နေမထွက်မီ ရေထဲဆင်း၍ မြူးထူးပျော်ပါးကြလေသည်။ ဆွမ်းစားသည့်အချိန်မှ ပြန်တက်လာကြပါသည်။ ဆွမ်းစားပြီးသော် ၎င်းတို့သည် မီးကင်လျက် အပူပြင်းမှ "ကိလေသာ"တို့ကို ရေထဲမျှောမည်ဟူ၍ ရေထဲဆင်းကြပါသည်။ အိပ်ချိန်တန်မှ ပြန်တက်ကြပါသည်။ ၎င်းတို့သည် အတ္တကိလမထာ ကိုယ်ကိုညှဉ်းဆဲသည့် အကျင့်ကို အချိန်ကြာကြာ ပြုကျင့်နေကြလေသည်။

ယင်းသို့ လုပ်ဆောင်နေကြသည်ကို ဘုရားရှင်က မြင်ပါသည်။ ထို့နောက်ဘုရားရှင်သည် အစ်ကို အကြီးဆုံးဖြစ်သော ဥရုဝေလကဿပအား သူတို့နေသော မီးတင်းကုပ်တွင် နေခွင့်တောင်းသည်။ ၎င်းကဿပက ဤနေရာကို မပေးနေလို၍ မဟုတ်ကြောင်း၊ ၎င်းအောက်တွင်ရှိသော နဂါးမင်းက နှိပ်စက်မည်စိုး၍ နေခွင့်မပေးသည်ဖြစ်ကြောင်း ဘုရားရှင်အား ပြောပါသည်။ သို့သော် ဘုရားရှင်က နေခွင့်ပေးမည်ဆိုပါက နေမည်ဖြစ်ကြောင်း၊ နဂါးနှိပ်စက်မည့်ရန်ကို မကြောက်ကြောင်းပြောပါသည်။ ထို့ကြောင့် ဘုရားရှင်အား နေခွင့်ပြုလိုက်လေသည်။

ဘုရားရှင်သည် နေခွင့်ပြုလိုက်သောအခါ မီးတင်းကုပ်သို့ဝင်၍ တင်ပျဉ်ခွေပြုလျက် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းလေသည်။ (၁) နဂါးမင်းသည် မီးတောက်မီးလျှံလွှတ်၍ ဘုရားရှင်အား တိုက်ခိုက်ပါသည်။ ဘုရားရှင်ကလည်း တေဇောကသိုဏ်းရှု၍ ၎င်းထက်ပိုသော မီးတောက်မီးလျှံကို လွှတ်လေသည်။ အဝေးမှ ထိန်ထိန်လင်းမီးလျှံကို ကဿပတို့ မြင်သော် ဘုရားရှင်သည် နဂါးညှဉ်းဆဲ၍ သေပြီဟု ထင်ကြပါသည်။ ဘုရားရှင်သည် ညဉ့်သုံးယံစလုံး နဂါးမင်းကို နှိမ်နင်းလျက် မိုးသောက်ရောက်သောအခါ နဂါးကိုသပိတ်ထဲထည့်၍ ဥရုဝေလကဿပအားပြလေသည်။ ထိုအခါ ၎င်းသည် တန်ခိုးကြီးမားသည့်နဂါးကိုနိုင်သည့် ပို၍တန်ခိုးကြီးကြောင်းသိသည်။ သို့သော် ၎င်းစိတ်ထဲ၌ ဘုရားရှင်ကို သူတို့လိုရဟန္တာမဟုတ်ဟု စိတ်တွင်အကြံရှိသည်။ ထိုအခြင်းအရာကြောင့် ဘုရားရှင်အား ဤနေရာ၌ အမြဲနေပါ။ သူတို့ အမြဲလုပ်ကျွေးနေမည်ဖြစ်ကြောင်း ဘုရားရှင်အား ဥရုဝေလကဿပက ပြောကြားလေသည်။ ဘုရားရှင်ကလည်း ၎င်းတို့ ခွင့်ပြုထား၍ နေတော်မူလေသည်။

(၂) ညဉ့်သန်းခေါင်ယံ၌ စတုမဟာရာဇ် နတ်မင်းကြီးလေးဦးသည် ကိုယ်ရောင်ကိုယ်ဝါ အလင်းရောင်များပြလျက် ဘုရားရှင်အား လာကန်တော့ဖူးမြော်ပါသည်။ ဘုရားရှင်အား လာကန်တော့သောကြောင့် အလင်းရောင် ထိန်လင်းနေပါသည်။ နံနက်မိုးသောက်၍ ဘုရားရှင်အား ဆွမ်းစားပင့်ခြင်းနှင့်အတူ လမ်းတွင် နတ်မင်းကြီးလေးပါးအကြောင်း မေးပါသည်။ ဘုရားရှင်က နတ်မင်းကြီးသည် သူ့တရားလာနာကြောင်း၊ သူ့အား လာကန်တော့ကြောင်း ပြောပြရာ ကဿပကလည်း နတ်မင်းကြီးလေးပါး လာရောက်ဖူးမြင်သည်ကို အံ့သြသည်။ သို့သော် ယခင်အတိုင်း ဘုရားရှင်သည် သူတို့ကဲ့သို့ ရဟန္တာ မဖြစ်သေး၍ အကြံဖြစ်လျက်နေပါသည်။ ထိုအဖြစ်အကြံကို ဘုရားရှင်သည် သိသော်လည်း အချိန်မတန်သေး၍ သည်းခံနေပါသည်။ သူတို့ကပ်သော ဆွမ်းကို ဘုဉ်းပေးပြီး ဆက်နေပါသည်။

(၃) နောက်နေ့ ညဉ့်သန်းခေါင်ယံတွင် ဘုရားရှင်ထံသို့ သိကြားမင်းကြွလာပြီး ခစားပါသည်။ ထိုသို့အဖြစ်ကဲ့သို့ ကဿပသည် ရှေ့နည်းတူမေးသည်။ ဘုရားကလည်း သိကြားမင်း လာခစားကြောင်းပြောပါသည်။ ၎င်းသည် ရှေ့နည်းတူဖြစ်နေပါသည်။ ဘုရားကလည်း သည်းခံနေလေသည်။

(၄) နောက်တစ်ဖန် နောက်နေ့၌ "သဟမ္ပတိ" ဗြဟ္မာမင်းကြီးသည် ညဉ့်သန်းခေါင်ယံအချိန်၌ ဘုရားထံသို့ ခစားလာပါသည်။ ဤအဖြစ်ကို ကဿပကမေး၍ ရှေ့နည်းတူဖြေကြားခဲ့ပါသည်။

စာမျက်နှာ ၁၁ သို့ ❖

**ဘုရားရှင်သည် နေခွင့်ပြုလိုက်သောအခါ မီးတင်းကုပ်သို့ဝင်၍ တင်ပျဉ်ခွေပြုလျက် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းလေသည်။ (၁) နဂါးမင်းသည် မီးတောက်မီးလျှံလွှတ်၍ ဘုရားရှင်အား တိုက်ခိုက်ပါသည်။ ဘုရားရှင်ကလည်း တေဇောကသိုဏ်းရှု၍ ၎င်းထက်ပိုသော မီးတောက်မီးလျှံကို လွှတ်လေသည်။ အဝေးမှ ထိန်ထိန်လင်းမီးလျှံကို ကဿပတို့ မြင်သော် ဘုရားရှင်သည် နဂါးညှဉ်းဆဲ၍ သေပြီဟု ထင်ကြပါသည်။ ဘုရားရှင်သည် ညဉ့်သုံးယံစလုံး နဂါးမင်းကို နှိမ်နင်းလျက် မိုးသောက်ရောက်သောအခါ နဂါးကိုသပိတ်ထဲထည့်၍ ဥရုဝေလကဿပအား ပြလေသည်။ ထိုအခါ ၎င်းသည် တန်ခိုးကြီးမားသည့် နဂါးကိုနိုင်သည့် ပို၍တန်ခိုးကြီးကြောင်းသိ**



# လွတ်မြောက်သင့် လွတ်မြောက်ထိုက်သူများ လွတ်မြောက်လာခြင်းအပေါ် ဝမ်းမြောက်စွာ ကြိုဆို

## သတင်းမီဒီယာသမား၊ ကျန်ရှိနေသူများ ထပ်မံလွတ်မြောက်နိုင်ရေး ဆောင်ရွက်ပေးမည်ဆိုပါက နိုင်ငံတော်ညီညွတ်ငြိမ်းချမ်းရေးအတွက် အားဖြည့်ပါဝင်နိုင်မည်ဟု ယုံကြည်

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

**ကြေညာချက်(၈/၂၀၂၂)**

**၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၉ ရက်၊ အင်္ဂါနေ့**

၁။ ယနေ့ကာလသည် နိုင်ငံတော်ကို စစ်မှန်သောဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး၊ နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ သတင်းအမှားများကြောင့် ပေါ်ပေါက်လာသော အကြမ်းဖက်လုပ်ရပ်များကို ဖော်ထုတ်နှိမ်နင်းနိုင်ရေးတို့ကို အလေးထား ဆောင်ရွက်နေရသည့်အချိန်ဖြစ်ပြီး ပြည်ပနိုင်ငံများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကာလလည်း ဖြစ်ပါသည်။

၂။ ဤသို့သောအခြေအနေတွင် ဆူပူဆန္ဒပြမှုများကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူများထဲမှ လွှတ်သင့်လွှတ်ထိုက်သူများကို လွှတ်ပေးခြင်း၊ တရားစွဲဆိုခြင်းခံနေရသူ အကျဉ်းကျခံနေရသူများမှအချို့ကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းတို့ကို (၁၈-၁၀-၂၀၂၂) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။

၃။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် နိုင်ငံတော်တည်ငြိမ်ရေး၊ စစ်မှန်သည့် ဒီမိုကရေစီစနစ်ဖော်ဆောင်နိုင်ရေးတို့အတွက် သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်များနှင့်အညီ စတုတ္ထမဏ္ဍိုင်အဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိသည့် အားလျော်စွာ ယခုကဲ့သို့ လွတ်မြောက်သင့် လွတ်မြောက်ထိုက်သူများ လွတ်မြောက်လာခြင်းအပေါ် ဝမ်းမြောက်စွာ ကြိုဆိုပါသည်။

၄။ အလားတူပင် ဖမ်းဆီးထိန်းသိမ်းခံထားရသူများအနက် သတင်းမီဒီယာသမားများအပါအဝင် ကျန်ရှိနေသူများကိုလည်း လွတ်မြောက်သင့်သည့် အခြေအနေအချိန်အခါတွင် ထပ်မံလွတ်မြောက်လာနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်မည်ဆိုပါက လက်ရှိနိုင်ငံတော်အတွက် အထူးလိုအပ်လျက်ရှိသည့် ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အင်အားဖြည့်ပါဝင်အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

---

✪ ကျောဖုံးမှ

အဆိုပါ အောင်ပန်းဒေသအာလူးများသည် လက်ရှိအချိန်တွင် မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကားအစီးရေ ၂၀ အထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများမှာလည်း ယခင်ရက်များထက် ဈေးကောင်းရရှိနေကြောင်း၊ ပြီးခဲ့သည့်နှစ်ပတ်ခန့်က အာလူးဈေးမှာ တစ်ပိဿာလျှင် အမြင့်ဆုံးဈေး ငွေကျပ် ၇၀၀ မှ ၁၂၀၀ အထိ ရရှိခဲ့သော်လည်း ယခုလက်ရှိအချိန်တွင် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ မှ ၁၈၀၀ အထိ ဈေးနှုန်းများရရှိနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိမှာတော့ အာလူးက အဓိကစိုက်ပျိုးတဲ့ အောင်ပန်းဒေသဘက်ကပဲ ထွက်ပြီး ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက အာလူးတွေဈေးကွက်ကို ဝင်ရောက်တာ မရှိသေးပါဘူး။ ရှမ်းပြည်တောင်ပိုင်း အောင်ပန်းဒေသကပဲ အများဆုံးထွက်တော့တာပါ။ ဒါကြောင့် အာလူးက အဝင်နည်းသွားပါတယ်။ မနှစ်က အာလူးဈေးကမကောင်း အရှုံးပေါ်တာကြောင့် တောင်သူတွေက ဒီနှစ်မှာ မစိုက်ကြတော့ပါဘူး။ အာလူးစိုက်ကေတွေ ထက်ဝက်ခန့်ကို လျော့သွားပါတယ်။ အဲဒါကြောင့် အာလူးဈေးတွေက တက်လာပြီး ဈေးကောင်းရနေကြတာပါ။ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွေမှာလည်း ဆီဈေးတွေက တက်တာလည်းပါတယ်။ ပြီးတော့ ဒီနှစ်က ကိုဗစ်ဖြစ်တော့ ပြည်သူတွေက အထားခံတဲ့အာလူးကို ဝယ်ပြီး သိမ်းဆည်းထားကြပါတယ်။ အဲဒါကြောင့် ဈေးကောင်းလည်း ရနေကြပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ အောင်ပန်းဒေသထွက် အာလူးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိနေပြီး ဈေးနှုန်းမှာလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယင်းအာလူးများ ဈေးကောင်းရရှိနေခြင်းနှင့်အတူ ကျန်သည့်ကုန်သီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ သခွားသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့ကိုလည်း ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါဈေးသို့ ကုန်မျိုးစုံဝင်ရောက်နေသည့် ကားအစီးရေသည် နေ့စဉ် အစီး ၅၀ မှ အစီး ၇၀ အထိ ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

---

# ဟုမ္မလင်းမြို့နယ်မှ ရော်ဘာ ပေါင် သုံးသိန်းခန့်ထွက်ရှိ

**ဟုမ္မလင်း အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်မှ ရော်ဘာ ပေါင် သုံးသိန်းခန့်ထွက်ရှိကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွေးထံမှ သိရသည်။

"ရော်ဘာတစ်ဧကကို အစေး ပေါင် ၆၀၀ လောက်ထွက်တယ်။ ဟုမ္မလင်းတစ်မြို့နယ်လုံးဆိုရင် ရော်ဘာအစေး ပေါင် သုံးသိန်းလောက် ထွက်တယ်။ ရော်ဘာအစေးတွေကို မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချကြတယ်။ အရင်နှစ် ရော်ဘာဈေးက တစ်ပေါင် ကျပ် ၈၀၀ ရှိခဲ့ပြီး ဒီနှစ်မှာ တစ်ပေါင် ကျပ် ၁၀၀၀ ဈေးနဲ့ ရောင်းရပါတယ်"ဟု ဒေါ်စုစုထွေးက ဆက်လက်ပြောကြားသည်။



ဟုမ္မလင်း မြို့နယ်တွင် ရော်ဘာတစ်ဧကစိုက်လျှင် စိုက်ပျိုးစရိတ်မှာ ကျပ်ငါးသိန်းကျော်ကုန်ကျပြီး ၂၀၁၅ ခုနှစ်မှစတင်၍ ဟုမ္မလင်းမြို့နယ်၌ ရော်ဘာ ဧက ၂၀၀ စတင်စိုက်ပျိုးရာ လက်ရှိတွင် ရော်ဘာဧက ၈၁၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။

"နွေရာသီမှာ ရော်ဘာပင်တွေ မီးမလောင်စေဖို့ ရော်ဘာစိုက်တောင်သူတွေကို နည်းပညာတွေ ပေးထားပါတယ်။ မျိုးစေ့ရွေးချယ်တဲ့အခါ မှန်ကန်အောင် နည်းပညာတွေပေးထားသလို မြေအမျိုးအစားနဲ့ မိုးရေချိန်တွေကိုက်ညီတဲ့မျိုးစေ့ကိုစိုက်ဖို့ တောင်သူတွေကို ပြောကြားထားပါတယ်။ ရော်ဘာပင် စောင့်ရှောက်ဖို့နဲ့ ရော်ဘာလှီးတဲ့နည်းစနစ်တွေကို သင်ကြားပေးထားတော့စိုက်တာ၊ ထုတ်လုပ်တာ အောင်မြင်ပါတယ်"ဟု ဒေါ်စုစုထွေးက ပြောသည်။ **လူလေး**

---

❖ စာမျက်နှာ ၁၀ မှ

(၅) ဥရုဝေလတော၌နေသော ဥရုဝေလကဿပအား အင်္ဂတိုင်း၊ မာဂဓတိုင်းမှ လူများစွာတို့သည် လာရောက်ပူဇော်ပသနေကျဖြစ်ပါသည်။ နှစ်စဉ်လာရောက်ခြင်း ဖြစ်ပါသည်။ ကဿပသည် ဤလာရောက်ပူဇော်သည့်လူများသည် ဘုရားရှင်သည် အဆင်းလှသည်၊ အလွန်လည်း တန်ခိုးကြီးသည်။ ၎င်းတို့သည် သူ့ကိုမကြည်ညိုဘဲ ဘုရားရှင်အား ကြည်ညိုသွားမည်ကို စိုးရိမ်မှုဖြစ်သည်။ ထို့ကြောင့် ၎င်းနေ့၌ ဘုရားရှင်မလာရန် မည်သို့လုပ်ရမည်နည်းကို စဉ်းစားသည်။ ထိုအချက်ကို ဘုရားရှင်ကသိ၍ "ဥတ္တရကုရု" ခေါ် မြောက်ကျွန်းသို့ ကြွ၍ဆွမ်းခံပြီး အနောတတ်အိုင်အနီး၌ ဆွမ်းဘုဉ်းပေးလေသည်။

ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးနောက် "လက်ဒီပ" မည်သော သီဟိုဠ်ကျွန်းသို့ နောင်အခါ၌ သာသနာထွန်းကားမည်ကို မြင်တော်မူသည်။ နတ်ဘီလူးတို့ကို နှိမ်နင်းလျက် ဘုရားရှင်သည် သုမနမင်းသားအား ဆံတော်လက်တစ်ဆုပ်မျှ ပေးတော်မူခဲ့ပါသည်။

ဘုရားရှင်သည် နောက်နေ့မနက်၌ အရုဏ်မတက်မီ ဥရုဝေလတောသို့ ပြန်ကြွလာပါသည်။ ကဿပသည် ဘုရားရှင်အား ဆွမ်းဘုဉ်းပေးရန် လာ၍ မနေ့က ဘယ်သို့ကြွနေပါသလဲ။ သူတို့ ဆွမ်းဖြင့် အသင့်စောင့်နေကြောင်း မဟုတ်မမှန် လောကွတ်စကားပြောလေသည်။ ဘုရားသည် ကဿပ၏ကြံစည်ကို သိတော်မူသည်။ ယင်းအကြောင်းကို ဘုရားရှင်က ကဿပအား ပြောပြလိုက်သည်။ ၎င်းသည် ဤသို့သိနေသည်ကို အံ့ဩသော်လည်း ရှေ့နည်းတူအတိုင်း ပြုကျင့်နေလေသည်။ ဘုရားရှင်ကလည်းသည်းခံ၍ နေမြဲအတိုင်း ၎င်းတို့ကပ်သော ဆွမ်းဘုဉ်းပေးပြီးနေပါသည်။

(၆) သေနနိဂုံးရွာမှ သူဌေးမသုဇာတာ၏ ကျွန်မ "ပုဏ္ဏာ" ကွယ်လွန်သဖြင့် ၎င်း၏အလောင်းကို ပိုက်ဆံလျှော်အဝတ်ဖြင့်တုပ်လျက် သုသာန်၌ စွန့်ပစ်ထားပါသည်။ ဘုရားရှင်သည် ယင်းအလောင်းရှိ တစ်ပြည်ခန့်လောက်ကောင်များကို ဖယ်ရှား၍ ယင်းအဝတ်ကို ပံ့သကူအဖြစ်ကောက်ကာ ဥရုဝေလတောသို့ ယူဆောင်လာလေသည်။ ထိုအချိန်၌ ပထဝီမြေကြီးကလည်း မြည်ဟည်းလေသည်။ ကောင်းချီးပေးနေလေသည်။ ဘုရားရှင်သည် ဤပံ့သကူအဝတ်ကို မည်သည့်နေရာတွင် လျှော်ရမည်ကို ကြံနေသည်။ သိကြားမင်းက လေးထောင့်ကန်တစ်ခု ဖန်တီးပြီးပေးသည်။ လျှော်ဖွပ်ပြီးလှန်းရန် ကျောက်ဖျာကြီးအသစ် ဖန်တီးပေးသည်။ ထို့နောက် ယင်းသင်္ကန်းပံ့သကူကိုလှန်းရန်အတွက် ရေခံတက်ပင်စောင့်နတ်ထံ ရေခံတက်အကိုင်းတစ်ခုကို ကိုင်ပေးလျက် လှန်းစေခဲ့ပါသည်။ ထို့အပြင် ယင်းသင်္ကန်းပြည့်ရန် ဖြန့်ရမည့်နေရာကို သိကြားမင်းက ကျောက်ဖြာကြီး တစ်ခုဖန်ဆင်း၍ လှန်းစေခဲ့ပါသည်။

နောက်နေ့နံနက်၌ ကဿပသည် ဆွမ်းဘုဉ်းပေးရန် လာပင့်သောအခါ ဤဖြစ်ပျက်သော အခြင်းအရာများကို မြင်တွေ့သော် ဘုရားရှင်အား မေးသည်။ ဘုရားရှင်ကလည်း အလုံးစုံကို ရှင်းပြသည်။ ကဿပကလည်း ရှေ့နည်းအတူကြံစည်ဖြစ်နေလေသည်။

(၇) နောက်တစ်နေ့၌လည်း ဘုရားရှင်အား ကဿပ ဆွမ်းဘုဉ်းပေးရန် လာပင့်သည်။ ဘုရားရှင်က ချက်ချင်းမလိုက်ဘဲ ကဿပအား ပြန်လွှတ်၍ ဇမ္ဗူဒိပ်ကျွန်းအနီးရှိ သပြေပင်ဆီသို့သွား၍ ဇမ္ဗူသပြေသီးကိုကောက်လျက် ကဿပမီးတင်းကုပ်၌ ထိုင်တော်မူသည်။ ဘုရားရှင်အား ဤအခြင်းအရာများကိုအံ့ဩလျက် မေးသည်ရှိသော် ဘုရားရှင်ကလည်း အစုံဖြေသည်။ ကဿပကလည်း ရှေ့နည်းတူအကြံဖြစ်လေသည်။

(၈) နောက်တစ်နေ့ နံနက်၌လည်း ဘုရားရှင်သည် ယင်းဇမ္ဗူဒိပ်ကျွန်းမှ သရက်ဖြူသီးနှင့်

(၉) ရှစ်ရှားသီး

(၁၀) ဖန်ခါးသီး

(၁၁) တာဝတိံသာမှ ပင်လယ်ကသစ်ပွင့်တို့ကို ယူလာပြီး ကဿပမရောက်ခင် ဘုရားရှင်က ရောက်နေလေသည်။ ကဿပကမေးသော် ရှေးနည်းတူ ဘုရားရှင်က ဖြေကြားခဲ့ပါသည်။ သို့သော်လည်း အံ့ဩသည်မှအပ ကဿပသည် ရှေးနည်းတူ အကြံဖြစ်နေလေသည်။

(၁၂) ကဿပ၏ ရသေ့ငါးရာသည် မီးမွှေး၍ သစ်တုံးများခွဲသော် မရသဖြင့် ဘုရားရှင်အား ပြောသော် ဘုရားရှင်က တန်ခိုးဖြင့် လုပ်လိုက်ရာ သစ်တုံးများကွဲ၍ ပြန့်ကြဲသွားစေသည်။

(၁၃) နောက်မီးမွှေးရန် မတတ်နိုင်သဖြင့် ဘုရားအားပြောရာ ဘုရားရှင်က တန်ခိုးဖြင့် မီးခိုးလိုရဟုန် ဖန်တီးပေးလိုက်လေသည်။ မီးတောက်များ ဟုန်းဟုန်းတောက်လောင်စေသည်။

(၁၄) ထိုမီးတို့မငြိမ်းသဖြင့် ကဿပက ဘုရားရှင်အား လျှောက်ထားပြန်သဖြင့် တန်ခိုးဖြင့်ငြိမ်းစေခဲ့ပါသည်။

(၁၅) တစ်နေ့သောအခါ သူတို့၏ အယူဝါဒ အရ ညအခါ မြစ်ထဲဆင်းသည်။ ပြန်တက်လာသောအခါ ဆောင်းရာသီကြောင့် ခိုက်ခိုက်တုန်ချမ်းနေသည်။ ဘုရားရှင်က မီးလှုံစေခြင်းငှာ မီးဖိုငါးရာ ဖန်ဆင်းပေးခဲ့ပါသည်။ ယင်းသို့ အံ့ဩဖွယ်မြင်ပါလျက် ကဿပသည် ရှေ့နည်းအကြံဖြစ်ပါသည်။

(၁၆) တစ်နေ့သောအခါ ဆောင်းအခါ၌ မိုးသည် သည်းထန်စွာရွာသွန်းသဖြင့် တောအုပ်တစ်ခုလုံး ရေများလွှမ်းမိုး၍ စီးဆင်းနေလေသည်။ ဘုရားရှင်သည် အထက်မှစီးကျသော ရေအလျဉ်များကို သူနေသောနေရာသို့ မလွှမ်းမိုးရန် တန်ခိုးဖြင့်ဖန်တီးနေသည်။ ထို့အပြင်မြေပြင်သည် ဖုန်တစ်ထောင်းထောင်းထစေလျက် ဤနေရာတွင် ဘုရားရှင်သည် စင်္ကြံသွားနေသည်။

ကဿပလည်း ရေထဲ ဘုရားရှင်မျောပါသွားပြီ အထင်နှင့် ရောက်လာပါသည်။ လှေနှင့် ရသေ့များနှင့်အတူ ဘုရားရှင်နေသောနေရာသို့ ရောက်လာကြပါသည်။ ဘုရားရှင်သည် ဘာမျှမထိခိုက်သည့်အပြင် ဘုရားရှင်ကို အံ့ဩစွာမြင်ရသော် ၎င်းသည် ဘုရားရှင်အား ကယ်ရန်လာကြောင်း ပြောပါသည်။ ဘုရားရှင်ကလည်း မြေပြင်မှပျံတက်၍ လှေပေါ်တွင် ရပ်လျက်နေတော်မူသည်။ ဤအခြင်းအရာ အံ့ဩဖွယ်မြင်သော်လည်း ကဿပသည် ရှေ့နည်းတူအကြံဖြစ်နေလေသည်။

(ဆက်လက်ဖော်ပြပါမည်)

■

# မြောက်ကိုရီးယားက ဂျပန်ရေပိုင်နက်အတွင်း ပဲ့ထိန်းဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့ဟု တောင်ကိုရီးယားစစ်ဘက်ပြောကြား

**ဆိုးလ် အောက်တိုဘာ ၁၉**

မြောက်ကိုရီးယား နိုင်ငံသည် ရေငုပ်သင်္ဘောပေါ်မှ ပစ်လွှတ်သည်ဟု ယူဆရသည့် ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ဂျပန်ရေပိုင်နက်အတွင်းသို့ ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါဒုံးကျည်ကို ဇန်နဝါရီလအတွင်းက ထုတ်ဖော်ပြသခဲ့ပြီး ယင်းဒုံးကျည်အား ကမ္ဘာ့စွမ်းအားအမြင့်ဆုံး လက်နက်ဟုလည်း ဖော်ပြခဲ့သည်။

တောင်ကိုရီးယားနိုင်ငံက ၎င်းပိုင်ဆိုင်သော အလားတူလက်နက်တစ်ခုကို ထုတ်ဖော်ပြသခဲ့ပြီးနောက် သီတင်းပတ်အနည်းငယ်အကြာတွင် မြောက်ကိုရီးယားနိုင်ငံ၏ ယင်းဒုံးကျည်ထုတ်ဖော်ပြသမှု ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။



ထို့ပြင် မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်သီတင်းပတ်များအတွင်းကလည်း ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်းနှင့် ယင်းသို့ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများသည် တင်းကျပ်ထားသည့် နိုင်ငံတကာပိတ်ဆို့မှုများကို ချိုးဖောက်ရာရောက်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားလက်နက်များ အပါအဝင် ပဲ့ထိန်းဒုံးကျည်များစမ်းသပ်ပစ်ခတ်မှုများကို ကုလသမဂ္ဂကတားမြစ်ပိတ်ပင်ထားကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်းကလည်း ရေငုပ်သင်္ဘောပေါ်မှ ပစ်လွှတ်သော ပဲ့ထိန်းဒုံးကျည်ကို ရေအောက်စကြိုမှတစ်ဆင့် ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-အလင်းသစ်**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၄၃ သန်းကျော်ရှိလာ

**အဒစ်အာဘာဘာ အောက်တိုဘာ ၁၉**

အာဖရိကတိုက်၌ ယမန်နေ့ မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၈၄၃၇၃၆၁ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၂၁၅၇၆၀ ရှိလာကြောင်း သိရသည်။ လက်ရှိတွင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၇၈၁၁၄၀၀ ရှိကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၉၁၆၈၀၃ ဦးရှိကြောင်းနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၉၄၂၈၀ ရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက မှတ်ချက်ပြုပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၇၄၀ ရှိလာ

**မော်စကို အောက်တိုဘာ ၁၉**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၇၄၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ရောဂါကူးစက်ခံရသူ စုစုပေါင်း ၈၀၆၀၇၅၂ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၁၅ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် သေဆုံးသူစုစုပေါင်း ၂၂၅၃၂၅ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၃၄၂၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၇၀၄၀၄၈၁ ဦး ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၇၀၀ ရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၇၃၁၉၃၇ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ဒေသတွင်းမီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ ရုရှားနိုင်ငံတစ်ဝန်းလုံး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၄၇ ဒသမ ၅ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၁ သန်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# အိန္ဒိယနိုင်ငံမြောက်ပိုင်း ရေကြီးမှုများအတွင်း သေဆုံးသူဦးရေ ၂၃ ဦးရှိလာ

**နယူးဒေလီ အောက်တိုဘာ ၁၉**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်၌ ဖြစ်ပွားသော ရေကြီးမှုများအတွင်း သေဆုံးခဲ့သူဦးရေမှာ ၂၃ ဦးရှိလာခဲ့ကြောင်း ပြည်နယ်အစိုးရတာဝန်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြားသည်။

အဆိုပါရေကြီးမှုများကြောင့် ပြည်နယ်အတွင်းရှိ ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လည်ပတ်လေ့ရှိသည့် နိမ်နီတဲဒေသရှိ လမ်းများ ရေလွှမ်းမိုးခဲ့ပြီး တံတားများနှင့် ရထားလမ်းများ ပျက်စီးခဲ့ကြောင်းနှင့် ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လည်ပတ်လေ့ရှိသည့် နိမ်နီတဲရေကန်မှာလည်း ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ နိမ်နီတဲခရိုင် ရမ်ဂါရွာ၌ ယနေ့ ဖြစ်ပွားသော မိုးသည်းထန်စွာ ရွာသွန်းမှုများအတွင်း ထိခိုက်ဒဏ်ရာရရှိသူများရှိသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လက်ရှိအချိန်၌ ဆောင်ရွက်လျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်ကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးနေကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

လူအများအပြားသည် အပျက်အစီးများအောက်တွင် ပိတ်မိကာ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လျက်ရှိစဉ်မှာပင် နိမ်နီတဲခရိုင် ရမ်ဂါကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းမှုများ ထပ်မံဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

အဆိုပါရေကြီးမှုများကြောင့် ဥတ္တရာခန်းပြည်နယ်အပါအဝင် ချာမိုလီ၊ ကတ်ဂိုဒန်နှင့် ဟောဝါနီဒေသများ၌လည်း ထိခိုက်ပျက်စီးမှုများရှိခဲ့သောကြောင့် အဆိုပါပျက်စီးဆုံးရှုံးမှုစာရင်းကို အမြန်ဆုံးပြုစုရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ပက်ကာဆင်းဒါမီက ဆောင်ရွက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် တောင်ဆူဒန်နိုင်ငံအတွက် အရေးပေါ်အထောက်အပံ့များပေးရန် ကုလသမဂ္ဂတောင်းဆို

**ဂျူဘား အောက်တိုဘာ ၁၉**

တောင်ဆူဒန်နိုင်ငံအတွင်း ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် နိုင်ငံသားများအား အရေးပေါ်အထောက်အပံ့များပေးရန် နိုင်ငံတကာအသိုက်အဝန်းအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီက ယနေ့တွင် တောင်းဆိုခဲ့ကြောင်း သိရသည်။

တောင်ဆူဒန်နိုင်ငံ၌ ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံးသော ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး လူဦးရေ ခုနစ်သိန်းကျော် ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီက ပြောကြားသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီသည် ရေကြီးရေလျှံမှုဒဏ် အဆိုးရွားဆုံးခံစားခဲ့ရသည့် နေရာများသို့ သန့်ရှင်းရေးသုံးပစ္စည်းများ၊ အစားအစာများ၊ အရေးပေါ်အမိုးအကာများနှင့် အလင်းရောင်ရရှိရေးအတွက် နေရောင်ခြည်သုံးမီးအိမ်များအပါအဝင် အရေးပေါ်အထောက်အပံ့များ ဖြန့်ချိပေးရန် တောင်ဆူဒန်အစိုးရ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအသင်းများနှင့်အတူ အသင်းအဖွဲ့တစ်ခုဖွဲ့စည်းခဲ့ကြောင်းလည်း သိရသည်။

ထို့ပြင် တောင်ဆူဒန်အစိုးရကလည်း ရေဘေးတုံ့ပြန်ဆောင်ရွက်မှုများအတွက် အမေရိကန်ဒေါ်လာ ၁၀ သန်းကို ခွဲဝေချထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၄ ဒသမ ၁၉ သန်းကျော်ရှိလာ

**နယူးဒေလီ အောက်တိုဘာ ၁၉**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၀၅၈ ဦး ရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၄၁၉၄၃၇၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

အဆိုပါ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည် ၂၃၁ ရက်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၆၄ ဦးထပ်တိုးလာခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၄၅၂၄၅၄ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၈၃၁၁၈ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၉၄၇၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၃၄၅၈၈၀၁ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



# နယူးဇီလန်နိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၉၄ ဦး ထပ်မံတွေ့ရှိ

**ဝယ်လင်တန် အောက်တိုဘာ ၁၉**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၉၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း အဆိုပါဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၂၀၉၉ ဦး ရှိလာကြောင်း သိရသည်။

နိုင်ငံ၏ အကြီးဆုံးမြို့တော်ဖြစ်သော အောက်ကလန်မြို့၌ ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၇ ဦးတွေ့ရှိရပြီး အနီးပတ်ဝန်းကျင်ရှိ ဝိုကာတိုမြို့၌ အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူ ခုနစ်ဦးထပ်မံတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် အက်ရှ်လေဘလွန်းဖီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထို့ပြင် နိုင်ငံအတွင်း လူအစုလိုက်အပြုံလိုက် ကူးစက်မှုများမှတစ်ဆင့် ဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ ၁၈၉၁ ဦးကိုလည်း တွေ့ရှိရကြောင်း ၎င်းကပြောကြားသည်။

နယ်စပ်ဒေသများမှ နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာသူ ငါးဦးတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည်ကို စစ်ဆေးတွေ့ရှိခဲ့သဖြင့် ၎င်းတို့အား အောက်ကလန်မြို့၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားစောင့်ကြည့်မှုခံယူစေခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၇၉၄ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနကပြောကြားသည်။ အောက်ကလန်မြို့၌ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးသတိပေးချက် အဆင့် ၃ အဖြစ် သတ်မှတ်ထားပြီး ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လာမည့် သီတင်းနှစ်ပတ်အထိ ချမှတ်ထားမည်ဖြစ်ကာ နိုင်ငံတစ်ဝန်းရှိ အခြားဒေသများတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးသတိပေးချက် အဆင့်-၂ အဖြစ် သတ်မှတ်ထားကြောင်း ဝန်ကြီးချုပ် ဂျန်စင်ဒါအာဒန်က ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂ ဒသမ ၃၉ သန်းကျော်ရှိလာ

**ကွာလာလမ်ပူ အောက်တိုဘာ ၁၉**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၄၃၄ ဦးရှိခြင်းကြောင့် ကူးစက်ခံရသူစုစုပေါင်း ၂၃၉၆၁၂ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်သည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၄၃၄ ဦးအနက် ၅၄၂၉ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများ ဖြစ်ကြောင်းနှင့် ငါးဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ များအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန်သည့် အချက်အလက်များက ဖော်ပြထားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၂ ဦးထပ်တိုးလာသဖြင့် သေဆုံးသူစုစုပေါင်း ၂၇၉၉၃ ဦးရှိလာကြောင်း သိရသည်။

အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူ ၈၄၃၅ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၂၂၇၈၉၅၅ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာ စုစုပေါင်း ၈၉၁၇၃ ဦးရှိကြောင်း၊ ယင်းတို့အနက် ၆၇၉ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက် ရှိကြောင်းနှင့် ၃၄၇ ဦးသည် အသက်ရှူအထောက်အကူပြု ကိရိယာများလိုအပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၇၇ ဒသမ ၃ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၇၀ ဒသမ ၂ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၂၄၀ ရှိ

**အန်ကာရာ အောက်တိုဘာ ၁၉**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၂၄၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း တွင် ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၆၈၃၅၁၇ ဦးရှိလာကြောင်း တူရကီ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ ၂၁၄ ဦး ထပ်မံတွေ့ရှိသဖြင့် သေဆုံးသူစုစုပေါင်း ၆၇၈၃၇ ဦး ရှိလာကြောင်း နှင့် လွန်ခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူ ၂၆၅၃၉ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီး သူစုစုပေါင်း ၅၄ ဒသမ ၉၁ သန်းကျော် ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၄၇ ဒသမ ၄၅ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၁၄ ဒသမ ၂ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

■

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၀၃ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ အောက်တိုဘာ ၁၉**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၀၃ ဦးထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကူးစက်ခံရသူပေါင်း ၄၂၃၆၂၈၇ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အလားတူ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၅၀



ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း သေဆုံးသူပေါင်း ၁၄၃၀၄၉ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ၁၅၃၀ မှာ ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာလာပြီး ဆေးရုံမှ ဆင်းသွားခဲ့သဖြင့် ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၀၇၆၅၄၁ ဦး ရှိလာသည်။ လက်ရှိအချိန်အထိ နိုင်ငံအတွင်း လူဦးရေအနည်းဆုံး ၁၀၉ သန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးစီးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၆၄ သန်းရှိကာ ၁ ဒသမ ၇ သန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ်အပိုဆောင်း ထိုးနှံမှု ခံယူပြီးစီးကြောင်း သိရသည်။

နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်းထိုးနှံပေးခြင်းဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားလာမည့်အရေးကို ကာကွယ်နိုင်ရန်အင်ဒိုနီးရှားနိုင်ငံက ဆောင်ရွက်လျက် ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး အဲလန်ကာ ဟာတာတိုက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများသည် ဇူလိုင်လအတွင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအကြိမ်အပိုဆောင်း ထိုးနှံမှုခံယူပြီးစီး ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ**
**၂၄၂၀၂၇၂၆၃ ဦး**

**သေဆုံးသူ**
**၄၉၂၃၈၀၁ ဦး**

**ပြန်လည်ကျန်းမာလာသူ**
**၂၁၉၃၄၆၇၃၃ ဦး**

# ဘားအံ၊ ကျောက်ဆည်၊ သန်လျင်နှင့် တန့်ယန်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၉**

လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၇ ရက် ည ၉နာရီ ၁၅ မိနစ်တွင် ဘားအံမြို့ အမှတ်(၁) ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ခွန်နောင်နောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၅ ပြားကိုလည်းကောင်း၊ ထို့နောက် ယနေ့ နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့ တံတားလည်ရပ်ကွက် အေးသာယာလမ်းနေ ခင်မာချို၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းမှ အိုက်စ် သုည ဒသမ ၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၇၀ တို့ကိုလည်းကောင်း။

အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့ မြို့ဟောင်းအရှေ့ရပ်ကွက် သောက်တော်တွင်းလမ်းနေ ရှိုင်းထက်ဇော်(ခ)ရှိုင်းထက်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် မြို့ဟောင်း အရှေ့ရပ်ကွက် ဦးဖိုးသိန်းလမ်းတွင် ပြုံးရီကို ဖမ်းဆီးရမိခဲ့သည်။ အလားတူ ယင်းနေ့နံနက် ၁၁ နာရီခွဲတွင် တန့်ယန်းမြို့ အမှတ်(၂)ရပ်ကွက်နေ အေးမိန်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



ခင်မာချိုအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။ စာတည်း



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
၂၀-၁၀-၂၀၂၂ ဗုဒ္ဓဟူးနေ့

MRTV
၀၆:၀၀ [illegible]
၀၇:၀၀ နံနက်ခင်းသတင်း
၁၉:၁၅ MRTV National News
၂၀:၀၀ ပြည်တွင်းသတင်း
နိုင်ငံခြားသတင်း
မိုးလေဝသအခြေအနေ

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal

mitv
07:01 News
07:26 Discovering Tribes: Pre Kayaw (Their Life and Customs) (Part-1)
07:50 Beach Food Delivery
08:01 Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith
08:17 Thadingyut Festival
08:29 Myanmar Masterclass: Artist U Kyaw Thaung
08:42 Lacquerware Technology College
09:01 Myanmar Traditional Instruments - Myanma Harp (Episode-2)
09:26 Gardener of Royal Thazin Floral
09:46 Thadingyut Festival, Heart & Soul
10:01 Thadingyut .. Beautiful Night With Colourful Lights
10:50 Inn-Waing Waterfall
11:01 Dances of Myanmar: Enn Traditional Dance

MRTV Sports
၀၆:၀၀ အဖွင့်
၀၈:၀၀ Sports News
၀၈:၁၀ Soccer View/ Weekly Sports Info
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel
Education Channel

# ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး



မေသူဟန်



ကျော်သန်း(ပြန်/ဆက်)



နှင်းယုမော်(ပြန်/ဆက်)



ဇင်မင်းထိုက်(ထန်းတပင်)



မြို့နယ်(ပြန်/ဆက်)



ညာဏ်တိုး(ပြန်/ဆက်)



ဝင်းကြိုင်(ပြန်/ဆက်)



ဝါဝါ(ပြန်/ဆက်)




## အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**မင်းဘူး အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စကုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပထမအကြိမ်အဖြစ် ထိုးနှံပေးနေမှုများကို ခရိုင်ကိုဗစ်ကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းလာရောက်အပ်နှံထားသူ ကျောင်းသားဦးရေ ၆၂၆၃ ဦးတို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို မင်းဘူး အထက(၁)၊ စကု အထက၊ ဆင်ခေါင်း၊ ရွာသာယာ၊ လေးပင်၊ ဆည်တော်၊ မုန်တောင်၊ ကျောက်စံ၊ ခန်ကုန်း စသည့်အခြေခံပညာအထက်တန်းကျောင်းခွဲများတွင် ဆေးထိုးစုရပ်ကိုးနေရာခွဲ၍ တတိယနေ့အဖြစ် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံရခြင်း မပြုလုပ်ရသေးသော ကျောင်းသားများအနေဖြင့်လည်း လာရောက်ဆေးထိုးနှံနိုင်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၉၆၂၄ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၃၃ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော** ကိုဗစ်-၁၉ **ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး** ကိုဗစ်-၁၉ **ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၈-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၉,၆၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၃၃၃) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ (၅.၇၇) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၆၆၁,၂၅၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၉၀,၀၀၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၃၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၄၂,၆၁၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၈) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၄၁၆) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျ စည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်း လျော့နည်းလာခဲ့သော်လည်း လွန်ခဲ့သော (၁၄) ရက်အတွင်း သိသာစွာပြောင်းလဲမှုမရှိကြောင်းနှင့် ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များတွင် ရောဂါကူးစက်မှုများ ဆက်လက်ဖြစ်ပွားနေကြောင်း တွေ့ရှိရပါ၍ ရောဂါကူးစက်မှုအား ယခုထက် ပိုမိုလျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက်ပိုမို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၉-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၆၃) ခု | (၁၀၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၉၀) ခု | (၂၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၃၈) ခု | (၂၉) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၇၁) ခု | (၃) ဦး |
| တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၆၈) ခု | (၉၃) ဦး |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၁၈၅) ခု | (၈၇၆) ဦး |
| စုစုပေါင်း | (၁၉,၆၂၄) ခု | (၁,၃၃၃) ဦး |

### မြန်မာနိုင်ငံတွင် ကိုဗစ် -၁၉ ရောဂါ တတိယလှိုင်းအတွင်း ရောဂါဖြစ်ပွားမှုအခြေအနေ (၂၇-၅-၂၀၂၁ မှ ၁၈-၁၀-၂၀၂၁)




### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၉၀၉၀၉၄ | ၃၅၅၇၃၅၁၀ | ၇၄၆၅၁၆ |
| ၂။ | အိန္ဒိယ | ၃၄၀၉၆၇၆၈ | ၃၃၄၅၈၈၀၁ | ၄၅၂၅၂၆ |
| ၃။ | ဘရာဇီး | ၂၁၆၅၁၉၁၀ | ၂၀၈၁၃၄၀၈ | ၆၀၃၅၂၁ |
| ၄။ | ဗြိတိန် | ၈၄၉၇၈၆၈ | ၆၉၅၄၆၅၃ | ၁၃၈၆၂၉ |
| ၅။ | ရုရှား | ၈၀၆၀၇၅၂ | ၇၀၄၀၄၈၁ | ၂၂၅၃၂၅ |
| ၆။ | တူရကီ | ၇၆၈၃၅၁၇ | ၇၁၁၆၃၀၅ | ၆၇၈၃၇ |
| ၇။ | ပြင်သစ် | ၇၀၉၀၁၀၉ | ၆၈၉၀၉၂၂ | ၁၁၇၃၀၆ |
| ၈။ | အီရန် | ၅၈၀၉၉၆၇ | ၅၃၄၇၄၈၃ | ၁၂၄၄၂၃ |
| ၉။ | အာဂျင်တီးနား | ၅၂၇၃၄၆၃ | ၅၁၄၀၅၀၆ | ၁၁၅၇၀၄ |
| ၁၀။ | စပိန် | ၄၉၈၈၈၇၈ | ၄၈၃၉၂၉၄ | ၈၇၀၃၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၃၆၂၈၇ | ၄၀၇၆၅၄၁ | ၁၄၃၀၄၉ |
| ၂။ | ဖိလစ်ပိုင် | ၂၇၃၁၇၃၅ | ၂၆၂၇၁၂၆ | ၄၀၉၇၂ |
| ၃။ | မလေးရှား | ၂၃၉၆၁၂၁ | ၂၂၇၈၉၅၅ | ၂၇၉၉၃ |
| ၄။ | ထိုင်း | ၁၈၀၂၉၃၄ | ၁၆၇၈၉၈၁ | ၁၈၄၀၇ |
| ၅။ | ဗီယက်နမ် | ၈၇၀၂၅၅ | ၇၉၄၈၄၆ | ၂၁၃၄၄ |
| ၆။ | မြန်မာ | ၄၉၀၀၀၈ | ၄၄၂၆၁၀ | ၁၈၄၁၆ |
| ၇။ | စင်ကာပူ | ၁၅၀၇၃၁ | ၁၂၅၀၃၆ | ၂၃၉ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၇၀၃၅ | ၁၁၁၄၂၀ | ၂၆၈၁ |
| ၉။ | လာအို | ၃၂၉၇၁ | ၂၅၇၅၉ | ၄၅ |
| ၁၀။ | ဘရူနိုင်း | ၁၁၂၂၀ | ၈၄၂၁ | ၇၇ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ကိုကိုသည် ခင်ခင်ကြီးအား မြင်လိုက်ရသဖြင့် ရုတ်တရက် အံ့အားသင့်သွားပုံရသည်။

"အမယ်လေး ကိုကိုရယ်။ ဖေဖေများလားလို့ လန့်သွားတာပဲ"

ကိုကိုအား မြင်ရလျှင် ခင်ခင်ကြီးမှာ ဝမ်းပန်းတသာ ဖြစ်ရသည်။ စိတ်အေးရသည်။ သက်ပြင်းရှိုက်မိသည်။

"ညီမ၊ ဒီအချိန်ကြီးမှာ အပြင်ကို ဘာလို့ထွက်နေရတာလဲဟင်"

ကိုကိုသည် ခင်ခင်ကြီးအား နားမလည်နိုင်သလိုရှိသည်။

ခင်ခင်ကြီးသည် နှုတ်ခမ်းတွင် လက်ညှိုးကလေး ကန့်လန့်ဖြတ်တင်လျက် ရှူးခနဲမှုတ်ကာ တိုးတိုးပြောဖို့ သတိပေးသည်။

"အိပ်ကြစို့ ကိုကို။ နော် အိပ်ကြစို့"

ခင်ခင်ကြီး အရေးတကြီးဆိုသည်။

"မဟုတ်သေးပါဘူး။ ညီမ ဘယ်သွားနေတာလဲဟင်။ ဘယ်ကပြန်လာတာလဲ"

ကိုကိုက မကျေနပ်နိုင်သေးသလို ထပ်မေးသည်။

"ဘယ်မှ မသွားပါဘူး ကိုကို။ ခြံထဲတင်ပါ။ ခြံထဲဆင်းပြီး လမ်းလျှောက်တာပါ"

ဤသည်ကိုလည်း ယုံနိုင်ပုံမရ။ သူက မေးခွန်းမေးမည်ပြုသေးသည်။

"မနက်ကျမှ ခင်ကြီးပြောပြမယ် ကိုကိုရယ် နော်။ ခင်ကြီးအိပ်တော့မယ်"

ခင်ခင်ကြီးသည် ကိုကို့အားထားခဲ့ကာ အိမ်ပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။ ကိုကိုကတော့ စိတ်ထဲမှာ မကျေမနပ်နှင့်ပင် ကျန်ခဲ့သည်။

မိမိ၏ အိပ်ခန်းသို့ ပြန်လည်ရောက်ရှိကာ တံခါးမင်းတုပ်ကို အတွင်းမှချလိုက်နိုင်ပြီဆိုမှပင် ခင်ခင်ကြီး စိတ်အေးရတော့သည်။

အိမ်တစ်အိမ်လုံး ဆက်လက်ငြိမ်သက်မြဲ ငြိမ်သက်နေသည်။ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။ အတော်ချည်းကြာမှ လှေကားအတိုင်း တက်လာသော ကိုကို့ခြေသံကို ကြားရသည်။ ခြေသံသည် ခင်ခင်ကြီး၏ တံခါးဝမှာ ရပ်သွားသည်။ ထိုအတွက် တုန်လှုပ်ရသေးသည်။ ကိုကိုသည် ကျေနပ်နိုင်ပုံ မရသေးကြောင်း ထင်ရှားသည်။ သို့ပေမဲ့ အတန်ကြာလျှင် သူ့အခန်းရှိရာသို့ ဆက်လက်လျှောက်သွားကြောင်း ကြားရပါသည်။

ခင်ခင်ကြီးသည် အခန်းမီးကိုမဖွင့်။ အမှောင်ထဲမှာပင် အဝတ်အစားလဲလှယ်သည်။ ထို့နောက် ခုတင်ပေါ်သို့ လှဲချလိုက်သည်။

ရင်မှာမောသည်။ ကိုယ်မှာ နုံးနေသည်။ နေရာအနှံ့အပြားမှာ နာကျင်နေသည်ဟု ထင်သည်။

စောစောပိုင်းက အဖြစ်အပျက်ကို ပြန်ပြောင်းတွေးမိလေလျှင် ရင်မှာပူနွေးရသည်။ တော်တော်နှင့် အိပ်မပျော်နိုင်။ သူပေးခဲ့သော အထိအတွေ့များကို အမှတ်ရသည်။ သတိရသည်။

တစ်ဆက်တည်းမှာပင် ပင်းဘုရားပွဲတော်မှာ ရုပ်သေးကြည့်စဉ်က ရုပ်သေးမင်းသမီး၏ ငိုချင်းကို သတိရသည်။ "အမယ်မင်း စနေနှစ်ပန်းကလိပါလို့ ပြုံးစိစိနဲ့ ကျွန်မကိုနမ်း" စသော ငိုချင်းသည်အတွေးသို့ အလိုလို ဝင်လာသည်။ သည်တော့လည်း ခင်ခင်ကြီးမှာ ရယ်ချင်သလိုလို ငိုချင်သလိုလိုနှင့်။

သို့နှယ်ဖြင့် မိုးစင်စင်လင်းခါနီးမှ ခင်ခင်ကြီး အိပ်ပျော်သည်။

အိပ်ပျော်ချိန်မှာလည်း စိတ်နှလုံးလှိုက်မောဖွယ် အဖြစ်အပျက်တို့သည် အိပ်မက်အသွင် တစ်ဖန်ရောက်ရှိလာကြပြန်လေသည်။

x x x x x

[၁၁]

ညသို့ရောက်ရမည်ကို ခင်ခင်ကြီးကြောက်သည်။ ထိတ်လန့်သည်။ ညတွင် မောင်မောင်ဦး ရောက်လာဦးမည်ကို စဉ်းစားမိတော့လည်း ရင်ထဲမှာ ပူနွေးရှိန်းမြရပြန်သည်။

လွန်ခဲ့သောညကအဖြစ်ကို ကိုကိုတစ်ယောက်မှတစ်ပါး အခြားသူများ သိဟန်မတူ။ ထိုကြောင့်ပင် ကိုကိုတစ်ယောက်မှတစ်ပါး အခြားသူများမှာ ယခင်နေ့များကလိုပင် ဖြစ်သည်။ မျက်နှာအနေအထားအရ လည်းကောင်း၊ အမူအရာအရလည်းကောင်း အပြောင်းအလဲမရှိ။ ဘာတစ်ခုမျှ မထူးခြား။

ကိုကိုမှာမူ မျက်နှာညိုနေသည်။ ခင်ခင်ကြီးအား ကြည့်လာသော အကြည့်မှာ ဆန်းကြယ်သည်။ သင်္ကာမကင်းရှိသည့်အသွင်အပြင်မျိုး ပေါ်ပေါက်နေသည်။ သို့ပေမဲ့ ကိုကိုဘာမျှမပြော။ စင်စစ်

**ညသို့ရောက်ရမည်ကို ခင်ခင်ကြီးကြောက်သည်။ ထိတ်လန့်သည်။**
**ညတွင် မောင်မောင်ဦး ရောက်လာဦးမည်ကို စဉ်းစားမိတော့လည်း**
**ရင်ထဲမှာ ပူနွေးရှိန်းမြရပြန်သည်။**
**လွန်ခဲ့သောညကအဖြစ်ကို ကိုကိုတစ်ယောက်မှတစ်ပါး**
**အခြားသူများ သိဟန်မတူ။ ထိုကြောင့်ပင် ကိုကိုတစ်ယောက်မှတစ်ပါး**
**အခြားသူများမှာ ယခင်နေ့များကလိုပင်ဖြစ်သည်။**
**မျက်နှာအနေအထားအရလည်းကောင်း၊ အမူအရာအရလည်းကောင်း**
**အပြောင်းအလဲမရှိ။ ဘာတစ်ခုမျှ မထူးခြား။**

သူကိုယ်တိုင်က အပြစ်မကင်းသူဖြစ်သည်။ အမှားအယွင်းကို ကျူးလွန်ထားသူဖြစ်သည်။ ထို့ကြောင့်လည်း ကိုကိုသည် ခင်ခင်ကြီး၏ အဖြစ်အပျက်အတွက် စိတ်မကောင်းနိုင်သလိုရှိသည်မှအပ စကားမဆိုဘဲ နေခဲ့ခြင်းဖြစ်ပုံရသည်။

သည်အကြားတွင် ထမင်းဝိုင်း၌ ကိုကိုသည် ဖေဖေနှင့် ကတောက်ကဆဖြစ်ရသည်။ စိတ်စနိုးစနောင့်ဖြစ်ဖွယ်ကိစ္စတစ်ရပ် ပေါ်ပေါက်လာသည်။

ယင်းကိစ္စကို အစပျိုးသူမှာ ဘွားဘွား။

ဘွားဘွားက ဝတ္ထုစာအုပ်များနှင့်ပတ်သက်၍ စကားစပ်ပြောသည်။ ထုံးစံအတိုင်း ငရဲကျမည့်၊ အပယ်လားမည့်စာအုပ်များ စသည်ဖြင့် ဖေဖေ့ရှေ့မှာ စကားဆိုသည်။

သည်တွင် ကိုကိုသည် စာအုပ်တိုင်း သည်သို့မဟုတ်ကြောင်း ချေပသည်။

"မဟာဆွေရဲ့ သူပုန်ကြီး၊ သူပုန့် အိမ်၊ တို့မေမေစတဲ့ စာအုပ်တွေဟာ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကိန်းအောင်းအောင် ရေးထားတဲ့ စာအုပ်မျိုးတွေပဲဘွားဘွား"

သည်စကားဆိုလျှင် စကားဝိုင်းသို့ ဖေဖေဝင်လာသည်။

"ဘယ်လိုကွယ့်၊ မင်းတို့က အင်္ဂလိပ်ကိုပြန်တိုက်ဖို့ စိတ်ကူးနေကြသလားဟင်"

"ဟုတ်တယ် ဖေဖေ။ တစ်နေ့မဟုတ်တစ်နေ့ သူတို့ကို ကျွန်တော်တို့ တော်လှန်ရမှာပဲ။ သူတို့လက်အောက်က ရုန်းထွက်ရမှာပဲ"

ကိုကိုစကားကို ဖေဖေ ရယ်ပစ်လိုက်သည်။

"ကလေးကလားစကားတွေ မပြောစမ်းနဲ့ ခင်မောင်ညွန့်။ အင်္ဂလိပ်ကို တစ်သက်လုံး တော်လှန်လို့မရဘူးမှတ်။ သူတို့တစ်တွေဟာ ဥပဒေ ဘယ်လောက်နိုင်နင်းသလဲ။ အုပ်ချုပ်ရေးကို ဘယ်လောက်ကျွမ်းကျင်သလဲ။ စည်းကမ်း ဘယ်လောက်ကောင်းသလဲ။ တို့လူမျိုးက ဘာအသုံးကျလို့လဲ။ မင်းမယုံရင်ကြည့်နေ။ တစ်နေ့ အင်္ဂလိပ်တွေဟာ တစ်ကမ္ဘာလုံးကို အုပ်စိုးလိမ့်မယ်။ နိုင်ငံတိုင်းဟာ သူတို့လက်အောက်ကို ရောက်ရလိမ့်မယ်"

သို့ဖြင့် စကားဝိုင်းမှာ တစ်စထက်တစ်စ ပဋိပက္ခဆန်လာသည်။ ဖေဖေကတစ်ဖက် ကိုကိုကတစ်ဖက်။ ကျန်ရှိသူများကတော့ သူတို့စကားကို နားထောင်ရုံမျှသာပင်။

ကိုကိုက ကျွန်သပေါက်ဘဝတွင် နေရခြင်းထက် သေသည်ကမှ မြတ်သည်ဟုဆိုသည်။ ဖေဖေကတော့ ထိုက်တန်သော အုပ်စိုးမှုကို ရသည်ဟုဆိုသည်။

နောက်တော့ ကိုကိုသည် စကားကို ဖြတ်သည်။ ထမင်းဝိုင်းမှထသွားသည်။ ဖေဖေက သားဖြစ်သူအား သနားစရာကောင်းသော လူမိုက်ကလေးဟုဆိုသည်။ ဘွားဘွားကတော့ သူမ စခဲ့သောအဖြစ်ကြောင့် ယခုလို စိတ်စနောင့်စနင်းရှိရသည်ဆိုကာ စိတ်မကောင်းဖြစ်လျက် ကျန်ရစ်ခဲ့ရသည်။

ကိုကိုသည် ထမင်းဝိုင်းမှ ထသွားခဲ့ပြီးနောက် သူ့အခန်းသို့ ဝင်သွားသည်။

အဘယ်မျှ ကြောက်ရွံ့ထိတ်လန့်ရသည်ဆိုစေ ညသို့ မလွဲမသွေရောက်ရှိလာသည်။ တစ်စထက်တစ်စ အမှောင်လွှမ်းလာသည်။

ခင်ခင်ကြီးသည် စာရေးစားပွဲမှာထိုင်သည်။ ကျောင်းစာအုပ်များကို ရှေ့တွင်ဖွင့်လျက်ချထားသည်။ စာတွင် စိတ်ဝင်စားနိုင်သည်ကား မဟုတ်ပေ။ စိတ်အတွေးတို့မှာ အိမ်နောက်ဖေးလမ်းမြောင်သို့ ရောက်နေသည်။ ထိုနေရာဆီသို့ မကြာမကြာ လှမ်းကြည့်မိသည်။

ကိုကိုသည် ညရှစ်နာရီလောက်တွင် အိမ်မှထွက်သွားသည်။ မဝင်းရီထံသွားမည်ဟုပင် ခင်ခင်ကြီး ထင်ပါသည်။

ဖေဖေသည် စောစောအိပ်လေ့အိပ်ထရှိသည်။ ကိုးနာရီတွင် အိပ်သည်။ နံနက်ဘက်တွင် စောစီးစွာထသည်။ အိပ်ချိန်ကို ရှစ်နာရီထားသည်။ ထိုထက် အပိုအလိုမရှိအောင် ဂရုစိုက်သည်။

မေမေနှင့် ဘွားဘွားတို့သည် ဧည့်ခန်းတွင် ကြာမြင့်စွာ ထိုင်နေကြသေးသည်။ စကားစမြည်ပြောဆိုနေကြသေးသည်။ ကိုးနာရီခွဲလောက်တွင်မှ အသီးသီး အိပ်ရာသို့ ဝင်ကြသည်။

ယနေ့ည မောင်မောင်ဦးနှင့် တွေ့ဆုံနိုင်ရန် ခင်ခင်ကြီးမှာ အခွင့်အရေးတစ်ရပ်ရှိသည်။ ၎င်းမှာ ဦးလေး ကိုထွန်းခင် ဖျားနေခြင်းပင်တည်း။ ယမန်နေ့ ညကစ၍ အအေးမိကာ လဲနေကြောင်းသတင်းကို နံနက်ကကြားခဲ့ရသည်။ ထိုအတွက် ခင်ခင်ကြီးမှာ ဝမ်းသာရသေးသည်။

သို့နှယ်ဖြင့် တစ်စထက်တစ်စ ညဉ့်နက်လာသည်။ ဆယ်နာရီလောက်တွင် ခင်ခင်ကြီး မီးပိတ်သည်။ ပြတင်းပေါက်မှာရပ်သည်။ လမ်းမြောင်ဆီသို့ စူးစိုက်ကြည့်သည်။

ဆယ့်တစ်နာရီခွဲတွင် သူရောက်လာပါသည်။ လက်နှိပ်ဓာတ်မီးကို ဖွင့်ချည်ပိတ်ချည် လုပ်ပြသည်။

ယင်းအချိန်တွင် ခင်ခင်ကြီးသည် အခြားဘာမျှ မစဉ်းစားတတ်တော့။ မတွေးတောတတ်တော့။ အာရုံသည် တက်ကြွပူနွေးလာသည်။ သူနှင့်တွေ့ဆုံချင်စိတ်ကို ချုပ်တည်း၍မရတော့။

ယမန်နေ့ကလိုပင်ဖြစ်ပါသည်။ တိတ်ဆိတ်ငြိမ်သက်ကာ မည်းမှောင်နေသောအိမ်မှ ထွက်ခဲ့သည်။ နောက်ဖေးလမ်းမြောင်သို့လာခဲ့သည်။ မောင်မောင်ဦးသည် ခင်ခင်ကြီးအား တံခါးဝမှပင် ဆီးကြိုသည်။ ချုံထူထပ်ပေါများသောနေရာသို့ ခေါ်ခဲ့သည်။

ထိုနေရာသို့ရောက်သည်အထိ စကားမပြောဖြစ်ကြသေး။ ထိုနေရာသို့ရောက်ပြန်လျှင်လည်း အပွေ့အဖက်အနမ်းအရှုပ်ကိုပင် မောင်မောင်ဦးက အစပျိုးလာချေသည်။

"လွှတ်ပါဦးအစ်ကို။ ခင်ကြီးရဲ့ အသားတွေ နာနေတယ်။ အထိတောင် မခံနိုင်ဘူး"

ခင်ခင်ကြီးက ဆိုသည်။ သို့ပေမဲ့ မောင်မောင်ဦးက လွှတ်မပေး။

"ခင်ကြီးကို တွေ့ချင်တာ ဒီလိုလုပ်ဖို့ သက်သက်ပဲလားအစ်ကို"

သည်သို့ဆိုလေမှ မောင်မောင်ဦး လွှတ်ပေးသည်။

သည်ကနေ့ည ယမန်နေ့ညကလောက် နှင်းမကျ။ လအရောင်ကို အနည်းအပါး ခံစားရသည်။ တစ်ယောက်မျက်နှာကို တစ်ယောက် ဝိုးတဝါးမြင်ရသည်။

"အစ်ကို့မှာ ခင်ကြီးကိုပြောဖို့စကား မရှိတော့ဘူးလားဟင်"

ခင်ခင်ကြီး၏ အမေး။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# အကျပ်အတည်းကြားမှာ ခြိုးခြံပါ၊ ချွေတာပါ၊ ရှောင့်ရဲပါ

မိုးကေနိုင်

ယနေ့ ကိုဗစ်ကပ်ရောဂါဟာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း လူသားတွေအားလုံး အဆိုးရွားဆုံးခံစားနေရတဲ့ အကျပ်အတည်းကြီးတစ်ခုပါပဲ။

ရောဂါကူးစက်မှုတွေလည်း ရှိနေဆဲဖြစ်သလို သေဆုံးမှုတွေလည်း ရှိနေဆဲပါ။ ကမ္ဘာကြီးရဲ့တချို့နေရာတွေမှာ ရောဂါကပ်အပြင် စစ်မက်အသံတွေလည်း ကျယ်ကျယ်လောင်လောင်ကြားနေရတော့ ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးဟာ လူသားတွေအားလုံးက အရေးတကြီးတောင့်တနေတဲ့ Issue တစ်ခုဖြစ်လာနေပါပြီ။ ကူးစက်ကပ်ရောဂါလိုပဲ ကမ္ဘာကြီးရဲ့တစ်နေရာက မငြိမ်းချမ်းမှုဟာ အခြားဒေသတွေဆီလည်း ကူးစက်လွယ်နေပါတယ်။

ကမ္ဘာ့စီးပွားပျက်ကပ်အနေအထားကတော့ အဆိုးကြီးမဖြစ်သေးဘူးဆိုပေမယ့် ဟိုတစ်စဒီတစ်စ စီးပွားပျက်ကပ်ဖြစ်နေတဲ့အသံတွေလည်း မှန်မှန်ကြားနေရသလိုပဲ။ အထူးသဖြင့် ကူးစက်ကပ်ကြီးနဲ့အတူ စစ်ပွဲဒဏ်ခံစားရတဲ့နိုင်ငံတွေရဲ့ လူမှုစီးပွားဘဝတွေဟာ ပိုပြီးဆိုးတယ်လို့ ဆိုရပါလိမ့်မယ်။ ရောဂါနဲ့စစ်ပွဲတွေကြောင့် တချို့နိုင်ငံတွေမှာ စီးပွားရေးဟာ ယိုင်နဲ့လုနီးနီး ပြိုလဲလုနီးနီးဖြစ်နေပြီး ဆင်းရဲတွင်းချောက်ကမ်းပါးထဲ ရောက်လုနီးနီးဖြစ်နေတာကို စိတ်မကောင်းစွာ မြင်နေကြားနေရပါတယ်။

**ဒုတိယကမ္ဘာစစ်ပြီးခေတ် နေမဝင်အင်ပါယာချုပ်ငြိမ်းသွားပြီး စစ်ဒဏ်အလူးအလဲခံလိုက်ရတဲ့ အင်္ဂလန်နိုင်ငံနဲ့ ဆူနာမီဘေး ကြုံတွေ့ခဲ့ရတဲ့ ဂျပန်နိုင်ငံတို့ရဲ့ ပြန်လည်ရုန်းထခဲ့ကြတဲ့ သင်ခန်းစာတွေကို နမူနာပေးချင်ပါတယ်။ ကျွန်းနိုင်ငံဖြစ်လို့ ကိုလိုနီနိုင်ငံတွေဆီက တင်သွင်းကုန်တွေပဲအားထားရတဲ့ အင်္ဂလန်နိုင်ငံရဲ့ ပြည်သူတွေဟာ စစ်ကြီးဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားလိုက်ကြရပေမယ့် သူတို့ဘာကြောင့် ရုန်းထွက်နိုင်ကြပြီး ဘယ်လိုပြန်လည်ရှင်သန်လာခဲ့ကြပါသလဲ…။ အပြင်းအထန်ဖုံးကြဲခံရတဲ့ စစ်ဒဏ်ခံ အင်္ဂလန်နိုင်ငံရဲ့ GDP ဟာ ထိုးကျပြီး အလုပ်လက်မဲ့အမြင့်ဆုံး၊ ကုန်သွယ်မှုအနိမ့်ဆုံးနဲ့ ပြည်သူတွေရဲ့စီးပွားလူမှုဘဝဟာ တော်တော်ဆိုးဆိုးရွားရွား ချွတ်ခြုံကျခဲ့ကြရတယ်ဆိုတာ နေမဝင်အင်ပါယာတစ်ခုရဲ့ ပြည်သူတွေအတွက်တော့ အိပ်မက်တစ်ခုပါပဲ**

**အကျပ်အတည်းနဲ့ဖိအားကို ရင်ဆိုင်နိုင်အောင်ပြင်ဆင်ထားသင့်**

ဖွံ့ဖြိုးမှုစီးပွားရေးဘာသာရပ်ဆိုင်ရာ ကမ္ဘာ့သုတေသနအင်စတီကျု (World Institute For Development Economics Research) ရဲ့ အစီရင်ခံစာအရ ကိုဗစ်ကပ်ကြီးတစ်ခုကြောင့်တင် လူသား သန်း ၅၀၀ လောက် ဆင်းရဲတွင်းနက်ပြီး အငတ်ဘေးဆိုက်နိုင်တယ်လို့ သိရပါတယ်။ ဘယ်နိုင်ငံကမှတော့ ဆင်းရဲနွမ်းပါးမှုပြမျဉ်း (Poverty Line) အောက်မှာ နေချင်ကြမှာမဟုတ်ပါဘူး။ ဆင်းရဲမွဲတေမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုပြဿနာကို ဖြေရှင်းဖို့ရာ အလွန်ရှုပ်ထွေးခက်ခဲပါတယ်။ ဒီအခါမှာ အကျပ်အတည်းတစ်ခုအောက်မှာ ဖိစီးမှုတွေပြေလျော့အောင် ဘယ်လိုနေထိုင်ကြမလဲ၊ အကျပ်အတည်းနဲ့ရင်ဆိုင်ရမယ်ဆိုရင်ရော ဖိအားဒဏ်ခံနိုင်အောင် တစ်ဦးချင်း ဘယ်လိုပြင်ဆင်ထားကြမလဲ ဘယ်လိုခြိုးခြံနေထိုင်ကြမလဲ မျှဝေပေးချင်တာလေးတွေ ရှိလာပါတယ်။

တစ်ချိန်ချိန်မှာ ကိုယ်ကိုယ်တိုင်က အခြားသူတွေလို ဝင်ငွေများများစားစား မရှာနိုင်တော့မှာ၊ သူတို့နေထိုင်သလို ကိုယ်မနေနိုင်တော့မှာ၊ သူတို့စားနိုင်ဝတ်နိုင်သလောက် ကိုယ်မစားနိုင်မဝတ်နိုင်တဲ့ အခြေအနေမျိုးဖြစ်သွားနိုင်တာကို သတိပြုမိပြီး ပြင်ဆင်ထားသင့်ပါတယ်။ အဆိုးမြင်တစ်ဦးမဟုတ်ပေမယ့် အကောင်းမြင်နိုင်ဖို့ အတွေးစလေးတစ်ခုနဲ့ အပြုသဘောချဲ့ကြည့်မိတာပါ။ ကမ္ဘာ့တချို့နေရာတွေမှာ အိုးမဲ့အိမ်မဲ့တွေ၊ အငတ်ဘေးပြဿနာတွေ ကြားနေမြင်နေရပါလိမ့်မယ်။

စားဝတ်နေရေးမှာ တစ်ဝမ်းတစ်ခါးစားရေးအတွက်ကိုပဲ အသည်းအသန်ရုန်းကန်နေရတဲ့ မြင်ကွင်းတွေကို ဒုနဲ့ဒေး ကြားသိနေရသလို ကမ္ဘာလုံးဆိုင်ရာ စီးပွားပျက်ကပ်ကြုံရမယ့်ဘေးက လွတ်မြောက်အောင်၊ ရင်ဆိုင်နိုင်အောင် ကမ္ဘာ့နိုင်ငံတွေ မီးကုန်ယမ်းကုန် ကြိုးစားနေကြတာတွေ၊ ခြိုးခြံချွေတာနေကြတာတွေကိုလည်း အကောင်းဆုံးနမူနာအဖြစ် သင်ခန်းစာယူရပါလိမ့်မယ်။

**ဆင်းရဲခြင်း မိမိထံမရောက်အောင် ကိုယ်ကိုယ်တိုင်ပဲဦးဆောင်ပါ**

ကိုဗစ်လှိုင်းတွေက မပြီးသေးပါဘူး၊ ဆက်နေဦးမယ့်သဘောရှိပါတယ်။ ဒါဆိုရင် မိမိတို့တစ်ဦးချင်းအပေါ် ကျလာနိုင်တဲ့ဖိအားတွေကို ဘယ်လိုရင်ဆိုင်ဖြေရှင်းမလဲ၊ ဒီနေရာမှာ အစိုးရရဲ့ တာဝန်ယူမှုကို ခဏမေ့ထားပြီး အဖြေကို မိမိထံကပဲရအောင် ရှာဖွေကြည့်ရအောင်ပါ။ အရေးပေါ်ကာလတစ်ရပ်မှာ နိုင်ငံတော်အစိုးရရဲ့ ဖြေရှင်းပေးမှု၊ စီမံပေးမှုချည်းကိုပဲ အားကိုးနေလို့မရပါဘူး။ အကျပ်အတည်းကာလ မရေရာမသေချာတဲ့အခြေအနေမှာ ကိုယ့်အတွက် ကိုယ့်ကိုယ်ကိုယ်ပဲ ဦးဆောင်ရမယ်လို့ခံယူလိုက်ပါ။ ကိုယ်ကိုယ်တိုင်မဆင်းရဲရအောင် ဘယ်လိုနေထိုင်စားသောက်မလဲ၊ ကိုယ့်ပတ်ဝန်းကျင်မှာ ဆင်းရဲသူတွေရှိနေသလို ချမ်းသာသူတွေလည်းရှိတယ်ဆိုတာ မြင်အောင်ကြည့်ပါ။

တတ်နိုင်သူနဲ့ မတတ်နိုင်သူအကြား ကွာဟချက်အချို့ဟာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ တချို့က မကျန်းမာရင် ကောင်းစွာဆေးကုနိုင်ပေမယ့် တချို့ကတော့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကိုပင် လက်လှမ်းမမီဖြစ်နေရတယ်။ တချို့က အလုပ်အကိုင်ရှိတယ်၊ တချို့က အလုပ်လက်မဲ့။ တချို့က ကျောင်းပညာနဲ့ထိတွေ့နိုင်ပေမယ့် တချို့က ပညာရေးလမ်းပျောက်နေတယ်။

ကျွန်တော်တို့လည်း သာမန်ဝန်ထမ်းမျိုးရိုးက ပေါက်ဖွားလာသူတွေပါပဲ။ အဖေအမေဝန်ထမ်းက မုန့်ဖိုးပိုက်ဆံပေးရင်တောင် ပေးလိုက်တဲ့ပိုက်ဆံအနည်းငယ်လေးကို ဘယ်မှာသုံးမှာလဲ၊ ဘယ်လောက်သုံးမှာလဲမေးပြီး စိစစ်ပြီးမှ ထုတ်ပေးလေ့ရှိတာကို ကျွန်တော်တို့အရွယ်ရောက် လူလားမြောက်မှ သဘောပေါက်လာမိပါတယ်။ မိဘကပေးတဲ့ ဒီအတွေ့အကြုံလေးက ကျွန်တော်တို့ဘဝတစ်လျှောက် မချမ်းသာပေမယ့် မဆင်းရဲအောင် ခြိုးခြိုးခြံခြံနေတတ်ထိုင်တတ်စေတဲ့ အကျင့်ကောင်းတစ်ခုကို မွေးဖွားပေးလိုက်ပါလားလို့ ခံယူမိပါတယ်။

**ခြိုးခြံချွေတာခြင်းဟူသည်…**

ကျွန်တော်တို့တစ်တွေဟာ ရုန်းမထွက်နိုင်သေးတဲ့ ကပ်ဘေးဆိုးအထွေထွေကနေ လွယ်လွယ်ကူကူပြန်လည်နာလန်ထနိုင်အောင်ရယ်၊ စဉ်ဆက်မပြတ် ရှင်သန်နေအောင်ရယ်က မိမိကိုယ်မိမိ ခြိုးခြံချွေတာခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာပဲ အဆိုးထဲက အကောင်းဆုံးဖြစ်အောင် ကြိုးစားနေထိုင်ကြရပါလိမ့်မယ်။ ဒါပေမဲ့ ခြိုးခြံချွေတာခြင်းဆိုတဲ့ ထိုစကားလုံးဟာ အချို့သူတွေအတွက်တော့ နားလည်ရခက်နေသေးတယ်ဆိုတာလည်း လက်ခံပါတယ်။

ခြိုးခြံချွေတာခြင်းဆိုတာ ကိုယ့်ရဲ့ငွေကြေးဥစ္စာဓနနဲ့ အချိန်ဆိုတဲ့ ပိုင်ဆိုင်တဲ့အင်အားတွေကို အလဟဿမဖြုန်းတီးဘဲ သူ့နေရာနဲ့သူ အကျိုးရှိရှိသုံးစွဲခြင်းလို့ပဲ မှတ်ယူပါ့မယ်။ မလိုအပ်တဲ့နေရာမှာတော့ မသုံးဘူးပေါ့။ အကူအညီလိုသူတွေအတွက်၊ ကိုယ့်လက်အောက်က သူတွေအတွက်ဆိုရင်တော့ လောကဝတ်အရ၊ လူမှုရေးအရ ကပ်စေးမနည်းဘဲ၊ မနှမြောမတွန့်တိုဘဲ သုံးဖို့လိုအပ်ရင် သုံးတဲ့သဘောဆောင်ပါတယ်။ တရားသဘောအရဆိုရင် ရှောင့်ရဲတင်းတိမ်ခြင်း၊ သည်းခံခြင်း၊ မာန်မာနမရှိခြင်း စတဲ့မင်္ဂလာတရားတွေနဲ့လည်း ဆက်စပ်နေပါတယ်။

စီမံခန့်ခွဲမှုသဘောတရားမှာလည်း မိမိမှာရှိတဲ့ သွင်းအားစုကို အနည်းဆုံးအင်အား (Least Input) နဲ့ အကောင်းဆုံးရလဒ် (Best Output) ရအောင် လုပ်နိုင်တဲ့သူ/ အဖွဲ့အစည်းသည်သာ Efficient အကျိုးများပြီး ခရီးရောက်တယ်လို့ သတ်မှတ်ခြင်းခံရပါတယ်။ ဒါကြောင့် ယခုလို အရာရာချို့တဲ့အားနည်းနေတဲ့ ခေတ်ကာလ အခြေအနေတစ်ခုမှာ ကိုယ့်ရဲ့အင်အားကို အကောင်းဆုံးအသုံးချပြီး ခြိုးခြံချွေတာတတ်ခြင်းဆိုတဲ့အသိနဲ့ အောင်မြင်မှုရယူနိုင်ခြင်းကို ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတစ်ရပ်အဖြစ် သဘောထားလာကြပြီဆိုတာကို မျှဝေပေးလိုက်ရပါတယ်။

**အသုံးနဲ့အဖြုန်းကို စိစစ်နိုင်မှ အကြွေးသံသရာကလွတ်နိုင်မှာ**

ခြိုးခြံချွေတာခြင်းကို တစ်ဦးချင်းကအစ အားလုံးလိုက်ပါနိုင်မှသာ ထိရောက်ပါတယ်။ အကျပ်အတည်းကာလမှာ အစိုးရတွေအနေနဲ့ ဘတ်ဂျက်အသုံးစရိတ်ကို အဂတိကင်းကင်းနဲ့ ခြိုးခြံစိစစ်ရသလို နိုင်ငံသားတွေကလည်း ဟန်ချက်ညီညီနဲ့ မိမိရဲ့အသုံးနဲ့အဖြုန်းကို စိစစ်သုံးစွဲနိုင်မယ်ဆိုရင် အစိုးရကို များစွာကူညီရာရောက်ပါမယ်။

ခြိုးခြံချွေတာတတ်မယ်ဆို ချွေတာနိုင်တဲ့နေရာတွေ များစွာရှိပါတယ်။ ရှေးဦးစွာ လောလောဆယ်ရင်ဆိုင်နေရတဲ့ ကျန်းမာရေးပြဿနာတွေကိုပဲကြည့်ပါ။ **ရောဂါတော်တော်များများမှာ ကြိုတင်ကာကွယ်နိုင်တဲ့ရောဂါက အများစုဆိုပေမယ့် ဒီလိုရောဂါတွေကြောင့်ပဲ ကိုယ်နေထိုင်မကောင်းဖြစ်တဲ့အခါ ကျွန်တော်တို့အိတ်ကပ်ထဲကငွေကို ကိုယ့်ကျန်းမာရေးအတွက် စိုက်ထုတ်သုံးစွဲနေရခြင်းဟာ အားလုံးကြုံတွေ့နေရတဲ့ ပြဿနာတစ်ခုမဟုတ်ပါလား…။**

ကျန်းမာရေးနဲ့အညီ နေထိုင်စားသောက်တတ်ပြီး မဖြစ်သင့်တဲ့ရောဂါမဖြစ်အောင် ကာကွယ်နိုင်မှသာ သက်ရှည်ကျန်းမာပြီး ကျန်လိုအပ်တဲ့နေရာတွေမှာ ပိုနေတဲ့ငွေကို အကျိုးရှိရှိသုံးစွဲသွားနိုင်မှာ ဖြစ်ပါတယ်။ အရေးကြီးတဲ့ စားရေးသောက်ရေးမှာ တန်ဖိုးနည်းနည်းနဲ့ ကျန်းမာရေးနဲ့ညီညွတ်ပြီး ကစီဓာတ်၊ အသားဓာတ်၊ အရွက်၊ ဥအမျိုးမျိုး စသဖြင့် အာဟာရပြည့်တဲ့ အမည်စုံကို ရွေးချယ်စားသောက်တတ်တဲ့ အလေ့အကျင့်ရှိဖို့ လိုပါတယ်။ ကိုယ်တိုင်စိုက်ပျိုးမွေးမြူနိုင်ရင်တော့ ကျန်းမာရေးနဲ့လည်းညီ ဘေးလည်းကင်းပြီး ဈေးဖိုးလည်း ကာမိနိုင်တာပေါ့။ ပစ္စည်းတစ်ခုခု ဝယ်မယ်ဆိုရင်လည်း မဝယ်ခင်မှာ ဒီပစ္စည်းရဲ့ ရေရှည်အသုံးခံမှု အသုံးတည့်မှုနဲ့တကွ ငွေရဲ့တန်ဖိုးကိုနားလည်ပြီး စိစိစစ်စစ်သုံးစွဲတတ်တဲ့အကျင့်ရှိခြင်းသည်သာလျှင် ငွေကိုစနစ်တကျစီမံခန့်ခွဲနိုင်ခြင်း ဖြစ်ပါတယ်။ မလိုတဲ့အသုံးကို သေချာစိစစ်မှသာ ဖြုန်းတီးရာမရောက်ဘဲ အကြွေးသံသရာက လွတ်နိုင်မှာဖြစ်ပါတယ်။

**စစ်ပြီးခေတ်အင်္ဂလန်ပြည်သူတွေရဲ့ခြိုးခြံချွေတာခဲ့ရမှုအတွေ့အကြုံ**

ဒီနေရာမှာ **ဒုတိယကမ္ဘာစစ်ပြီးခေတ် နေမဝင်အင်ပါယာချုပ်ငြိမ်းသွားပြီး စစ်ဒဏ်အလူးအလဲခံလိုက်ရတဲ့ အင်္ဂလန်နိုင်ငံနဲ့ ဆူနာမီဘေး ကြုံတွေ့ခဲ့ရတဲ့ ဂျပန်နိုင်ငံတို့ရဲ့ ပြန်လည်ရုန်းထခဲ့ကြတဲ့ သင်ခန်းစာတွေကို နမူနာပေးချင်ပါတယ်။ ကျွန်းနိုင်ငံဖြစ်လို့ ကိုလိုနီနိုင်ငံတွေဆီက တင်သွင်းကုန်တွေပဲအားထားရတဲ့ အင်္ဂလန်နိုင်ငံရဲ့ပြည်သူတွေဟာ စစ်ကြီးဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားလိုက်ကြရပေမယ့် သူတို့ဘာကြောင့် ရုန်းထွက်နိုင်ကြပြီး ဘယ်လိုပြန်လည်ရှင်သန်လာခဲ့ကြပါသလဲ…။ အပြင်းအထန်ဖုံးကြဲခံရတဲ့ စစ်ဒဏ်ခံအင်္ဂလန်နိုင်ငံရဲ့ GDP ဟာ ထိုးကျပြီး အလုပ်လက်မဲ့အမြင့်ဆုံး၊ ကုန်သွယ်မှုအနိမ့်ဆုံးနဲ့ ပြည်သူတွေရဲ့ စီးပွားလူမှုဘဝဟာ တော်တော်ဆိုးဆိုးရွားရွား ချွတ်ခြုံကျခဲ့ကြရတယ်ဆိုတာ နေမဝင်အင်ပါယာတစ်ခုရဲ့ ပြည်သူတွေအတွက်တော့ အိပ်မက်တစ်ခုပါပဲ။**

တိုင်းပြည်ရဲ့လုပ်သားအင်အားစုဖြစ်တဲ့ လူငယ်တွေဟာ စစ်ထဲပါသွားလို့ ကုန်ထုတ်စွမ်းအားအရင်းအမြစ်များစွာ ပြတ်တောက်ကုန်တဲ့အထိ ဖြစ်ခဲ့ရတယ်။ ဒီနေရာမှာ စစ်ပြီးခေတ်အင်္ဂလန်နိုင်ငံကို အုပ်ချုပ်ခွင့်ရခဲ့တဲ့ လေဘာပါတီရဲ့ ဦးဆောင်နိုင်စွမ်းဟာ အရေးပါခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။ လေဘာပါတီအစိုးရဟာ တိုင်းပြည်ရဲ့အရေးပါတဲ့ သယ်ယူပို့ဆောင်ရေးနဲ့ စက်မှုလုပ်ငန်းကြီးတွေကို နိုင်ငံပိုင်သိမ်းခဲ့ပြီး အခမဲ့အမျိုးသားကျန်းမာရေးစနစ်ကို ထူထောင်ပေးခဲ့တယ်။

စာမျက်နှာ ၁၉ သို့ ☆

✮ စာမျက်နှာ ၁၈ မှ
အစိုးရရဲ့ထိုအစီအစဉ်တွေဟာ ထင်ရာရမ်းသန်းလုပ်တဲ့ အစီအစဉ်တွေအဖြစ် ဝေဖန်ခံခဲ့ရပြီး လူကြိုက်မများတဲ့လုပ်ငန်းတွေအဖြစ်နဲ့တောင် စွပ်စွဲခံခဲ့ရပါသေးတယ်။

အစားအစာနဲ့ ကုန်ပစ္စည်းတွေဟာ ရှားပါးလွန်းလို့ စစ်အတွင်းနဲ့ စစ်ပြီးခေတ်တစ်လျှောက်လုံး အစားအစာ၊ အဝတ်အထည်နဲ့ လောင်စာဆီကို ရာရှင်(ခွဲတမ်း)စနစ်နဲ့သာ ဝေခြမ်းပေးခံရတဲ့အဖြစ်ဟာ နေမဝင်အင်ပါယာက ပြည်သူတွေအတွက်တော့ အတော်ခါးသီးကြမှာပါပဲ။ ဒီရာရှင်စနစ်ဟာ ဘယ်အထိတာသွားသလဲဆိုရင် အင်္ဂလန်ပြည်သူတွေဟာ အစားအစာ၊ အဝတ်အထည်၊ လောင်စာတွေကို အကန့်အသတ်နဲ့သာ သုံးစွဲတတ်ကြပါတော့တယ်။ ယခင်ကချမ်းသာတဲ့ အင်္ဂလိပ်တွေဟာ မသေချာမရေရာတဲ့ဘဝမှာ ခြိုးခြံချွေတာသုံးစွဲတတ်လာကြတယ်။

မလိုအပ်ရင် မဝယ်တော့တဲ့အဆင့်ရောက်သွားတယ်၊ မာနရှိခဲ့သူတွေဖြစ်ပေမယ့် ဒုက္ခဆင်းရဲခြင်းအောက်မှာ မရှိအတူ ရှိအတူ မျှဝေခံစား ဝေခြမ်းစားသောက်နေထိုင်တတ်လာကြတယ်။ အချင်းချင်းကူညီရိုင်းပင်း ပူးပေါင်းဆောင်ရွက်တတ်လာကြတယ်။ စစ်ဒဏ်ခံပြည်သူတွေဟာ ဗုံးဒဏ်ခံအမိုးအကာတွေဆောက်ရာမှာလည်း အချင်းချင်းကူညီစောင့်ရှောက်ရိုင်းပင်းခဲ့ကြတယ်။

**ရာရှင်စနစ်ကပေးလိုက်တဲ့ ပြောင်းလဲလာတဲ့ အင်္ဂလန်နိုင်ငံသားတွေရဲ့ ခံယူချက်တွေပါ။ ဒီခံယူချက်ကောင်းတွေကပဲ ပြာပုံထဲက အင်္ဂလန်နိုင်ငံကြီးကို ယနေ့မြင်ရတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ အခြေအနေအထိ ပြန်ရောက်သွားစေတယ်။ ရာရှင်စနစ်ကနေ အလူးအလဲရုန်းကန်နေရတဲ့ပြည်သူတွေဟာ နောက်ဆုံးတော့ သူတို့ရဲ့ တက်ညီလက်ညီ ကြိုးစားမှုကြောင့်ပဲ ၁၉၅၄ ခုနှစ်အရောက်မှာ ရာရှင်စနစ်ကို ကွန်ဆာဗေးတစ်အစိုးရက အပြီးတိုင် ပြန်လည်ရုပ်သိမ်းပေးလိုက်နိုင်တာဟာ အင်္ဂလန်ပြည်သူတွေရဲ့စစ်ပြီးခေတ်အောင်ပွဲတစ်ခုအဖြစ် သင်ခန်းစာယူနိုင်ပါလိမ့်မယ်။**

**ဂျပန်ပြည်သူတွေအတွက် ဆူနာမီကပေးခဲ့တဲ့ အရှုံးထဲကအမြတ်**

နောက်ဥပမာတစ်ခုက ဂျပန်နိုင်ငံပြည်သူတွေ ခါးသီးစွာကြုံတွေ့ခံစားခဲ့ရတဲ့ ၂၀၁၁ ခုနှစ် မတ်လမှာ ရုတ်တရက် ဖြစ်ပွားခဲ့တဲ့ ဆူနာမီလှိုင်းနဲ့ မြေငလျင်ဒဏ်ပါပဲ။ ဂျပန်နိုင်ငံဟာ လူကြောင့်ဖြစ်ရတဲ့အဏုမြူဘေးဒဏ်အပြင် သဘာဝဘေးကြောင့်ဖြစ်ရတဲ့ ငလျင်ဒဏ်နဲ့ လေပြင်းမုန်တိုင်းဒဏ်တွေကို မကြာခဏဆိုသလို အလူးအလဲရင်ဆိုင်ရတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

**ဆူနာမီကပေးတဲ့သင်ခန်းစာနဲ့အတူ နောက်ပိုင်းမှာဖြစ်ခဲ့တဲ့ဘေးဒဏ်တွေမှာတော့ အရေးပေါ်တစ်ခုခုဖြစ်ရင် (Panic Buying) အလန့်တကြားဈေးဝယ်ကြတာမျိုး မရှိကြတော့ဘဲ စည်းကမ်းရှိရှိနဲ့ အချင်းချင်းစာနာရိုင်းပင်းတတ်လာကြတာမျိုးလည်း တွေ့လာရပါတယ်။ ဂျပန်လူမျိုးတွေဟာ အကြီးအကျယ်ဒုက္ခတွေ့ဖူးမှပဲ အချင်းချင်း စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြစ်သွားကြတဲ့ ခံစားမှုနဲ့တကွ ဘယ်အချိန်မှ ဘာမှမမြဲဘူးဆိုတဲ့အသိတရားကပေးတဲ့ အမူအကျင့်ပြောင်းလဲမှုမျိုးဟာ ဆူနာမီကရလိုက်တဲ့ အရှုံးထဲကအမြတ်တစ်ခုပါပဲ**

ဆူနာမီဆိုတာ ကြိုတင်ခန့်မှန်းရ အလွန်ခက်တဲ့အတွက် ဂျပန်နိုင်ငံမှာဖြစ်ခဲ့တဲ့ ဘယ်ငလျင်နဲ့မှ နှိုင်းယှဉ်လို့မရပါဘူး။ ဆူနာမီကြောင့် ပြင်းထန်ဆိုးရွားတဲ့ လူသားဆိုင်ရာ ပဋိပက္ခကြီးဖြစ်ခဲ့ရပြီး စီးပွားရေးအပေါ် ထိခိုက်မှုကလည်း ကြီးမားလွန်းခဲ့တယ်။ အစားအစာ၊ သောက်သုံးရေနဲ့ အမိုးအကာ၊ လောင်စာနဲ့ဆေးဝါးတွေ ပြတ်လပ်ကုန်ပြီး ဒုက္ခသည် သုံးသိန်းခန့်နဲ့ လူပေါင်း တစ်သိန်းခြောက်သောင်းလောက် သေဆုံးခဲ့ကြတယ်။

ဒါပေမယ့် ဂျပန်ပြည်သူတွေဟာ ဒုက္ခလှိုင်းတံပိုးတွေအောက်မှာ ဒူပေနာပေခံနိုင်တဲ့သူတွေဖြစ်တဲ့အတွက် သူတို့ရဲ့ မှင်တက်မှုက ခဏတာပါပဲ။ အပြောင်းအလဲတွေနဲ့အတူ ပြန်လည်နိုးထရုန်းထွက်နိုင်ခဲ့တယ်လို့ဆိုရပါမယ်။ အထူးသဖြင့် လူထုအလွှာရဲ့ အောက်ခြေလူတန်းစားအဆင့်နဲ့ လူငယ်မျိုးဆက်တွေဆီကနေ စတင်ပြောင်းလဲခြင်းပါပဲ။

ဘယ်လိုပြောင်းလဲမှုပါလဲ... သူတို့ကိုယ်တိုင်ရဲ့ မသေချာမရေရာတဲ့ အခြေအနေတစ်ရပ်အပေါ် အရှုံးမပေးဘဲရှင်သန်ရပ်တည်နိုင်ဖို့ အမြဲကြိုးစားပြင်ဆင်နေရမယ်ဆိုတဲ့ အသိနဲ့ အစိုးရနဲ့တကွ အကူအညီလိုနေတဲ့ မည်သူ့ကိုမဆို အကူအညီပေးနိုင်ဖို့ ငါတို့မှာတာဝန်ရှိလာနေတယ်ဆိုတဲ့ ခံယူချက်ဖြစ်ပါတယ်။

သဘာဝဘေးဒဏ်ကြီးမဖြစ်ခင်က လူငယ်တွေဟာ မိမိကိုယ်မိမိ တိုးတက်ဖို့အတွက်သာ ပြင်းထန်တဲ့ပြိုင်ဆိုင်လိုစိတ်တွေ အမြဲရှိခဲ့ပေမယ့် ဆူနာမီအပြီးမှာတော့ ကိုယ့်အတွက်ထက် တခြားသူအတွက်ကို ကူညီပေးနိုင်ဖို့ စဉ်းစားလာကြပါတယ်။ မိမိငွေကို ခြိုးခြံချွေတာ၊ လောင်စာနဲ့ စွမ်းအင်ကိုလည်း ခြိုးခြံပြီးရှောင့်ရဲနေထိုင်တတ်လာသလို အချိန်ကိုလည်း ကပ်စေးနဲလာတတ်ကြတယ်။ ရတဲ့အချိန်လေးမှာ ဖိအားတွေလျှော့ပြီး ပျော်ပျော်နေတတ်လာကြတယ်။ ပိုက်ဆံကို ကိုယ့်အတွက်ချည်းပဲ မစဉ်းစားတော့ဘဲ ပရဟိတစိတ်နဲ့ အများအတွက် အလှူဒါနအလုပ်တွေကို ဦးစားပေးတတ်လာကြတယ်။

**ဆူနာမီကပေးတဲ့ သင်ခန်းစာနဲ့အတူ နောက်ပိုင်းမှာဖြစ်ခဲ့တဲ့ ဘေးဒဏ်တွေမှာတော့ အရေးပေါ်တစ်ခုခုဖြစ်ရင် (Panic Buying) အလန့်တကြားဈေးဝယ်ကြတာမျိုး မရှိကြတော့ဘဲ စည်းကမ်းရှိရှိနဲ့ အချင်းချင်း စာနာရိုင်းပင်းတတ်လာကြတာမျိုးလည်း တွေ့လာရပါတယ်။ ဂျပန်လူမျိုးတွေဟာ အကြီးအကျယ်ဒုက္ခတွေ့ဖူးမှပဲ အချင်းချင်း စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြစ်သွားကြတဲ့ ခံစားမှုနဲ့တကွ ဘယ်အချိန်မှ ဘာမှမမြဲဘူးဆိုတဲ့ အသိတရားကပေးတဲ့ အမူအကျင့်ပြောင်းလဲမှုမျိုးဟာ ဆူနာမီကရလိုက်တဲ့ အရှုံးထဲကအမြတ်တစ်ခုပါပဲ။**

အထက်ပါ ဥပမာတွေအရ မမျှော်လင့်ထားတဲ့အခြေအနေတွေ၊ မရေရာမသေချာတဲ့ အနေအထားတွေကို ကျွန်တော်တို့ဟာ ကြိုတင်မြော်တွေးထားရပါမယ်။ ကြုံလာမယ့် အခြေအနေကို ရင်ဆိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားရမယ့်အရာဟာ အသုံးနဲ့အဖြုန်းကို စိစစ်ခြိုးခြံချွေတာတတ်ဖို့နဲ့ ရှောင့်ရဲတင်းတိမ်နိုင်ဖို့ပါပဲ။ ယခုအချိန်မှာ ကျွန်တော်တို့အားလုံးအတွက် ဆင်းရဲတွင်းနက်ကြီးကို မကျရောက်စေဖို့ အဆိုးထဲကအကောင်းရှာပြီး မိမိကိုယ်မိမိ စောင့်ရှောက်ကာကွယ်ဖန်တီးယူနိုင်တဲ့ အခွင့်အလမ်းတွေနဲ့အတူ အင်အားတွေမွေးထားစေချင်ပါတယ်။ သို့မှသာ မိမိတို့တစ်ဦးချင်းအပေါ် ကျရောက်လာနိုင်တဲ့ ဖိအားမျိုးစုံကို ရင်ဆိုင်ကျော်လွှားနိုင်မှာဖြစ်ပြီး မိမိရဲ့မိသားစု၊ မိမိရဲ့ပတ်ဝန်းကျင်နဲ့ လူ့အဖွဲ့အစည်းကိုလည်း များစွာကူညီစောင့်ရှောက်ရာရောက်မှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။




**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**

ပညာ

**ဆရာ၊ ဆရာမများ ကြိုတင်ဆောင်ရွက်ရမည့်**
ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ အသက်(၁၂)နှစ်နှင့်အထက်ကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊
၂။ ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို အမြဲတပ်ဆင်ရန်၊
၃။ ကျောင်းသို့လာချိန်တွင် ကြိုပို့ယာဉ်များ အသုံးပြုပါက (Mask)တပ်ဆင်ရန်၊ Air-con အသုံးပြုသောယာဉ်ဖြစ်ပါက ပြတင်းတံခါးများ ဖွင့်၍ စီးနင်းရန်၊
၄။ ကျောင်းဝင်းအတွင်းသို့ဝင်လျှင် ကျောင်းအစီအစဉ်အရ အပူချိန်တိုင်းတာခြင်း ဆောင်ရွက်ရန်၊ တစ်စုံတစ်ခုကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်၊
၅။ ကျောင်းသို့လာသည့် ကျောင်းသားများကို စာသင်ကျောင်းဂိတ်ဝတွင် အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာနိုင်ရေး၊ သတ်မှတ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်နှင့် ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်) အထက်ရှိခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်းနှင့် အားအင်ကုန်ခမ်းခြင်းစသည့် လက္ခဏာများတွေ့ရှိပါက တာဝန်ရှိသူ(သို့) နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊
၆။ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ တားဆီးရေး စီစဉ်ဆောင်ရွက်မှုအခြေအနေဆန်းစစ်ပုံစံ (Readiness Assessment Checklist Version-4)နှင့်အညီ ကျောင်းနှင့်စာသင်ခန်းများ ကြိုတင် ပြင်ဆင်နိုင်ရေး၊ ကျောင်းအုပ်ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရန်၊
၇။ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာမှသာ ပြောဆိုဆက်ဆံ၍ ကျောင်းလုပ်ငန်းများနှင့် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊
၈။ အတန်းတွင်းသင်ကြားသင်ယူခြင်းနှင့် လူစုလူဝေးဖြစ်စေမည့် အစည်းအဝေးများ၊ ကျောင်းတွင်းလှုပ်ရှားမှုများဆောင်ရွက်ခြင်းကို ခပ်ခွာခွာနေခြင်း(Social Distancing) မှုနှင့်အညီ ဆောင်ရွက်ရန်၊
၉။ အသုံးပြုပြီးသော တစ်ရှူးများ၊ တစ်ခါသုံးနှာခေါင်းစည်းများကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရန်၊
၁၀။ ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ ကျောင်းအုပ်ကြီးသို့ တင်ပြရန်၊

# ယဉ်ကျေးလိမ္မာအစပြု ဝစီကံယဉ်ကျေးမှု(၂)

ဦးမင်းဟန်(ဘီအေ)

"ဝစီကံလေးပါးရဲ့ အဓိပ္ပာယ်ကိုပြောရရင် နံပါတ်(၁)က မုသာဝါဒနော်။ မုသာဝါဒဆိုတာက တော့ မဟုတ်မမှန်တဲ့စကားကို ပြောဆိုမှုပေါ့ကွယ်။ မုသားစကားပြောဆိုမှုလို့လည်းခေါ်တယ်။ နံပါတ်(၂)ဖြစ်တဲ့ ပိသုဏာဝါစာကတော့ ချစ်ခင်နေသူတွေကို အချင်းချင်းကွဲကွာသွားစေလိုတဲ့ စိတ်နဲ့ကုန်းတိုက်စကားပြောဆိုမှုပေါ့ ။ နံပါတ်(၃) ဖရုသဝါစာကတော့ ကြမ်းတမ်းယုတ်မာတဲ့စကားကို ပြောဆိုမှုဖြစ်တယ်။ နံပါတ်(၄) သမ္ဖပ္ပလာပကတော့ အကျိုးမရှိတဲ့ အနှစ်မဲ့စကားကို ပြောဆိုမှုဆိုတာလောက် မှတ်ထားရင် ရပါတယ်။"

"ဟုတ်ကဲ့ ဘိုးလေး မှတ်သားထားပါ့မယ်"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ သုံးဦးက အသင့်ပါလာသော မှတ်စုစာအုပ်များတွင် အသီးသီးရေးမှတ်လိုက်ကြသည်။

"အေးကွယ် မြေးတို့ရေးမှတ်ပြီးရင် တစ်ခေါက်လောက် အသံထွက်ဖတ်ကြည့်လိုက်ပါဦး"

"နံပါတ်(၁)မုသာဝါဒ မဟုတ်မမှန်တဲ့ စကားကို ပြောဆိုမှု၊ နံပါတ်(၂) ပိသုဏာဝါစာ ချစ်ခင်နေသူတို့ကို အချင်းချင်းကွဲကွာသွားစေလိုတဲ့ စိတ်နဲ့ကုန်းတိုက်စကားပြောဆိုမှု၊ နံပါတ်(၃)ဖရုသဝါစာ ကြမ်းတမ်းယုတ်မာတဲ့စကားကို ပြောဆိုမှု၊ နံပါတ်(၄)သမ္ဖပ္ပလာပ အကျိုးမရှိတဲ့ အနှစ်မဲ့စကားကို ပြောဆိုမှုတို့ ဖြစ်ပါတယ်။"

"သာဓုကွယ် -သာဓု၊ သာဓု၊ မြေးတို့တွေ ဝစီကံလေးပါးကိုတော့ ဒီလောက်ဆိုမှတ်မိလောက်ပြီပေါ့"

"ဟုတ်ကဲ့ မှတ်မိပါပြီ ဘိုးလေး"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ ပြိုင်တူညီညာစွာ ပြောလိုက်ကြသည်။

"မုသားစကားပြောဆိုသူဟာ ဝစီကံအမှုကို ကျူးလွန်တာပဲပေါ့။ မုသားမပါ လင်္ကာမချောဆိုပြီး လောကီမှာတော့ အဆိုရှိတယ်။ ဒါတွေက ဝစီကံကို ရှောင်လွှဲလိုသူတွေရဲ့ လက်သုံးစကားပဲဖြစ်တယ်၊ မဟုတ်မမှန် ပြောဆိုခြင်းဟာ မုသားပြောတာပဲ။ မုသားပြောသူဟာ ဝစီကံအမှုကို ကျူးလွန်ရာရောက်တယ်ကွဲ့"

"ဟုတ်ကဲ့ ဘိုးလေး"

"အလွယ်တကူ မှတ်သားဖို့က မုသားစကားပြောသူဟာ မုသာဝါဒကံ ကျူးလွန်တာပဲ။ မုသာဝါဒကံ ကျူးလွန်သူဟာ အပြစ်ဖြစ်တော့တာပဲပေါ့"

"မုသာဝါဒကံ ကျူးလွန်ရင်လည်း ငရဲကျတာပေါ့နော် ဘိုးလေး"

"မှန်တာပေါ ပူစူးမရယ် မှန်တာပေါ့၊ ငရဲကျတာပေါ့"

ပူစူးမစကားကို ဘိုးလေးကြွက်က ထောက်ခံစကားပြန်ပြောကာ ရေနွေးကြမ်းတစ်ကျိုက် မော့သောက်လိုက်သည်။

"ဘိုးလေးရေ မုသာဝါဒကံ ကျူးလွန်မိရင် ခံရတဲ့အပြစ်တွေကို ပြောပြပေးပါဦး"

"ဟုတ်ပါတယ် ဘိုးလေး၊ အဲဒီအပြစ်တွေကို မြေးတို့ မှတ်သားထားပါ့မယ်"

မောင်ထူး၏စကားကို ကိုဦးက ဖြည့်စွက်ပြောဆိုကာ ဘိုးလေးကြွက်ပြောလာမည့်စကားကို မှတ်စုစာအုပ်တွင် ရေးမှတ်ရန် အသင့်စောင့်နေသည်။

"အေးပါကွယ် ပြောပြမှာပါ။ မုသာဝါဒကံကို ကျူးလွန်သူဟာ သေလွန်တဲ့အခါ ငရဲကျတယ်။ ငရဲက လွတ်မြောက်ပြီး လူပြန်ဖြစ်တဲ့အခါ စကားပီပီသသ မပြောတတ်တာ၊ သွားတွေ မညီမညွတ်ဖြစ်တာ၊ ခံတွင်းပါးစပ် ပုပ်ညှီတတ်တာ၊ အပြောအဆိုနှုတ်လျှာကြမ်းတမ်းတာ၊ လျှပ်ပေါ် လော်လီတတ်ပြီး စိတ်မတည်တာမျိုးတွေ ဖြစ်တတ်တယ်ဆိုတဲ့ ဆိုးကျိုးတွေ ခံစားရတာပေါ့ကွယ်"

"ဟုတ်ကဲ့ ဘိုးလေး မှတ်သားထားပါ့မယ်"

"မှတ်သားရုံတင် မဟုတ်ဘဲ မြေးတို့အားလုံး လိုက်နာ စောင့်စည်းကြရမယ်နော်"

"ဟုတ်ကဲ့ပါ- မြေးတို့အားလုံး လိုက်နာကြပါ့မယ်လို့ ကတိပေးပါတယ် ဘိုးလေး"

"အေးအေး သာဓုကွယ် သာဓု၊ သာဓု၊ လိမ္မာလိုက်တဲ့ကလေးတွေ၊ သက်ရှည်ကျန်းမာပြီး လိုအင်ဆန္ဒတွေ ပြည့်စုံကြပါစေကွယ်"

"ဘိုးလေးပေးတဲ့ ဆုနဲ့ ပြည့်ဝရပါစေ"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ သုံးဦးသားပြိုင်တူ ပြောလိုက်ကြသည်။

"ရော့ရော့ မြေးတို့ စားဖို့ ဖီးကြမ်းငှက်ပျောသီး တစ်လုံးစီယူကြပေတော့။ လောလောဆယ်ကို မြေးတို့အကျိုးရှိနေပြီး လိမ္မာယဉ်ကျေးမှုရဲ့ အကျိုးကျေးဇူးဖြစ်တဲ့ ကောင်းကျိုးခံစားရတယ် ဆိုပါတော့ကွယ်"

"ကျေးဇူးတင်ပါတယ် ဘိုးလေး"

ဘိုးလေးကြွက်ကမ်းပေးသော ငှက်ပျောသီးများကိုမောင်ထူးတို့သုံးဦးအသီးသီးလှမ်းယူလိုက်ကြပြီး ကျေးဇူးစကား ပြိုင်တူပြန်ပြောလိုက်ကြခြင်း ဖြစ်သည်။

"အေးကွယ် လိမ္မာယဉ်ကျေးစွာ စကားပြောတတ်တာဟာလည်း မင်္ဂလာတစ်ပါးပေါ့ကွယ်။ မြေးတို့တွေ စကားပြောတဲ့အခါ နှုတ်ထွက်စကား မပြောခင်ဆင်ခြင်ဉာဏ်၊ အသိ၊သတိရှိရမယ်။ အခုတင် ပါးစပ်က ပြောထွက်တော့မယ့် စကားဟာ မုသားပါသလား၊ ယဉ်ကျေးရဲ့လား၊ ရုန့်ရင်းကြမ်းတမ်းမှု ရှိလားဆိုတာ ချက်ချင်း ဆင်ခြင်သတိရှိရမယ်နော်"

"ဟုတ်ကဲ့ ဘိုးလေး သတိထားပါ့မယ်"

"စကားဆိုတာ ပြောမထွက်ခင် ဆင်ခြင်မှနော်၊ ပြောပြီးရင် ပြင်ဖို့မလွယ်ဘူး။ စကားကျွံနုတ်မရဆိုတဲ့ မြန်မာဆိုရိုးစကားရှိတယ်။ ဒီတော့ကာ မြေးတို့တွေ စကားပြောတဲ့အခါ အသိ၊ သတိနဲ့ အပိုစကားတွေမပါတဲ့ လိုရင်းကိုသာ ပြောတတ်အောင် ကျင့်ကြံကြရမယ်"

"ဆင်ခြင်ပြီး သတိနဲ့ပြောပါ့မယ် ဘိုးလေး"

ပူစူးမက ဘိုးလေးကြွက်စကားကို ပြန်ပြောလိုက်ရာ မောင်ထူးက ပြုံးပြုံးကြီးလုပ်ရင်း ဆက်ပြောသည်။

"ဘိုးလေးရေ အကြွားပိုစကားတွေ အချင်းချင်းပြောမိရင်လည်း မုသားစကားဖြစ်တာပေါ့နော်"

"အကြွားပိုပြီဆိုကတည်းက မဟုတ်မမှန်တာတွေပါ ပြောတဲ့စကားထဲမှာ ပါနိုင်တာပဲလေ၊ မဟုတ်မမှန်တာ ပြောဆိုပြီဆိုမှတော့ မုသားစကားဖြစ်ပြီပေါ့။ မုသားစကားဖြစ်ပြီဆိုမှတော့ မုသာဝါဒကံကို ကျူးလွန်ရာရောက်ပြီပေါ့ မောင်ထူးရာ"

"ဟုတ်ကဲ့ပါ ဘိုးလေး မြေးတို့အချင်းချင်း စကားပြောရာမှာလည်း အမှတ်မထင်အကြွားစကားတွေ၊ အတင်းစကားတွေ၊ အနှစ်မဲ့တဲ့စကားတွေ မပြောမိအောင် ဆင်ခြင်ပါတော့မယ်"

"ဟုတ်တယ်နော် ကိုဦးရေ - နေ့တိုင်း ငါတို့တွေ စကားပြောနေကြတဲ့အထဲမှာ အပိုတွေက များတယ်နော်။ မဟုတ်တာတွေကို အပိုထည့်ပြီး ပြောနေမိကြတာပေါ့။ ဟယ်- ဟုတ်ပ့ါ ငါတို့တွေ မုသာဝါဒကံကို ကျူးလွန်မိနေတာပေါ့၊ ငါတို့ အပြစ်တွေရနေတာပေါ့၊ ကြောက်စရာကြီးပါလားနော်"

ကိုဦး၏ စကားကို ပူစူးမက ပျာပျာသလဲ ဝင်ပြောလိုက်ရာ မောင်ထူး၊ ကိုဦးနှင့်ပူစူးမတို့ သုံးဦး မျက်လုံးပြူးလျက် စိုးရိမ်ကြောက်ရွံ့နေကြလေသည်။

"မြေးတို့ရယ် အကြောက်လွန်မနေကြပါနဲ့။ အခုချိန်ကစပြီး မြေးတို့စကားပြောတဲ့အခါ ဆင်ခြင်ပြီး အသိ၊ သတိနဲ့ပြောကြရင် မုသာဝါဒကံကို မကျူးလွန်မိတော့ဘူး။ မုသာဝါဒကံမကျူးလွန်မိရင် အပြစ်ဆိုတာ မဖြစ်တော့ဘူးပေါ့"

"ဟုတ်ကဲ့ ဘိုးလေး"

"အေးကွယ် – တို့လူသားတွေက နောင်မှရတဲ့ နောင်တဆိုတာကို နောင်ဆိုတဲ့ နောက်ကျလွန်းတဲ့ အချိန်တွေရောက်မှပဲ နားလည်သိမိကြတာ များပါတယ်။ ဒါကြောင့် နောင်အနာဂတ်မှာ နောင်တမရကြရအောင် စကားပြောတာပဲဖြစ်ဖြစ်၊ နေထိုင်မှုမှာပဲဖြစ်ဖြစ်၊ စာကြိုးစားမှုမှာပဲဖြစ်ဖြစ် ဘဝဖြတ်သန်းမှု အစစအရာရာမှာ သတိထားကြဖို့ပဲ လိုပါတယ်"

"ဟုတ်ကဲ့ပါ – မြေးတို့အားလုံး အသိ၊သတိနဲ့ ဆင်ခြင်ပြီး နေထိုင်ပြောဆိုပါတော့မယ်"

"သာဓု၊ သာဓု၊ သာဓုပါကွယ်။ မြေးတို့အားလုံး လိမ္မာကြပါပေတယ်။ ကဲကဲ – အချိန်လည်း အတော်လင့်သွားပြီ နားကြဦးစို့ကွယ်။ မြေးတို့လည်း လွတ်လွတ်လပ်လပ် ဆော့ကစားကြပေဦးတော့"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့လည်း ဘိုးလေးကြွက်ကို ထိခြင်းငါးပါးဖြင့် ကန်တော့ကြပြီး နောက်သို့ခြေလှမ်း ငါးလှမ်းခန့်ဆုတ်ကာ ဘိုးလေးကြွက်အပါးမှ ထွက်ခွာသွားကြတော့သည်။ ။

---

# မုသားရှောင်ခြင်း ယဉ်ကျေးမှု(၂)




"မောင်အောင်ဘု"

"ခင်ဗျာ ... ဘဘ"

"ငါ ... မနေ့ညနေက ဘုန်းကြီးကျောင်းဘက်ရောက်တော့ မင်းတို့သားအမိ ကျောင်းဝိုင်းထဲက ထွက်လာတာ မြင်လိုက်တယ်၊ မင်းကလည်း ငိုလို့ကွ၊ ဘာဖြစ်တာလဲ"

"ဘုန်းကြီးခေါ်လို့ ကျွန်တော်နဲ့ မေမေ လာတာ ... ဘဘ"

"နို့ ... မင်းက ဘာလို့ ငိုရတာလဲ"

"မေမေ ... ဗိုက်ခေါက်ဆွဲလိမ်လို့ပါ"

"မင်းအမေက ဘာလို့ လိမ်တာလဲ"

နေ့လယ်က ကျွန်တော်တို့ ငှက်လိုက်ပစ်ကြတယ်။ ကျောင်းနားက သစ်ပင်ပေါ်က စာကလေးကို ကျွန်တော့် သူငယ်ချင်းပစ်တာ မှန်သွားပြီး စာကလေးက ကျောင်းဝိုင်းထဲ ကျသွားတယ်။ အဲဒါ ကျွန်တော်က ဝင်ကောက်တာကို ဘုန်းကြီးမြင်သွားတော့ ညနေကျတော့ မေမေနဲ့ ကျွန်တော့်ကို ခေါ်ခိုင်းလို့ လာကြတာ"

"ဘုန်းကြီးက မင်းတို့ကို ဘာပြောလိုက်လဲ"

"ဒကာမကြီးတဲ့၊ နင့်သားဟာ ငါ့ကျောင်းဝိုင်းထဲ ခါးတောင်းကျိုက်ကြီးနဲ့ဝင်လာတယ်တဲ့၊ အတော်ရိုင်းတဲ့ ကောင်လေးတဲ့၊ အဲဒါ နင်တို့ အခုငယ်ကတည်းက ယဉ်ကျေးအောင် ဆုံးမမှပေါ့တဲ့"

"နို့ ... နေစမ်းပါဦး။ မင်းက ဘာလို့ ခါးတောင်းကျိုက်ကြီးနဲ့ ဝင်ရတာလဲ"

"ကျောင်းဝိုင်းထဲ ခါးတောင်းကျိုက်ကြီးနဲ့ မဝင်ရဘူးလား .... ဘဘ"

"ဟ ... ဘယ်ဝင်ကောင်းမလဲ၊ ကျောင်းဝိုင်းဆိုတာ ရတနာသုံးပါးရဲ့ တည်နေရာပဲကွ၊ ဒါကို တို့ဗုဒ္ဓဘာသာဝင်တွေက အလေးအမြတ်ထားတာ၊ ခါးတောင်းကျိုက်နဲ့၊ ဘောင်းဘီဖင်ကျပ်နဲ့၊ ထဘီတိုနံ့နံ့နဲ့ စသဖြင့်ပေါ့ကွာ၊ ဖရိုဖရဲ မဝင်ရဘူး၊ ထီးတို့၊ ဘာတို့ဆောင်းလာရင်လည်း ပိတ်ပြီး ဝင်ရတာ၊ ဦးထုပ်ဆောင်းထားရင်၊ ဖိနပ်စီးထားရင်လည်း ချွတ်ရတာ၊ သဘောက ရိုသေလေးစားတဲ့ သဘောပဲ၊ ဒါဟာ ဘုရားကို ဂါရဝပြုတာ၊ တရားကို ဂါရဝပြုတာ၊ သံဃာကို ဂါရဝပြုတာ၊ ဂါရဝပြုတော့ ကုသိုလ်ဖြစ်ရောပေါ့"

စာမျက်နှာ ၂၁ သို့ ☆

## အရှုံးထဲက အမြတ်

# အရှုံးထဲက အမြတ်ဆင့်

ဓမ္မဒူတ
ဒေါက်တာအရှင်ဆေကိန္ဒ

ဒီခန္ဓာကြီးက သေမင်းဆီက ငှားထားတာပါ။

သူများဆီက ငှားထားလို့ ဒီမှာရှိတုန်း ဒီဘဝမှာရှိတုန်း ရထားတဲ့ဝတ္ထုပစ္စည်းတွေကို ကုသိုလ်နဲ့ လဲရပါမယ်။

ဘယ်လိုလဲမှာလည်းဆိုတော့ မိဘဖြစ်တဲ့ ပုဂ္ဂိုလ်တွေ စဉ်းစားကြည့်ပါ။

သားသမီးတွေ နိုင်ငံခြားမှာ ပညာတော်သင်သွားကြတယ်လေ။ အဲဒီအခါ ဒေါ်လာတွေ ဘာတွေ ထည့်ပေးလိုက်တယ် မဟုတ်လား။ ဟိုက လိုလို့မှာရင် ဒီကငွေလွှဲနဲ့ ပို့ရတယ်မဟုတ်လား။ မန်နီအော်ဒါတွေ ဘာတွေနဲ့ ငွေလွှဲခေါ်ပြီး ပေးရတာ။ သားသမီးတွေက မလိုလည်းဘဲ ဒီကလှမ်းပို့နေကြတာပါ။

ကုသိုလ်ပြုပြီးရင် ဒီကအမျှဝေတယ်ဆိုတာကလည်း ဘဝကူးပြောင်းသွားသူ ရောက်ရာနတ်ပြည်ဌာန နတ်လောကကို လိုအပ်ရာရာတွေ သုံးလို့ရအောင် ကုသိုလ်တွေကို ငွေလွှဲနဲ့ ပို့ပေးတာပါ။ အမျှဝေတယ်ဆိုတာ အဲဒါပဲ။

အခု ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့က တို့ကိုပင့်ပြီး ဘုန်းဘုန်းက တရားဟောတာ၊ လှူဖွယ်ပစ္စည်းတွေကို အလှူခံပေးတာဟာ တမလွန်ဘဝ ရောက်တဲ့သူတွေအတွက် ကုသိုလ်လွှဲအနေနဲ့ ကုသိုလ်ပို့ချင်လို့ပါ။

ပြောချင်ပါတယ်။ လောကကြီးမှာ အားလုံးသေကြတဲ့ သဘောကို ဘယ်သူမှ မလွန်ဆန်နိုင်ပါဘူး။ မသေတာ နှစ်မျိုးပဲရှိတယ်။ မသေစေချင်ရင် သေသူရဲ့ ဂုဏ်ကျေးဇူးတွေကို အောက်မေ့ပါ။ ဘယ်တော့မှ မသေပါဘူး။ လူ့ခန္ဓာကိုယ်သေသွားပေမယ့် နာမည်လည်းမသေဘူး။ အလုပ်လည်း မသေပါဘူး။ ကျန်တဲ့လူတွေကလည်း သူ့ဂုဏ်ကျေးဇူးကို သတိရနေရင် တမလွန်ပြောင်းသွားတဲ့သူက မသေပါဘူး။

ဒါပေမယ့် ဒကာကြီး ဦးလှထွန်းလိုပုဂ္ဂိုလ်ဆုံးသွားတာဟာ အရှုံးကြီးရှုံးတာပဲ။ အရှုံးကြီးထဲကနေ အရှုံးပေါ် အရှုံးမဆင့်အောင် အရှုံးထဲက အမြတ်ရအောင် ထုတ်ရတာပါ။

ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်သူမြတ်တွေကို ဆွမ်းခဲဖွယ်ဘောဇဉ် ကပ်လှူရတယ်ဆိုတာ၊ လှူဖွယ်ဝတ္ထုတွေ လှူဒါန်းရတယ်ဆိုတာ အရှုံးထဲက အမြတ်ထုတ်ယူတာပါပဲ။

ကုသိုလ်ကို ရှင်အောင်လုပ်တဲ့သူဟာ လူသာသေမယ် နာမည်မသေဘူး။ ကုသိုလ်အလုပ်သာ ကြိုးစားပါ။ မိမိတို့ ဥစ္စာပစ္စည်းတွေကို၊ ကျပ်ငွေကို ဒေါ်လာနဲ့ လဲရသလို ရှိတဲ့ပစ္စည်းဥစ္စာကို ကုသိုလ်နဲ့ လဲရမယ်။

ကုသိုလ်နဲ့လဲတော့ ကုသိုလ်ရပြီဆိုရင် ကိုယ့်ဆွေမျိုးသားချင်း နိုင်ငံခြားရောက်နေရင် လိုလေသေးမရှိ ငွေထောက်ပံ့သလို ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသူတွေရဲ့ ကျန်ရစ်သူတွေက ကိုယ်လဲလိုက်တဲ့ ကုသိုလ်တွေကို တမလွန်ဘဝ နတ်ပြည်ဌာန နတ်လောကကောင်းရာရောက်နေတဲ့ သူတွေဆီကို အမျှပေးဝေရမှာပါ။

အမျှဝေတယ်ဆိုတာ အဲဒါပဲနော်။ ဟွန်ဒီလွှဲသလိုပေါ့။

တစ်ခုရှိတယ်။

အခု ပစ္စည်းတွေကို ကုသိုလ်ဖြစ်အောင် အရင်လုပ်။ ကုသိုလ်ဖြစ်မှ လွှဲပေးရမှာ။ ဒါဖြင့် အရှုံးထဲက အမြတ်ထုတ်ယူတာပါပဲ။



အရှုံးထဲမှာ အရှုံးမခံဘဲ အရှုံးထဲက အမြတ်ရအောင် သံဃာတော်အရှင်သူမြတ်တွေကို လှူဒါန်းပြီး သီလဆောက်တည်၊ တရားနာရတယ်ဆိုတာတို့အတွက် အရှုံးထဲက အမြတ်ပါလားလို့ သဘောပေါက်နားလည်ရပါမယ်။

ဒါမှလည်း အရှုံးထဲက အမြတ်ထုတ်နိုင်ပါမယ်။

အရပ်လေးတော့ ပြန်ပြီး ရှင်လာရိုးထုံးစံမရှိဘူး။ ဒါပေမယ့် မြေးမလေးအတွက် ကုသိုလ်တွေရဖို့ အနာထပိဏ်သူဌေးကြီး စီမံပေးတာကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဝမ်းမြောက်နုမော် သာဓုခေါ်သလို မိမိတို့တစ်တွေလည်း အရှုံးထဲက အရှုံးမဖြစ်ဘဲ အရှုံးထဲက အမြတ်ရအောင် ကိုယ့်ကိုယ်ကိုယ်လည်း သေမင်းခန္ဓာကိုယ် ငှားထားတာပါလားလို့ သိပြီးတော့ စွမ်းနိုင်သမျှ ပစ္စည်းဝတ္ထုတွေကို ဒါနကုသိုလ်တွေနဲ့ လဲပါ။ ကိုယ်လက်အင်္ဂါတွေကို သီလနဲ့ လဲလိုက်ကြပါ။ အသက်ရှိစဉ်မှာလည်း အချိန်မှန်သမျှကို ဘဝနဲ့ဘာဝနာနဲ့ အမြဲလဲလိုက်ပါ။ အငှားတွေနဲ့ ကုသိုလ်နဲ့လဲပြီး အဲဒီကုသိုလ်ကို ကိုယ်လည်းစားသုံး၊ တမလွန်ဘဝရောက်တဲ့ ကျေးဇူးရှင်ဆီကို ပို့ပေးဖို့လည်း အရေးကြီးပါတယ်။

အဲဒီအသိတွေကို သိပြီးတော့ ဒီဘဝအတွက် ရော နောင်ရော အရှုံးပေါ် အရှုံးမဆင့်ဘဲနဲ့ အရှုံးနဲ့ ကြုံခဲ့ရင်သော်မှ အရှုံးထဲက အမြတ်ရအောင် ကြိုးစားနိုင်သဖြင့် ကုသိုလ်တွေ အားကောင်း၊ ကောင်းကျိုး ချမ်းသာတွေ စံစားခံစားပြီး နိဗ္ဗာန်ရွှေပြည်မြတ်ကို ရရောက်နိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ။ ။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ အရှုံးထဲကအမြတ် စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

---

☆ စာမျက်နှာ ၂၀ မှ

"ဒါကို မင်းတို့ မှတ်ထားနော် ....."

"ဟုတ်ကဲ့ပါ ... ဘဘ"

"ဒါနဲ့ ... ညီကြီး မင်းဦးလေးစာထဲမှာ ဒါမျိုး ပါသေးလား"

"ပါ ပါတယ် ဘဘ"

"ပါရင် ရွတ်ပြလိုက်ကွာ"

"ဟုတ်ကဲ့ .."

"ကျောင်းထဲဝင်လာ၊ ပုဆိုးဟာ၊ ပြင်ကာဝတ်ခဲ့။ ကောင်းကောင်းတဲ့။

ခါးတောင်းကျိုက်လျှင်၊ ကျောင်းဝိုင်းပြင်၊ ကွင်းကာရှောင်ကွယ်၊ မမိုက်နဲ့ပါ . . ဘဘ"

"အေးကွာ .. ကောင်းကွာ၊ အချုပ်မှာတော့ဟေ့ ပုဆိုးတို့၊ ထမီတို့၊ အင်္ကျီဝတ်စားတာ စတာတို့ကို သေသေသပ်သပ် ယဉ်ယဉ်ကျေးကျေး လေးလုပ်ပြီး ဝင်ကြ ထွက်ကြရမှာကွ"

"ဘဘ ..."

"ပြော ... မောင်သီလ"

"ဟို ဗုဒ္ဓက ကိုရင်ရာဟုလာကို ဆုံးမတာလေး ဆက်ပြောပြပါဦး .."

"အေး ... ဟုတ်သားပဲ"

"ဒါဆို... အောင်ဘု ဟိုရေခွက်နဲ့ ရေတစ်ခွက်ခပ်ခဲ့စမ်း၊ ဗုဒ္ဓက ကိုရင်ရာဟုလာကို လက်တွေ့ပြဆုံးမတာမို့ ဗုဒ္ဓအတိုင်း လုပ်ကြည့်ရမှာ"

"အဲ ... ဟုတ်ပြီ နည်းနည်းချန်ပြီး သွန်ပစ်လိုက်စမ်း"

"အဲ ... ဟုတ်ပြီ၊ ဒါက ဟိုအပတ်က ပြောခဲ့တာ၊ ဘာ သဘောလဲ"

"ခွက်ထဲမှာ ရေနည်းနည်းလေးရှိသလို အရှက်မရှိ လိမ်ညာသူရဲ့ သန္တာန်မှာ ကိုယ်ကျင့်တရား နည်းနည်းလေးရှိပုံကို ပြောတာပါ"

"အေး ... ဟုတ်တယ်၊ ဒါက တစ်နံပါတ်အချက်တဲ့၊ ကဲ – အောင်ဘု ရေကို အကုန်သွန်ပစ်လိုက်စမ်း၊ အဲ ... ဟုတ်ပြီ"

"ဗုဒ္ဓက အဲလိုသွန်ပြီး မေးတယ်။ မြင်ရဲ့လား ... ရာဟုလာတဲ့။ ကိုရင်ကလည်း မြင်ပါတယ်တဲ့။ မြင်ရင် အရှက်မရှိ လိမ်ညာသူရဲ့ သန္တာန်မှာ အခုခွက်ထဲ ရေတစ်စက်မျှမရှိသလို ကိုယ်ကျင့်တရားဆိုတာ တစ်စက်လေးမှ မရှိတော့လို့ လိမ်ညာတာတဲ့။ ဒါက နှစ်အချက်မှတ်ထား"

"ဟုတ်ကဲ့ပါ"

"ကဲ ... အောင်ဘု ရေခွက်ကို ဒီစားပွဲမှာ မှောက်ထားစမ်း၊ ဗုဒ္ဓက ရေခွက်ကို အဲဒီလိုမှောက်ထားပြီး မေးပြန်တယ်။ ရာဟုလာ မြင်လားတဲ့။ ကိုရင်ကလည်း မြင်ပါတယ်တဲ့။ မြင်ရင် ရေခွက်ကို မှောက်ထားသလို အရှက်မရှိသူမှာလည်း ကိုယ်ကျင့်တရားကို သူ့သန္တာန်မှာ တစ်စက်မျှ မရှိအောင် မှောက်ထားပြီးပြီတဲ့။ အဲဒီလို မှောက်ထားလို့လည်း သူလိမ်တာ ညာတာတဲ့၊ ဒါဟာ သုံးအချက်ပဲ"

"ကဲ ... ရေခွက်ကို လှန်ထားလိုက်စမ်း။ မင်းတို့ မြင်တယ်နော် ..."

"ဟုတ်ကဲ့ .. မြင်ပါတယ်" "ရေတစ်စက်တလေများ ရှိသေးလား"

"မရှိတော့ဘူး .... ဘဘ"

"အဲ ... ဗုဒ္ဓက ရေခွက်ကို လှန်ပြီးမေး၊ ကိုရင်ကဖြေ၊ ဖြေတော့မှ ချစ်သားရာဟုလာ ရေခွက်ထဲ ရေမရှိတော့ဘဲ ရေခွက်ချည်း အချည်းအနှီးဖြစ်နေသလို အရှက်မရှိလိမ်ညာသူရဲ့ သန္တာန်မှာလည်း ကိုယ်ကျင့်တရားဆိုတာ တစ်စက်မျှမရှိ အချည်းနှီးသာဖြစ်နေတယ်လို့ ဆုံးမတာကွ။ ကိုယ်ကျင့်တရားမရှိပုံကို ရေခွက်ထဲ ရေထည့်ပြီး လက်တွေ့ပြဆုံးမတာ။ ဒီတော့ မင်းတို့လည်း လိမ်မယ်ညာမယ်ဆိုရင် ဒါ ငါ့သန္တာန်မှာ ကိုယ်ကျင့်တရားမရှိလို့ လိမ်ညာမိတာပဲ။ နောင် ... ဒီလို မလိမ်မညာမိအောင် ကိုယ်ကျင့်တရားရှိအောင် နေထိုင်သွားမယ်လို့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ပြီး သတိနဲ့၊ အသိနဲ့၊ ဉာဏ်နဲ့ ချင့်ချိန်နေသွားကြပေတော့ဗျား"

"ကဲ . . ကဲ ... နောက်အပတ်ကျမှ စစ်ဆင်ကြီး ဥပမာကိုပေးပြီး ဆုံးမတာကို ဆက်ပြောပြမယ်"

■

# နတ်သမီးရေတွင်းကျွန်းခရီးစဉ်

မြင့်ထွေး (ဟိုတယ် / ခရီး)

### ခရီးသွားဆွဲဆောင်မှု

၁၉၉၂ ခုနှစ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန စတင်ဖွင့်လှစ်စဉ် ယှဉ်ပြိုင်ရွေးချယ်ခေါ်ယူမှုစနစ်ဖြင့် ဤဝန်ကြီးဌာနသို့ ရောက်ရှိခဲ့သည်။ ထိုစဉ်က အခြားဝန်ကြီးဌာနများမှ ခေါ်ယူသော်လည်း သွားရောက်ယှဉ်ပြိုင်ဖြေဆိုမှု မပြုလုပ်ခဲ့တော့။ အမှန်အတိုင်းဝန်ခံရလျှင် အဆိုပါအချိန်က နိုင်ငံရပ်ခြားသို့ သွားရောက်ဖို့ရာလွယ်ကူသည့် အခြေအနေမဟုတ်၍ နိုင်ငံရပ်ခြားနှင့် ဆက်စပ်ဆောင်ရွက်ရသောဌာနကိုသာ ရွေးချယ်ဖြေဆိုခဲ့ခြင်းဖြစ်ပါသည်။

ခရီးသွားဝန်ကြီးဌာနဖြစ်၍လည်း ပြည်တွင်းခရီးစဉ်များ၊ ပြည်ပခရီးစဉ်များသို့ အကြိမ်များများ သွားခွင့်ရရှိခဲ့ပါသည်။ ဌာနတွင် တာဝန်ထမ်းဆောင်မှုရှည်ကြာခြင်းနှင့်အတူ လုပ်ငန်းအတွေ့အကြုံများအရ နိုင်ငံတွင် ခရီးသွားလုပ်ငန်း၏အရေးပါမှုကို သိရှိနားလည်လာခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ခရီးသွားလုပ်ငန်းများ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ကာ လူတန်းစားအလွှာအသီးသီးသို့ အသီးအပွင့်များ ဖြန့်ခွဲစီးဝင်မှုဖြင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေသည်ကို ပိုမိုသိရှိနားလည်လာခဲ့သည်။

ဌာနမှပေးအပ်သော ရာထူးအဆင့်အသီးသီးတွင် တာဝန်ထမ်းဆောင်ရင်း နိုင်ငံအတွင်း အရှေ့၊ အနောက်၊ တောင်၊ မြောက် နေရာအနှံ့ရောက်ရှိကာ ဒေသအသီးသီးရှိ ခရီးသွားအရင်းအမြစ်များ၊ တိုင်းရင်းသားများနှင့် ၎င်းတို့၏ရိုးရာဓလေ့များကိုလည်း ထိတွေ့ခွင့်ရရှိခဲ့ပါသည်။

တိုင်းဒေသကြီးပြည်နယ်အသီးသီးတို့သည် သမိုင်းအမွေအနှစ်များ၊ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ ကွဲပြားသောဝတ်စားဆင်ယင်မှုများနှင့် ထူးခြားသောအစားအသောက်များ၊ ခြားနားသောနေထိုင်မှုပုံစံများ၊ သာယာလှပသောရှုခင်းများ၊ ဆန်းပြားသောသဘာဝများ၊ မြင့်မားသောတောင်တန်းများ၊ သစ်ပင်များ၊ ရှားပါးသောသတ္တဝါများ၊ ပန်းများကို ပိုင်ဆိုင်ထားကြသဖြင့် အကြိမ်ကြိမ်အခါခါလည်ပတ်ချင်စိတ်၊ သွားရောက်လိုစိတ်ဖြစ်ပေါ်ခြင်းကြောင့် ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်လည်ပတ်မှု၏အဖြေတစ်ခုကိုရရှိခဲ့သည်။

### ပင်လယ်ကမ်းခြေ

မိမိအနေဖြင့် မွေးဖွားရာဒေသနှင့် ကြီးပြင်းရာအခြေအနေကြောင့် ပင်လယ်နှင့်စိမ်းခဲ့သည်။ ပင်လယ်နှင့်ပတ်သက်၍ လက်ခုပ်ကုန်းကမ်းခြေသို့ ၁၉၉၄ ခုနှစ်က ပထမဆုံးအကြိမ်ရောက်ခဲ့စဉ် ကော်ဖီအရောင်ရေပြင်နှင့်သဲ၊ နွံရောစပ်သောကမ်းခြေတွင် ရေစိမ်ရင်း ပင်လယ်ဆိုတာဒါပဲဟု ဝမ်းသာအားရပျော်ခဲ့ဖူးသည်။ များမကြာမီ ၁၉၉၅ ခုနှစ် စစ်တွေကမ်းခြေသို့ ရောက်ရှိချိန်တွင် လက်ခုပ်ကုန်းကမ်းခြေသည် အဆင့်တစ်ခုတွင် ကျန်ခဲ့သည်။ တစ်ဖန် ချောင်းသာ၊ ငွေဆောင်ရောက်ရှိသည့်အခါ ကမ်းခြေတစ်ခုတွင် ပြည့်စုံရမည့် ဂုဏ်ဒြပ်များဖြစ်သည့် သဲဖြူခြင်း၊ ကမ်းခြေကျယ်ဝန်းရှည်လျားခြင်း၊ ကမ်းခြေဆင်ခြေလျှောပြေပြစ်ခြင်း၊ ရေကြည်လင်ခြင်း၊ ကမ်းခြေသန့်ရှင်းသာယာလှပခြင်း၊ နေထွက်၊ နေဝင်ကို ကြည့်ရှုနိုင်ခြင်းတို့ကို သိရှိကြုံတွေ့ရပြီး လက်ခုပ်ကုန်းကမ်းခြေနှင့် စစ်တွေကမ်းခြေတို့တွင် ခံစားခဲ့ဖူးသော ထိတွေ့မှုအရသာနှင့် အံ့ဩဘနန်းဖြစ်မှုကို သိမ်ငယ်သွားစေသည်။

၂၀၁၀ ပြည့်နှစ်တွင် ငပလီကမ်းခြေသို့ ရောက်ရှိခဲ့ရာ မည်သည့်အတွက်ကြောင့် ကမ္ဘာ့အကောင်းဆုံးကမ်းခြေ ၁၀ ခုစာရင်း၌ ငပလီကမ်းခြေပါဝင်သည်ကို လက်တွေ့ကျကျတွေ့ရှိခဲ့ရခြင်းဖြင့် လက်ခုပ်ကုန်းကမ်းခြေ၊ စစ်တွေကမ်းခြေ၊ ချောင်းသာ၊ ငွေဆောင်ကမ်းခြေတို့အပေါ် ငဲ့ညှာမှုကိုဖြစ်လာစေသည်။



အပန်းဖြေစခန်းများ တည်ဆောက်ထားသည့် နတ်သမီးရေတွင်းကျွန်းကို တွေ့ရစဉ်

**နတ်သမီးရေတွင်းကျွန်းကို နတ်သမီးတစ်ပါးကဲ့သို့ ချောမောလှပသည်ဟု ကျွန်တော့်အနေဖြင့် တင်စားလိုပါသည်။ ဤနတ်သမီးလေးသည် ဧက ၅၀၀ ကျော် ကျယ်ဝန်းကာ နူးညံ့သည့်သဲသောင်အောင်ခြောက်ခုရှိပြီး ခရီးသွားလုပ်ငန်းအတွက် အကျိုးပြုနိုင်သည့် အရင်းအမြစ်များစွာ ပိုင်ဆိုင်နေသဖြင့် ခရီးသွားလုပ်ငန်းနှင့် ပုလဲမွေးမြူရေးလုပ်ငန်းတို့ မျှတစွာဖြင့် နားလည်မှုရှိရှိ ဆွေးနွေးညှိနှိုင်းခွဲဝေခံစားစေချင်**

### ခရီးစဉ်ဒေသသစ်

၂၀၁၄ ခုနှစ်တွင် မြိတ်မြို့သို့ တာဝန်ဖြင့်သွားရောက်စဉ် မြိတ်မြို့မှနေ၍ ကျွန်းလှည့်ပတ်ခရီးစဉ်အသစ်များပေါ်ထွက်ရေးအတွက် ရုံးခွဲတာဝန်ခံ၏ တင်ပြချက်အရ ဖြစ်နိုင်ခြေရှိသည်များကို လေ့လာရန် ပင်လယ်အတွင်း ခရီးစဉ်ရှာဖွေရေးသွားခဲ့ရသည်။ မြိတ်ခရိုင်သည် ထားဝယ်ခရိုင်၊ ကော့သောင်းခရိုင်ကဲ့သို့ အပြည်ပြည်ဆိုင်ရာဝင်ပေါက်/ ထွက်ပေါက်မရှိသေးသဖြင့် ထားဝယ်၊ ကော့သောင်းတို့နှင့် နှိုင်းယှဉ်လျှင် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုလျော့နည်းသည်။ မြိတ်ခရိုင်ရှိ မောတောင်မှာ ယာယီနယ်စပ်ဝင်ပေါက်ဖြစ်၍ Entary Permit၊ Temporary Border Pass၊ Border Pass များဖြင့် ဝင်ရောက်လည်ပတ်သော ထိုင်းနိုင်ငံသားများကိုသာ အဓိကအားထားမျှော်ကိုးကာ ကျွန်းလှည့်ပတ်ခရီးစဉ်များဖြင့်ဝန်ဆောင်မှုပေးနေရသည်။ သို့အတွက် ကျွန်းလှည့်ပတ်ခရီးစဉ်အသစ်များ ထပ်မံဖော်ထုတ်နိုင်ရန် ကြိုးစားနေကြခြင်းဖြစ်သည်။

ကနဦးအစီအစဉ်အရ မြိတ်မြို့ ဆိပ်ငယ်သင်္ဘောဆိပ်မှ ရေမိုင် ၄၀ ခန့်အကွာအဝေးရှိ ဒုံးကျွန်းရေတံခွန်၊ ထိုမှ ဒုံးညောင်မှိုင်းဆလုံကျေးရွာသို့ သွားရောက်ပြီး ဆလုံကျေးရွာမှတစ်ဆင့် နတ်သမီးရေတွင်းကျွန်းသို့လှေ့လာကာ မြိတ်မြို့သို့ ပြန်လည်ဝင်ရောက်မည့် နေ့ချင်းပြန်ခရီးစဉ်ဖြစ်သည်။ မြိတ်မြို့ ဆိပ်ငယ်ဆိပ်ကမ်းမှ Speed Boat ဖြင့်ဒုံးရေတံခွန်သို့ ၁ နာရီ ၄၅ မိနစ်အကြာ မောင်းနှင်ခဲ့ရာ ပင်လယ်ရေကျချိန်နှင့်တိုးသဖြင့် ရေတံခွန်နှင့်မလှမ်းမကမ်းတွင် စက်လှေကိုရပ်တန့်ပြီး Lifeboat ဖြင့် ရေတံခွန်သို့ သွားရောက်ရန် ကြိုးစားခဲ့သော်လည်း Lifeboat ဝမ်းဗိုက်နှင့် ပင်လယ်ကြမ်းပြင်ငြိကာ မောင်းနှင်၍မရသဖြင့် ဒုံးညောင်မှိုင်းကျေးရွာသို့ ထွက်ခွာခဲ့ရာ ဒုံးရေတံခွန်နှင့် ငါးမိုင်ခန့်အကွာတွင် စက်လှေသောင်တင်ခဲ့သည်။ သို့နှင့် ကျွန်တော်တို့အဖွဲ့ ပင်လယ်ပြင်အတွင်း ပင်လယ်ရေပျောက်ကာ စက်လှေသောင်တင်ခြင်းကို သုံးနာရီခန့်အချိန်ကြာမြင့်အောင် ရွှံ့နွံများပေါ်မှ ကဏန်းများ၊ ရေဖျံငါးလေးများကိုကြည့်ခြင်း၊ အနီးရှိကျွန်းပေါ်သို့ တက်ရောက်လေ့လာခြင်းဖြင့် အချိန်ကုန်စေခဲ့ပြီး နေ့လယ်စာကိုလည်း အဆာပြေစားရန်ပါလာသော ပေါင်မုန့်ဖြင့် စက်လှေပေါ်တွင် ဖြည့်တင်းခဲ့ရသည်။

### နတ်သမီးရေတွင်းကျွန်းတွင်တစ်ညတာ

စက်လှေသောင်တင်၍ လေလွင့်သွားသောအချိန်ကြောင့် ဒုံးညောင်မှိုင်းဆလုံကျေးရွာမှ နတ်သမီးရေတွင်းကျွန်းသို့ ရောက်ရှိသည့်အချိန်မှာ ည ၆ နာရီခန့်ရှိပြီဖြစ်သည်။ ကမ်းခြေတွင် လှိုင်းပုတ်ခြင်း၊ သန္တာကျောက်တန်းများရှိနေခြင်းကြောင့် ကမ်းခြေနှင့်မီတာ ၂၀၀ ခန့်အကွာတွင် Speed Boat ကို ကျောက်ချရပ်နားပြီး သုံးယောက်တစ်ဖွဲ့စီ ကမ်းခြေသို့ကူးရသည်။ ညဘက်ဖြစ်၍ ကမ်းခြေသို့မြင်ရန်အတွက် Lifeboat ပေါ်မှ လက်နှိပ်ဓာတ်မီးဖြင့် မီးထိုးပြရာ ပင်လယ်ထဲမှ ငါးများမှာ မီးထိုးရာလမ်းကြောင်းအတိုင်း လွန်းထိုးခုန်ပျံလာ၍ လက်နှိပ်ဓာတ်မီးကို အမြန်ပိတ်ကာ လရောင်ဖြင့် ကမ်းကပ်လိုက်ရသည်။ ခုန်ပျံလာသောငါးများမှာ လူ၏မျက်နှာ၊ ရင်ညွန့်တို့နှင့် ထိခိုက်မှုရှိပါက အန္တရာယ်ရှိနိုင်ပါသည်။

ကျွန်တော်တို့ခရီးစဉ်မှာ နေ့ချင်းပြန်ခရီးစဉ်ဖြစ်သော်လည်း စက်လှေသောင်တင်သွားသဖြင့် နတ်သမီးရေတွင်းကျွန်းတွင် ညအိပ်ရန်အစီအစဉ်ပြောင်းလဲသွားသည်။ ကျွန်းသို့လိုက်ပို့သူ (အဆိုပါအချိန်က နတ်သမီးရေတွင်းကျွန်းကို လုပ်ကိုင်ခွင့်လျှောက်ထားပြီး ခရီးသည်များပို့ဆောင်ပေးနေသော မိတ်ဆွေ) က ပင်လယ်တွင် ကြီးပြင်းခဲ့သူဖြစ်၍ ပင်လယ်၏ သဘောသဘာဝကို နားလည်သောကြောင့် ရွက်ဖျင်များ၊ စားစရာများ ကြိုတင်စီစဉ်လာသဖြင့် တော်သေးသည်။ ကမ်းခြေတောစပ်တွင် ခရီးသွားဧည့်သည်များ အနားယူရန်အတွက် ကွပ်ပျစ်များကို ပြုလုပ်ထားရာ အဆိုပါကွပ်ပျစ်များပေါ်တွင် ပါလာသောရွက်ဖျင်များကိုထိုး၍ နေရာချထားပြီး ညစာကို သောင်ပြင်ရှိခုံတန်းရှည်တွင် ပါလာသောအစားအစာများဖြင့် ဝိုင်းဖွဲ့စားသောက်ကြပါသည်။ ကျွန်တော်တို့ရောက်ရှိစဉ်ကာလမှာ လပြည့်လုနီးပါးဖြစ်၍ ညစာစားပြီး ကမ်းခြေသဲသောင်ပြင်တွင် လရောင်အောက်၌ လမ်းလျှောက်ကြစဉ် သဲနှင့်ခြေဖဝါးတို့ ထိတွေ့မှုမှာ ကြုံတွေ့ခဲ့ဖူးသော အကောင်းဆုံးကမ်းခြေ၏ သဲအမျိုးအစားထက်ပိုမိုနူးညံ့ကာ ပေါင်ဒါမှုန့်အပေါ်တွင် လမ်းလျှောက်နေရသကဲ့သို့ ခံစားရပါသည်။ အဆိုပါနူးညံ့မှုကြောင့်ပင် ခြေလှမ်းတစ်လှမ်း လှမ်းလိုက်သည်နှင့် ခြေဖဝါးနှင့် သဲတို့၏ ပွတ်တိုက်သံက စည်းချက်ကျထွက်ပေါ်နေသည်ကိုလည်း အံ့ဩစရာတစ်ခုအဖြစ်ကြုံတွေ့ခဲ့ရသည်။

မိတ်ဆွေက ကမ်းခြေရေစပ်သို့ ကျွန်တော့်ကို ခေါ်သွားပြီး တဖိတ်ဖိတ်တလက်လက်ဖြင့် ရေလှိုင်းနှင့်အတူ ရွေ့လျားနေသောအရာလေးများကို ပြသပါသည်။ သက်ရှိသတ္တဝါများ ရွေ့လျားနေသယောင် ထင်ရသော်လည်း အမှန်တကယ်တွင်မူ သဲမှုန်များရေလှိုင်းနှင့်အတူ မျောပါနေခြင်းဖြစ်ကြောင်း၊ သဲများတွင် ဖော့စပရပ်များပါဝင်ခြင်းကြောင့်ဖြစ်ကြောင်းနှင့် သဘာဝလရောင်ဖြင့်သာ မြင်တွေ့နိုင်ကြောင်း ရှင်းပြသည်။ ထိုညက ပင်လယ်လှိုင်းရိုက်ပုတ်သံများ နားထောင်ရင်း၊ ကမ်းခြေတွင် မီးလှုံရင်း စားသောက်ခဲ့ရသော ပင်လယ်စာများအစွမ်းကြောင့် ကောင်းမွန်စွာ အိပ်စက်ခဲ့ရပါသည်။

### အမည်နှင့်လိုက်သောကျွန်း

နောက်တစ်နေ့နံနက်စောစောအိပ်ရာထပြီး နတ်သမီးရေတွင်းမှထွက်သည့်ရေချိုဖြင့် မျက်နှာသစ် နံနက်စာစားကာ ကမ်းခြေရှေ့ရှိ ရေအောက်သန္တာကျောက်တန်းများကို ရေအောက်ကြည့်ပစ္စည်းကိရိယာများအကူအညီဖြင့် Snorkeling ပြုလုပ်ကြပါသည်။ နတ်သမီးရေတွင်းကျွန်းသည် လူသူ အရောက်အပေါက်နည်းခြင်း၊ သန္တာကျောက်တန်း (Coral Reefs) များစွာတည်ရှိခြင်း၊ ရေမှာ ကြည်လင်စိမ်းမြပြီး ကမ်းခြေဆင်ခြေလျှောပြေပြစ်ခြင်း၊ သဲမှာ ဖြူဖွေးသောသဲဖြူနုအမျိုးအစားဖြစ်ခြင်း၊ ရေတိမ်ပိုင်းတွင် ရေကူးနိုင်ခြင်း၊ သန္တာကျောက်တန်းများကြည့်ရှုနိုင်ခြင်း၊ ကနူးကယက်လှေများ လှော်ခတ်နိုင်ခြင်း၊ ရှားပါးသောငှက်မျိုးစိတ်များရှိခြင်း၊ တောတွင်းခရီးသွားလာနိုင်ခြင်း၊ ရေချိုထွက်ခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်ရန်အတွက် အကောင်းမွန်ဆုံးသောအခြေအနေရှိသဖြင့် မိတ်ဆွေဖြစ်သူ၏ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်မည်ဟုယုံကြည်ခဲ့ပါသည်။ **စာမျက်နှာ ၂၃ သို့** ✻

✻ စာမျက်နှာ ၂၂ မှ

နတ်သမီးရေတွင်းကျွန်းသည် မြိတ်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၅ မိုင်ခန့်အကွာ အဝေးတွင်ရှိပြီး အရှေ့လောင်ဂျီကျု ၉၈ ဒီဂရီ ဝ၁ မိနစ်နှင့် မြောက်လတ္တီကျု ၁၂ ဒီဂရီ ဝ၅ မိနစ် အကြားတွင် တည်ရှိပါသည်။ ဒုံးညောင်မှိုင်းဆလုံ ကျေးရွာနှင့် ရေမိုင် ၁၀ မိုင်ခန့်ကွာဝေးပြီး Speed Boat ဖြင့် သွားရောက်ပါက ၂၅ မိနစ်ခန့်ကြာမြင့်ပါသည်။ မြိတ်မြို့မှ သွားရောက်မည်ဆိုပါက တစ်နာရီနှင့်လေးဆယ့်ငါးမိနစ်ခန့် ကြာမြင့်ပါသည်။ ကျွန်း၏မြောက်ဘက်တွင် ဒုံးကျွန်း၊ အနောက်တောင်ဘက်တွင် မီးသွေးကျွန်း၊ တောင်ဘက်တွင် ကြက်ပေါင်ကျွန်းနှင့် မီးစိမ်းကျွန်းတို့ ဝန်းရံလျက်ရှိပါသည်။ ကျွန်းတစ်ကျွန်းလုံး ၅၀၀ ဒသမ ၁၆ ဧက ကျယ်ဝန်းပြီး ကျွန်း၏အရှေ့ဘက်ခြမ်းတွင် ပေ ၈၅၀၊ မြောက် ဘက်ခြမ်းတွင် ပေ ၆၈၀ ကျော်နှင့် ပေ၇၅၀ခန့်ရှည်လျားသော သဲသောင်အော်နှစ်ခုရှိပါသည်။ တောင်ဘက်ခြမ်းတွင် ပေ ၁၂၀၀ ကျော်၊ ပေ ၄၅၀ နီးပါးနှင့် ပေ၂၁၅၀ နီးပါးရှည်လျားသည့် သဲသောင်အော်သုံးခု စုစုပေါင်းအော် ခြောက်ခုရှိပါသည်။ နေ့ချင်းပြန် ခရီးစဉ်များစတင်သည့် ၂၀၁၅ ခုနှစ် ပွင့်လင်းရာသီမှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန် အထိ နတ်သမီးရေတွင်းကျွန်းသို့ ခရီးစဉ်ခေါက်ရေ ၉၅ ကြိမ်၊ ပြည်တွင်းခရီးသည် ၅၁၆ ဦး၊ ပြည်ပခရီးသည် ၄၆၇ ဦး စုစုပေါင်း ၉၈၃ ဦး လည်ပတ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ခရီးစဉ်ခေါက်ရေ ၇၆ ကြိမ်၊ ပြည်တွင်းခရီးသည် ၇၁၇ ဦး၊ ပြည်ပခရီးသည် ၉၃ ဦး စုစုပေါင်း ၈၁၀ လည်ပတ်ခဲ့သည်ကို သိရှိရပါသည်။

**လွမ်းနေဦးမည်**

ကျွန်တော်တို့အဖွဲ့ နတ်သမီးရေတွင်းကျွန်း၏ သဘာဝအလှအပများဖြစ်သည့် အရောင်အသွေးစုံစွာရှိနေသော သန္တာကျောက်တန်းများ၊ ကျောက်ပွင့်၊ ကျောက်ခက်များနှင့် သန္တာကျောက်တန်းများအကြားနေထိုင်ကြသော ရောင်စုံငါးကလေးများကို ကြည့်ရှုခြင်းနှင့် ရေကူးခြင်းကို အားပါးတရပြုလုပ်ပြီးနောက် ကျွန်းမှပြန်လည်ထွက်ခွာလာရာ မြိတ်မြို့သို့ နေ့လယ်ပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ပါသည်။ ကျယ်ဝန်းလှသောပင်လယ်ကြီးအတွင်း လှိုင်းများအကြား စိမ်းပြာသောရေပြင်ကိုခွဲ၍



နတ်သမီးရေတွင်းကျွန်းကို ဝေဟင်မှ တွေ့ရစဉ်။

တစ်ရှိန်ထိုးပြေးနေသော စက်လှေ၏အနောက်ဘက်၌ ဖြူဖွေးစွာပြန့်ကားကျန်ရှိခဲ့သည့် ရေလှိုင်းများ၏အဆုံးသတ်တွင် နတ်သမီးရေတွင်းကျွန်းက တဖြည်းဖြည်းဝေး၍ကျန်ခဲ့သည်။ ခရီးသွားလုပ်ငန်းအတွက်တန်ဖိုးရှိလှသည့် ကျွန်းကလေးပေါ်တွင် မမျှော်လင့်စွာ တစ်ညတာအိပ်စက်ခဲ့ရသော လှိုင်းပုတ်သံညနှင့် ပထမဦးဆုံးအကြိမ် Snorkeling ပြုလုပ်ခဲ့ရသည့်အတွေ့အကြုံများက မေ့၍ရနိုင်တော့မည်မဟုတ်။

လေးနှစ်ခန့်အကြာ ၂၀၁၈ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော့သောင်း၊ မြိတ်၊ ထားဝယ်ခရီးစဉ်များ သွားရောက်ခဲ့စဉ် ဒုံးကျွန်း၊ ဒုံးရေတံခွန်၊ ဒုံးညောင်မှိုင်းကျေးရွာ၊ နတ်သမီးရေတွင်းကျွန်းတို့ကို ထပ်မံရောက်ရှိခဲ့သည်။ နတ်သမီးရေတွင်းကျွန်းသို့ ရောက်ရှိစဉ် ကျွန်းအဝင်ရေပြင်၌ ဖောများအတန်းလိုက်ကာဆီးချထားသည်ကို တွေ့ရှိသဖြင့် မေးမြန်းရာ ပုလဲမွေးမြူရေးလုပ်ငန်းကို ကုမ္ပဏီတစ်ခုမှလုပ်ကိုင်နေကြောင်း၊ ယခင်ခရီးသွားအပန်းဖြေစခန်း ဆောင်ရွက်နေသည့်ကုမ္ပဏီနှင့် ပုလဲမွေးမြူရေးကုမ္ပဏီတို့ ပိုင်ဆိုင်မှုအငြင်းပွားနေကြောင်း၊ ပုလဲမွေးမြူရေးကုမ္ပဏီမှ ကျွန်းသို့ခရီးသည်များပို့ဆောင်ရာတွင် ဝင်ရောက်မည့်ရေလမ်းကြောင်း၌ မုတ်ကောင်မွေးမြူရေးခြံများကို ချထားပြီး ရေပြင်ပေါ်တွင် ဖောသီးများတန်းစီချထားခြင်းကြောင့် ခရီးသွားစက်လှေများ ဝင်မရတော့ကြောင်း၊ သို့အတွက် ကျွန်းသို့ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရေးအတွက် အခက်အခဲအဟန့်အတားရှိနေကြောင်း သိရှိရပါသည်။

**ထိန်းသိမ်းသင့်**

မြိတ်မြို့သို့လာရောက်သော ပြည်တွင်း၊ ပြည်ပခရီးသည်များအနေဖြင့် မြိတ်-ဒုံးရေတံခွန်-ဒုံးညောင်မှိုင်း- နတ်သမီးရေတွင်းကျွန်းခရီးစဉ်၊ မြိတ်-လေးကျွန်း-လိပ်စုသောင်-မြိတ်ခရီးစဉ်၊ မြိတ်-သမီးလှကျွန်း-လေးကျွန်း-မြိတ်ခရီးစဉ်၊ မြိတ်-ဒုံးရေတံခွန်-ဒုံးညောင်မှိုင်း-စမတ်ကျွန်း-မြိတ်ခရီးစဉ်၊ မြိတ်-ရေပြည့်အော်- ပန်းဝင်တံငါရွာ- ဒုံးရေတံခွန်-ဒုံးညောင်မှိုင်း-မြိတ်ခရီးစဉ် စသည့်ခရီးစဉ်ငါးမျိုးဖြင့် နေ့ချင်းပြန် ကျွန်းလည်ပတ်ခရီးစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ခရီးစဉ်အသစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ တိမ်မြုပ်နေသောခရီးစဉ်များ ထင်ပေါ်အောင် မြှင့်တင်ခြင်း၊ ထင်ရှားသောခရီးစဉ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းတို့ဖြင့် ခရီးစဉ်များဖွံ့ဖြိုးအောင် ဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းနယ်ပယ်မှပုဂ္ဂိုလ်များ ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြိတ်မြို့မှလည်ပတ်နိုင်သည့် နေ့ချင်းပြန် ကျွန်းပတ်ခရီးစဉ်များ ရှားပါးလှသည့် အခြေအနေတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ ပုံမှန်လာရောက်လည်ပတ်နေသော ကျွန်းခရီးစဉ်များကို ခရီးသွားလုပ်ငန်းအတွက် ထိန်းသိမ်းစောင့်ရှောက်ထားသင့်ပါသည်။

**မျှဝေခံစားသင့်**

၂၀၁၄ ခုနှစ်တွင် နတ်သမီးရေတွင်းကျွန်းသို့ ရောက်ရှိခဲ့စဉ်က ပုလဲမွေးမြူရေးလုပ်ငန်း မဆောင်ရွက်မီအချိန်ကပင် အပန်းဖြေစခန်းဆောင်ရွက်ကာ ပြည်တွင်း၊ ပြည်ပဧည့်သည်များ သွားရောက်လည်ပတ်အပန်းဖြေနေသော ကျွန်းမှာ ခရီးသွားလုပ်ငန်းအတွက် အကောင်းမွန်ဆုံးသော ခရီးစဉ်ဒေသတစ်ခုအဖြစ်မှ ယခုအခါ ခရီးသွားလုပ်ငန်းများမပြုလုပ်နိုင်ရန် ကာဆီးထားသည့် အတားအဆီးများကြောင့် ခရီးစဉ်နှင့်အပန်းဖြေစခန်းတစ်ခု ဆုံးရှုံးပျောက်ကွယ်သွားမည့်အခြေအနေသို့ ရောက်နေသည်။

နတ်သမီးရေတွင်းကျွန်းကို နတ်သမီးတစ်ပါးကဲ့သို့ ချောမောလှပသည်ဟု ကျွန်တော့်အနေဖြင့် တင်စားလိုပါသည်။ ဤနတ်သမီးလေးသည် ဧက ၅၀၀ ကျော် ကျယ်ဝန်းကာ နူးညံ့သည့် သဲသောင်အော် ခြောက်ခုရှိပြီး ခရီးသွားလုပ်ငန်းအတွက် အကျိုးပြုနိုင်သည့်အရင်းအမြစ်များစွာ ပိုင်ဆိုင်နေသဖြင့် ခရီးသွားလုပ်ငန်းနှင့် ပုလဲမွေးမြူရေးလုပ်ငန်းတို့ မျှတစွာဖြင့် နားလည်မှုရှိရှိဆွေးနွေးညှိနှိုင်းခဲ့ဝေခံစားစေချင်သည်။ သဘာဝအရင်းအမြစ်များကို တစ်ဦးတည်းတစ်ယောက်တည်းက လက်ဝါးကြီးအုပ်ရယူခြင်းမျိုး မဖြစ်စေချင်ပါ။ သို့မှသာ မြိတ်မြို့သို့လာရောက်သော ခရီးသွားဧည့်သည်များအတွက် ကျွန်းလည်ပတ်ခရီးစဉ် ရှားပါးမှုအခြေအနေမှ ကင်းဝေးကာ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်စေခြင်းဖြင့် ဒေသနေပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

## အနုပညာ

### ဆောင်းဟေကိုရဲ့ ရုပ်သံဇာတ်လမ်းတွဲသစ် စမ်းသပ်ထုတ်လွှင့်



တောင်ကိုရီးယားမင်းသမီး ဆောင်းဟေကိုဟာ မကြာမီမှာ ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲသစ်မှာ ဆောင်းဟေကိုကို ဒီဇိုင်နာအဖွဲ့ရဲ့ခေါင်းဆောင်တစ်ဦးအဖြစ် တွေ့မြင်ရမှာဖြစ်ပြီး လတ်တလောမှာ အဆိုပါရုပ်ရှင်ကို စမ်းသပ်ထုတ်လွှင့်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Now, We Are Breaking Up လို့ ယာယီအမည်ပေးထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်ဟာ အချစ်ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ဆောင်းဟေကို ပါဝင်သရုပ်ဆောင်ထားတာပါ။ လတ်တလောမှာ အဆိုပါရုပ်ရှင်မှ ဇာတ်ဝင်ခန်းတစ်ခန်းကို ထုတ်လွှင့်ပြသခဲ့ပါတယ်။

ယင်းရုပ်ရှင်မှာ ဆောင်းဟေကိုဟာ မင်းသား ဂျန်ကီယောင်းနဲ့ တွဲဖက်သရုပ်ဆောင်ထားတာပါ။ သူဟာ ဒီဇိုင်းအဖွဲ့ခေါင်းဆောင် ဟာယောင်အွန်းအဖြစ် ပါဝင်ထားပြီး ဂျန်ကီယောင်းကတော့ အလွတ်တန်း ဓာတ်ပုံသမားတစ်ဦးအဖြစ် သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်လမ်းတွဲမှာ လမ်းခွဲခြင်းတွေနဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို တွေ့မြင်ရမှာဖြစ်ပြီး ယင်းဇာတ်လမ်းတွဲကို လာမယ့် နိုဝင်ဘာ ၁၂ရက်မှာ စတင်ထုတ်လွှင့်မှာဖြစ်တယ်လို့ သိရပါတယ်။

### ကင်ဆွန်းဟိုရဲ့ ကောလာဟလတွေ ထွက်ပေါ်ခဲ့ပြီးနောက် အင်တာဗျူးအစီအစဉ်ကို ရှင်မင်အာရွှေ့ဆိုင်း

တောင်ကိုရီးယားမင်းသမီး ရှင်မင်အာဟာ မင်းသား ကင်ဆွန်းဟိုနဲ့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာ ခေါင်းဆောင်တွေအဖြစ် ပါဝင်ထားတာ ဖြစ်ပါတယ်။ ကင်ဆွန်းဟိုနဲ့ပတ်သက်တဲ့ ကောလာဟလတွေ လတ်တလောမှာ ပေါ်ထွက်ခဲ့ပြီး ရှင်မင်အာကလည်း သူ့ရဲ့အင်တာဗျူးအစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရှင်မင်အာနဲ့ ကင်ဆွန်းဟိုတို့ဟာ လတ်တလောထုတ်လွှင့်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Hometown Cha Cha Cha မှာ အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်ထားတာပါ။ အဆိုပါ ဇာတ်လမ်းတွဲဟာ ကြည့်ရှုသူများပြားခဲ့ပြီး အောင်မြင်တဲ့ ဇာတ်လမ်းတွဲတစ်ခု ဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲ အပြီးသတ်ထုတ်လွှင့်မှုနဲ့အတူ ရှင်မင်အာက သူ့ရဲ့ အင်တာဗျူးတစ်ခုကို စီစဉ်ထားခဲ့ပေမယ့် လတ်တလောမှာတော့ ရွှေ့ဆိုင်းကြောင်း ကြေညာခဲ့ပါတယ်။

ရှင်မင်အာဟာ အောက်တိုဘာ ၁၉ ရက်မှာ ပြုလုပ်မယ့် အင်တာဗျူးကို ရွှေ့ဆိုင်းကြောင်း သူ့ရဲ့အေဂျင်စီက အောက်တိုဘာ ၁၈ ရက်က ထုတ်ပြန်ခဲ့ပါတယ်။ ဒီလိုရွှေ့ဆိုင်းရတာဟာ ကုမ္ပဏီမှာ ပြဿနာရှိနေတာကြောင့်ဖြစ်ကြောင်းနဲ့ အင်တာဗျူးပြန်လည်ပြုလုပ်မယ့်နေ့ကို ပရိသတ်တွေကို အသိပေးမှာဖြစ်ကြောင်းလည်း တစ်ပါတည်း ပြောကြားခဲ့ပါတယ်။

အေဂျင်စီဘက်က ကင်ဆွန်းဟိုရဲ့ ကောလာဟလတွေကြောင့် ရှင်မင်အာရဲ့ အင်တာဗျူးအစီအစဉ် ဖျက်သိမ်းကြောင်း ပြောကြားခဲ့ခြင်းမရှိပေမယ့် မီဒီယာတွေကတော့ ရှင်မင်အာအနေနဲ့ သူ့နဲ့တွဲဖက်သရုပ်ဆောင်တဲ့ မင်းသား ကင်ဆွန်းဟိုအကြောင်း အင်တာဗျူးမှာ ထည့်သွင်းမပြောကြားဖို့အတွက် အခက်အခဲရှိနေနိုင်ကြောင်း ရေးသားဖော်ပြခဲ့ကြပါတယ်။

ကင်ဆွန်းဟိုဟာ အမျိုးသမီးတစ်ဦးနဲ့ပတ်သက်ခဲ့ပြီး အဆိုပါအမျိုးသမီးကို ကိုယ်ဝန်ဖျက်ချစေခဲ့ကြောင်း ကောလာဟလ တွေ လတ်တလောမှာ ပေါ်ထွက်နေတာလည်း ဖြစ်ပါတယ်။



အေးပြည့်-စုစည်းသည်

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၂ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ၊ Myawady Webportal www. myawady.net.mm/Sgt(male) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၉-၁၀-၂၀၂၂ ရက်နေ့မှ ၂၃-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည် အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) [အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်၊ **M.H.R.A** (၁၀၀၀၀)ကျပ်၊ စုစုပေါင်း (၂၁၈၀၀၀)ကျပ် ရရှိမည်။]

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ဟရိစဝံဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း









[illegible]

[illegible]

| [illegible] | | | | | | | |
|---|---|---|---|---|---|---|---|
| [illegible] | | | | | | | |

[illegible] Account Transfer [illegible]

[illegible]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အောင်ပန်းဒေသမှ ထွက်ရှိသည့်အာလူးများ ဈေးကောင်းရရှိနေ



**မန္တလေး အောက်တိုဘာ ၁၉**

ယခုရက်အတွင်း မန္တလေးမြို့ သီရိမာလာကုန်စိမ်းလက်ကားဈေးအတွင်းသို့ ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းဒေသမှထွက်ရှိသော အာလူးများ ဝင်ရောက်လာကာ ယခင်ရက်များထက် ဈေးပိုမိုရရှိနေကြောင်း အဆိုပါဈေးအတွင်းရှိ အာလူးပွဲရုံများထံမှ သိရသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✪

# ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးရသေးသည့် တင်းနစ်ကစားသမားများ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဗီဇာရမည်မဟုတ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးတဲ့ တင်းနစ်ကစားသမားတွေဟာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှာ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ကျင်းပမယ့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုမယ့် ဗီဇာရရှိမှာ မဟုတ်ဘူးလို့ သိရပါတယ်။

ဩစတြေးလျနိုင်ငံဗစ်တိုးရီးယားပြည်နယ်ဝန်ကြီးချုပ် ဒန်နီယယ် အန်ဒရူးဟာ ပြည်တွင်းအားကစားပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်မယ့် အားကစားသမားတွေကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမဖြစ်မနေ ထိုးနှံရန် ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၉ ရက်မှာတော့ ပြည်ပနိုင်ငံတွေကနေ လာရောက်ယှဉ်ပြိုင်ကစားမယ့် တင်းနစ်ကစားသမားတွေကို ဖိအားပေးလာခဲ့တာဖြစ်ပါတယ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးတဲ့ ဘယ်တင်းနစ်ကစားသမားမဆို ဩစတြေးလျနိုင်ငံအတွင်းကို ဝင်လာခွင့်ရဖို့ **စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ❍



လက်ရှိ ဩစတြေးလျအိုးပင်းတင်းနစ်ချန်ပီယံ ဂျိုကိုဗစ်

## ရွှေ့ဆိုင်းထားသည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ၂၀၂၂ ခုနှစ် မေလတွင် ပြန်လည်ကျင်းပမည်

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် (၃၁) ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၂ ခုနှစ် မေလတွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၈ ရက်ကပြုလုပ်သည့် ဆီးဂိမ်းအဖွဲ့ချုပ် အစည်းအဝေးတွင် အတည်ပြုခဲ့သည်။ ဆီးဂိမ်းအဖွဲ့ချုပ် အစည်းအဝေးကို အရှေ့တောင်အာရှနိုင်ငံ ၁၁ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် အဖွဲ့ချုပ် တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ရွှေ့ဆိုင်းထားသည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၂ ခုနှစ် မေလလယ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အိုလံပစ်ကော်မတီ တာဝန်ရှိသူများအနေဖြင့် ပြိုင်ပွဲကာလကို ယခုလကုန်ပိုင်းတွင် အတည်ပြုမည်ဖြစ်ပြီး မေလ ဒုတိယပတ်တွင် စတင်ကျင်းပရန် လျာထားကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် **စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ❖

## ကြေးမုံ ယနေ့ ဖတ်စရာ



ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

စာမျက်နှာ » ၁၀

မြောက်ကိုရီးယားက ဂျပန်ရေပိုင်အနက်အတွင်း ပဲ့ထိန်းဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့ဟု တောင်ကိုရီးယားစစ်ဘက် ပြောကြား

စာမျက်နှာ » ၁၂




အခန်းဆက်ဝတ္ထုရှည်

စာမျက်နှာ » ၁၇



နတ်သမီးရေတွင်းကျွန်းခရီးစဉ်

စာမျက်နှာ » ၂၂

## မုတ်သုံလေဆုတ်ခွာ

နေပြည်တော် အောက်တိုဘာ ၁၉

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ မိုး/ဇလ